ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၁)ရက် ၊ အင်္ဂါနေ့ ၊ (27-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၈၀)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သီတင်းကျွတ်အခါသမယတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုရန် သီတင်းကျွတ်မီးထွန်းပွဲတော်များကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၆

မြန်မာတို့၏ ၁၂လရာသီ ယဉ်ကျေးမှုပွဲတော်များအနက် သီတင်းကျွတ်မီးထွန်းပွဲတော်သည် ဘာသာတရားကို အခြေခံသည့် မွန်မြတ်သော အစဉ်အလာပွဲတော်တစ်ခုဖြစ်ပြီး တာဝတိ်သာနတ်ပြည်မှ လူ့ပြည်သက်သနဂိုရ်ပြည်သို့ နတ်ဗြဟ္မာအပေါင်းခြံရံလျက် ဆင်းသက်တော်မူလာသည့် မြတ်စွာဘုရားရှင်အား ကြိုဆိုသည့် အနေဖြင့် ဆီမီးထွန်းပူဇော်သည်ကို အကြောင်းပြု၍ အစဉ်အလာမပျက် ကျင်းပသည့် သီတင်းကျွတ်မီးထွန်းပွဲတော်ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် အဘိဓမ္မာတရားတော်ကို သီတင်းကျွတ်လပြည့်နေ့တွင် ဟောကြားပြီးဆုံးသည့်အတွက် ယနေ့ သီတင်းကျွတ်လပြည့်နေ့သည် အဘိဓမ္မာအခါတော်နေ့ ဖြစ်သည့်အား လျော်စွာ ဗုဒ္ဓဘာသာဝင်တို့အတွက်

စာမျက်နှာ ၁၆ ကော်လံ ၁

စည်ကားများပြား

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် စွယ်တော်မြတ်စေတီတော်(မန္တလေး)၌ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားများပြားလျက်ရှိစဉ်။

ဆိုင်ကလုန်းမုန်တိုင်း “အာနာဘ်”အရှိန်ကြောင့် ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်


နေပြည်တော် အောက်တိုဘာ ၂၆

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm) “အာနာဘ်”(ARNAB)သည် အနောက်ဘက်သို့ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၃၁၀ ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ အရှေ့- အရှေ့တောင်ဘက် ရေမိုင် ၃၁၀ ခန့်နှင့် ကာကီနာဒါမြို့၏ အရှေ့ - အရှေ့တောင်ဘက် ရေမိုင် ၃၅၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း “အာနာဘ်”၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့်

စာမျက်နှာ ၁၇ ကော်လံ ၁

၂၆-၁၀-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၅:၃၀ နာရီအချိန် တိုင်းထွာချက်အရ ဆိုင်ကလုန်းမုန်တိုင်း “အာနာဘ်”(ARNAB)လမ်းကြောင်းပြမြေပုံ



ရတနာပုံ ယနေ့ ဖတ်စရာ

မွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေး တိရစ္ဆာန်အစာပင်များစိုက်ပျိုးပေး

ဆောင်းပါး

စာမျက်နှာ - ၁၀

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ

စာမျက်နှာ - ၁၈

မာရဝိဇယဗုဒ္ဓရုပ်ဟူးတော်မြတ်ကြီးသို့ တော်ဝင်ယာဉ်လိုင်းနှင့် ရာဇာမင်း EV ယာဉ်များဖြင့် အသွား၊အပြန် အခမဲ့ပို့ဆောင်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၆

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) မဂ်လာအခါသမယ၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုရားဖူးပြည်သူ ရဟန်းရှင်လူအပေါင်းတို့ စိတ်အေးချမ်းသာစွာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုနိုင်စေရန်နှင့် ခရီးသွားလာရေးလွယ်ကူချောမွေ့စေရန်အတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ စီစဉ်မှုဖြင့် တော်ဝင်ယာဉ်လိုင်း ရှစ်စီးနှင့် ရာဇာမင်းEVယာဉ်တစ်စီးတို့ဖြင့် အောက်တိုဘာ ၂၆ ရက်မှ ၂၇ ရက်ထိ နှစ်ရက်တိုင်တိုင် အသွား၊အပြန် အခမဲ့ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါ အခမဲ့ပြေးဆွဲပေးမည့်ခရီးစဉ်များကို နံနက်ပိုင်းနှင့် ညနေတစ်ခေါက်စီဖြင့် လမ်းကြောင်း(၁)အဖြစ် ဘောဂသီရိကားဝင်း၊ နှင်းဆီပန်းအိုင်း၊ ရွှေညောင်ပင်ဂိတ်၊ နေပြည်တော်ကောင်စီရုံးရှေ့၊

စာမျက်နှာ ၁၆ ကော်လံ ၁

ရတနာပုံ
၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၇ ရက်
အယ်ဒီတာ့အာဘော်

မြန်မာ့ပေါ်ဆန်းဆန် အရည်အသွေးကောင်းများတည်ငြိမ်ရေး

မြန်မာ့ပေါ်ဆန်း၏ မူရင်းဒေသသည် ဧရာဝတီတိုင်းဒေသကြီးဖြစ်ပြီး ၁၉၄၄ ခုနှစ်က မြောင်းမြစိုက်ပျိုးရေးခြံတွင် မျိုးရွေးချယ်စိုက်ပျိုးမွေးမြူသည့် နည်းစနစ်ဖြင့် ပေါ်ဆန်းမွေးမျိုးကို စတင်မွေးမြူခဲ့ခြင်းဖြစ်သဖြင့် ယနေ့ဆိုလျှင် နှစ်ပေါင်း ၈၀ ကျော်ကြာ သမိုင်းကြောင်းရှိလာပြီဖြစ်သည်။ နောက်ပိုင်းတွင် ဒေသအလိုက်မျိုးကွဲများဖြစ်ထွန်းလာခဲ့ပြီး မြောင်းမြ၊ ဖျာပုံ၊ ပုသိမ်၊ ရေကြည်နှင့် ရွှေဘိုပေါ်ဆန်းတို့သည် ထူးခြားသည့်အရသာနှင့် မွှေးရနံ့တို့ကြောင့် လူသိများခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ အောက်တိုဘာ ၉ ရက်က ကျင်းပခဲ့သည့် နိုင်ငံတကာဆန်စပါးညီလာခံတွင် မြန်မာ့ပေါ်ဆန်းမွေးဆန်သည် ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ဆု (World's Best Rice–2026) ကို ဒုတိယအကြိမ်ဆွတ်ခူးရရှိခဲ့ခြင်းသည် မြန်မာတစ်နိုင်ငံလုံးအတွက် ဂုဏ်ယူဖွယ်ရာ အောင်မြင်မှုဖြစ်သည်။

မြန်မာ့ပေါ်ဆန်းသည် ကမ္ဘာ့အဆင့်အတန်းမီ ဆန်မျိုးကောင်းဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံတကာဈေးကွက်တွင် သတင်းမှိန်ခဲ့ရသည်။ ထို့ကြောင့် မြန်မာ့ပေါ်ဆန်းတစ်ခေတ်ဆန်းရမည်ဟုသတ်မှတ်ပြီး ကမ္ဘာ့ဈေးကွက်ဝင်နိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူအသီးသီးက ကြိုးပမ်းအားထုတ်ခဲ့ရာ ယခုအခါ ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ်သတ်မှတ်ခြင်းခံခဲ့ရသည်။ မြန်မာ့ပေါ်ဆန်းဆန်သည် ကမ္ဘာ့အကောင်းဆုံးဆုကို ၂၀၁၁ ခုနှစ်တွင် ပထမအကြိမ်ရရှိခဲ့ပြီး ယခု ၁၅ နှစ်အကြာတွင် ဒုတိယအကြိမ် ထပ်မံဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုဆုသည် မြန်မာ့ပေါ်ဆန်းဆန်၏ အရည်အသွေး၊ မွှေးရနံ့နှင့်အရသာတို့ကို နိုင်ငံတကာက ထပ်မံအသိအမှတ်ပြုလိုက်ခြင်းပင်ဖြစ်သည်။

မိမိတို့နိုင်ငံသည် ရှေးယခင်ကတည်းက ဆန်စပါးထုတ်လုပ်တင်ပို့မှုတွင် ထင်ရှားခဲ့ပြီး "အာရှတိုက်၏ဆန်အိုးကြီး" ဟုပင် တင်စားခေါ်ဝေါ်ခဲ့ကြသည်။ ၂၀၂၅ ခုနှစ် မိုးစပါးရာသီတွင် တစ်နိုင်ငံလုံးပေါ်ဆန်းစပါး ၈က ၁ ဒသမ ၃ သန်းခန့် စိုက်ပျိုးခဲ့ပြီး တင်းပေါင်း ၇၈ သန်းကျော်ထွက်ရှိခဲ့သည်။ အရည်အသွေးမြင့် ပေါ်ဆန်းဆန်များကို Premium Rice အဖြစ် တင်ပို့နိုင်မည်ဆိုလျှင် နိုင်ငံခြားဝင်ငွေတိုးတက်လာမည်ဖြစ်သကဲ့သို့ တောင်သူလယ်သမားများအတွက်လည်း ထိုက်တန်သည့် ဈေးနှုန်းနှင့်ဝင်ငွေရရှိစေနိုင်မည်ဖြစ်သည်။

ထို့ကြောင့် မြန်မာ့ပေါ်ဆန်း၏အရည်အသွေးကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်ထုတ်လုပ်ရေးနှင့် စိုက်ပျိုးချိန်တွင် အရည်အသွေးထိန်းသိမ်းရေးတို့သည် အလွန်အရေးကြီးသည်။ ဆန်အရည်အသွေးထိန်းနိုင်ရန်အတွက် မြေနှင့်ရာသီဥတုသည် အထူးပင်အရေးကြီးသဖြင့် အလေးထားရန်လိုအပ်ပေသည်။ ရေမြေ၊ ရာသီဥတု၊ အထွက်နှုန်း၊ စားသုံးမှုအရည်အသွေးနှင့် ဈေးကွက်လိုအပ်ချက်များကို အခြေခံပြီး သင့်လျော်သည့်မျိုးများကို စနစ်တကျရွေးချယ်ထုတ်လုပ်ဖြန့်ဖြူးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပေါ်ဆန်းစပါးစိုက်ပျိုးချိန် ရေသွင်းရေထုတ်ခြင်း၊ မြေဆီလွှာပြုပြင်ခြင်းနှင့် ပိုးမွှားရောဂါကာကွယ်ခြင်းများတွင် သိပ္ပံနည်းကျ နည်းပညာများအသုံးချပြီး ထုတ်လုပ်မှုစရိတ်လျှော့ချရေးနှင့် အရည်အသွေးကောင်းတည်ငြိမ်ရေးကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဦးဆောင်ပြီး သုတေသီများ၊ ပညာရှင်များ၊ တောင်သူများနှင့်သက်ဆိုင်ရာအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်း ၅၂၆၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲလွမ်းစိုက်ခင်းကို တွေ့ရစဉ်။

မုံရွာ အောက်တိုဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်း ၅၂၆၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲလွမ်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၈က ၆၀၀၊ ဘုတလင်မြို့နယ်တွင် ၈က၂၅၃၀၊ အရာတော်မြို့နယ်တွင် ၃၈ ၈က၊ ချောင်းဦးမြို့နယ်တွင် ၈က၂၁၀၀ စုစုပေါင်း ၅၂၆၈ ဧကတို့ဖြစ်ကြောင်း၊ အဆိုပါ ပဲလွမ်းစိုက်ပျိုးမှုကို နိုဝင်ဘာလပထမပတ်မှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ ပဲလွမ်းက ၅၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပဲလွမ်းအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန် လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားပါမယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ပဲလွမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့် အပြင် ပို့ကုန်မှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲလွမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

သာစည်မြို့နယ် သဲပုတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

သာစည် အောက်တိုဘာ ၂၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သဲပုတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ထံ ရန်ပုံငွေကျပ် ၁၃ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် သဲပုတ်ကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့က စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၃ ဦးကို ငွေကျပ် ၁၃ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ဟင်္သာတမြို့နယ်တွင် ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေ



ဟင်္သာတ အောက်တိုဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် ကန်စွန်းဥများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဟင်္သာတမြို့နယ် ကုန်စိမ်းပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းမွေးက ပြောပြသည်။

ဟင်္သာတမြို့နယ်တွင် ယခုနှစ် အောက်တိုဘာလဒုတိယပတ်မှစတင်ပြီး ယနေ့ထိ ကန်စွန်းဥများ ဝယ်လိုအားကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ကန်စွန်းဥများ တစ်ရက်လျှင် ပိသာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကန်စွန်းဥနဲ့ ဆက်စပ်တဲ့ မုန့်လုပ်ငန်းတွေ၊ စားသောက်ကုန်ထုတ်လုပ်ရေး လုပ်ငန်းတွေမှာ ကန်စွန်းဥတွေ အသုံးများလာတာနဲ့ဝယ်လိုအားများပြီး အရောင်းအဝယ် ကောင်းလာတာပါ။ အရောင်းအဝယ် ဖြစ်နေတဲ့ ကန်စွန်းဥတွေက အရည်အသွေးကောင်းမွန်ပါတယ်။ ကန်စွန်းဥတွေ ဝယ်လိုအားကောင်းလာတော့ တောင်သူတွေနဲ့ ပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင် အဆင်ပြေနေပါတယ်"ဟု ဟင်္သာတမြို့နယ် ကုန်စိမ်းပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းမွေးက ပြောပြသည်။

ဟင်္သာတမြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် ကန်စွန်းဥ တစ်ပိသာလျှင် ငွေကျပ် ၄၀၀၀ မှ ၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧ၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

နတ်တလင်းမြို့နယ် ကြာကံကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ ထုတ်ချေး

နတ်တလင်း အောက်တိုဘာ ၂၆

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြာကံကျေးရွာ၌ မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် အတွက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့်တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ် ၃၈ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကြာကံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် ၃၄ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၄ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးကို ရန်ပုံငွေကျပ် ၃၈ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သန္တာ

မလှိုင်မြို့နယ် ဆည်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မလှိုင် အောက်တိုဘာ ၂၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဆည်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၅ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဆည်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၆ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆည်ကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၃ ဦးကို ရန်ပုံငွေကျပ် ၃၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

စဉ့်ကိုင်မြို့နယ် အရေးမဆိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

စဉ့်ကိုင် အောက်တိုဘာ ၂၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရေးမဆို ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဆည်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၅ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ပိုနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ အရေးမဆို ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၆ ဒသမ ၈ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊မရှိ ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အရေးမဆိုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၃၇ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၁၅ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကိုငွေကျပ် ၃ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၂ ဦးကို ရန်ပုံငွေကျပ် ၅၆ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

အောင်ရဲကျော်

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၃၁၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကန့်ဘလူ အောက်တိုဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၃၁၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် မတ်ပဲ ၃၈၅၀ ဧကစိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၃၁၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ မတ်ပဲ ဧက ၃၈၀၀၀ ကျော် စိုက်ပျိုးဖို့ အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် မတ်ပဲစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩာ ဧက ၂၅၀၀ စိုက်ပျိုးမည်

မြောင်းမြ အောက်တိုဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩာ (ပိုက်ဆန်လျှော်) ဧက ၂၅၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩာ (ပိုက်ဆန်လျှော်) ဧက ၂၅၀၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါသစ်စိမ်းမြေဩာ စိုက်ပျိုးမှုကို နိုဝင်ဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"သစ်စိမ်းမြေဩာကို စိုက်ပျိုးခြင်းက အကျိုးကျေးဇူးများစွာ ရရှိပါတယ်။ စိုက်ပျိုးမြေတွေမှာ ဓာတုဓာတ်မြေဩာတွေသုံးစွဲမှုလျော့နည်းသွားမယ်။ ဒါ့ပြင် သစ်စိမ်းမြေဩာထည့်စိုက်တဲ့အတွက် ထွက်လာတဲ့သီးနှံတွေမှာလဲ ဓာတုဓာတ်ကြွင်းပါဝင်မှု လျော့ကျသွားမှာဖြစ်ပါတယ်။ သစ်စိမ်းမြေဩာစိုက်ပျိုးရေးလုပ်ငန်းကို သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်သွားပါမယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အဆိုပါ သစ်စိမ်းမြေဩာကို စိုက်ပျိုးပြီး မြေဩာအစားထိုးအဖြစ် ပြန်လည်ထည့်သွင်းအသုံးပြုခြင်းကြောင့် ဓာတ်မြေဩာများ အသုံးပြုမှုလျော့နည်းခြင်း၊ ဓာတုဓာတ်မြေဩာများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုသက်သာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိကြောင်း သိရသည်။

သစ်စိမ်းမြေဩာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း သုံးစွဲမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် သစ်စိမ်းမြေဩာကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



ဘဝတစ်သက်တာအတွက် ဗီတာမင် အပိုင်း(၂၅)

ပါမောက္ခကိုကိုအောင်



In old age, the correct combination of nutrition and exercise can not only improve health but also enhance the quality of life.

Prof. Ko Ko Aung

ဧရာပိုင်းအရှေ့ယိ အာဟာရ ဖြည့်ဆည်းမှု

အသက် ၇၀ ကျော်အရွယ်ဧရာပိုင်းသို့ ရောက်ရှိလာချိန်တွင် အာဟာရဖြည့်ဆည်းမှုပုံစံကို အနည်းငယ်ပြုပြင်ပြောင်းလဲရန် လိုအပ်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဧရာပိုင်းအရွယ်တွင် ခန္ဓာကိုယ်၏ဇီဝကမ္မဖြစ်စဉ်များ ပြောင်းလဲလာခြင်း၊ အစာခြေစနစ်အားနည်းလာခြင်း၊ အာဟာရ စုပ်ယူမှု လျော့နည်းလာခြင်းတို့ကြောင့် အထူးဂရုပြုပြင်ဆင်ရန် လိုအပ်ခြင်းဖြစ်သည်။

ဧရာပိုင်းအရွယ်သို့ ချင်းနင်းဝင်ရောက်လာချိန်တွင် အဓိကအားဖြင့် လိုအပ်သောအာဟာရများနှင့် အရင်းအမြစ်များမှာ ကယ်လ်စီယမ်၊ ဗီတာမင် D၊ ဗီတာမင် B12၊ ပရိုတင်းနှင့် အမျှင်ဓာတ်တို့ဖြစ်ကြသည်။

- ကယ်လ်စီယမ် – အရိုးပွခြင်းကို ကာကွယ်ရန်အတွက်
- အရင်းအမြစ်များ – နို့နှင့်နို့ထွက်ပစ္စည်းများ၊ အရိုးကိုပါစား၍ရသော ငါးသေးသေးကြော်၊ ပဲနို့၊ ဟင်းနုနယ်၊
- ဗီတာမင် D – ကယ်လ်စီယမ် စုပ်ယူမှုအတွက်
- အရင်းအမြစ်များ – နေရောင်ခြည်၊ ဥအမျိုးမျိုး၊ ဆယ်လ်မွန်ငါး၊ ဗီတာမင် D ဖြည့်စွက်ထားသောနို့၊
- ဗီတာမင် B12 – ဦးနှောက်၏ လုပ်ငန်းဆောင်တာနှင့် သွေးနီဥဖြစ်ပေါ်မှုအတွက်
- အရင်းအမြစ်များ – အသား၊ ငါး၊ ဥ၊ နို့ထွက်ပစ္စည်းများ၊
- ပရိုတင်း – ကြွက်သား အားနည်းခြင်းကို ကာကွယ်ရန်အတွက်
- အရင်းအမြစ်များ – ကြက်သား၊ ငါး၊ ပဲအမျိုးမျိုး၊ တိုဟူး၊
- အမျှင်ဓာတ် – အစာခြေစနစ်ကို အားပေးနိုင်ရန်အတွက်၊
- အရင်းအမြစ်များ – လတ်ဆတ်သောသစ်သီးများနှင့် ဟင်းသီးဟင်းရွက်များ၊ ဂျုံကြမ်းပေါင်မုန့်၊

အစားအစာပြင်ဆင်စားသုံးနည်း

- သွားပြဿနာရှိသူများအဖို့ ဝါးရလွယ်ကူစေရန် ပျော့ပျောင်းနူးညံ့အောင်ချက်ပြုတ်ပါ။
- တစ်ကြိမ်တည်းဖြင့် ပြည့်အင့်အောင်မစားဘဲ တစ်နေ့တာအတွင်း သုံးကြိမ်၊ လေးကြိမ် စသည်ဖြင့် နည်းနည်းချင်းစီကို အကြိမ်ရေခွဲ၍ စားသုံးပါ။
- ရေဓာတ်မပြတ်တောက်စေရန်အတွက် ရေ၊ စွပ်ပြုတ်နှင့် သစ်သီးဖျော်ရည် စသည်တို့ကို သောက်သုံးပါ။
- ဆားနှင့် သကြားကို လျှော့စားပါ။
- သွေးတိုး၊ ဆီးချိုရှိပါက ဂရုစိုက် ဆင်ခြင်ပါ။
- အသင့်စား အစားအစာများကို ရှောင်ကြဉ်ပါ။
- လတ်ဆတ်သော သဘာဝအစားအစာများကို ဦးစားပေးစားသုံးပါ။

ကောင်းကျိုး

ဧရာပိုင်းအရွယ်တွင် အာဟာရပြည့်ဝစွာ စားသုံးခြင်းက ကျန်းမာရေးကို ကောင်းမွန်စေရုံမျှမက ဘဝ၏ အရည်အသွေးကိုပါ မြှင့်တင်ပေးနိုင်သည်။

ကာယလေ့ကျင့်ခန်းနှင့် စိတ်လေ့ကျင့်ခန်း

ဧရာပိုင်းအရွယ်တွင် အာဟာရလိုအပ်ချက်နှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် ပေါ့ပါးသော ကာယလေ့ကျင့်ခန်းနှင့် စိတ်လေ့ကျင့်ခန်းများပြုလုပ်ရန်လိုအပ်သည်။ ထိုကဲ့သို့ပြုလုပ်ရာတွင် အောက်ပါအချက်များကို အထူးဂရုပြုရန် လိုအပ်သည်။

(က) ကာယလေ့ကျင့်ခန်းများ

လမ်းလျှောက်ခြင်း

- အချိန်နှင့်ပမာဏ – တစ်ရက်လျှင် ၁၅ မိနစ်မှ မိနစ် ၃၀ ထိ၊ တစ်ပတ်လျှင် ငါးရက်၊
- အကျိုးကျေးဇူး – နှလုံးကျန်းမာရေးကို ကောင်းမွန်စေပြီး အရိုးများကို သန်မာစေသည်။
- သတိပြုရန် – သက်သောင့်သက်သာဖြစ်စေမည့်ဖိနပ်စီးပါ၊ ရေများများသောက်ပါ။

ရေကူးခြင်း

- အချိန်နှင့်ပမာဏ – တစ်ကြိမ်လျှင် မိနစ် ၂၀ မှ မိနစ် ၃၀ ထိ၊ တစ်ပတ်လျှင် သုံးရက်မှ လေးရက်ထိ၊
- အကျိုးကျေးဇူး – အဆစ်များကို ဖိအားမဖြစ်စေဘဲ ကြွက်သားများကို သန်မာစေသည်။

တရုတ်ရိုးရာလေ့ကျင့်ခန်း

ထိုက်ချီ(Tai Chi) နှင့် ချီဂန် (Qigong)

- အချိန်နှင့်ပမာဏ – တစ်ရက်လျှင် မိနစ် ၂၀ မှ မိနစ် ၃၀ ထိ။
- အကျိုးကျေးဇူး – ဟန်ချက်ညီစေပြီး ချော်လဲနိုင်ခြေကို လျော့ကျစေသည်။

ယောဂလေ့ကျင့်ခန်း

- အချိန်နှင့်ပမာဏ – တစ်ပတ်လျှင် နှစ်ကြိမ်မှ သုံးကြိမ်ထိ။
- အကျိုးကျေးဇူး – ကြွက်သားများ ဆန့်တန်းမှုကိုရစေပြီး စိတ်ဖိစီးမှုကို လျော့ကျစေသည်။

(ခ) စိတ်လေ့ကျင့်ခန်းများ

တရားထိုင်ခြင်း

- ပြုလုပ်နည်း – နေ့စဉ် အနည်းဆုံး ၁၅ မိနစ်ခန့် ဆိတ်ငြိမ်ရာနေရာ၌ ထိုင်၍ရှုမှတ်ပါ၊
- အကျိုးကျေးဇူး – စိတ်ဖိစီးမှုကို လျော့ကျစေပြီး အာရုံစူးစိုက်မှုကို တိုးစေသည်။

အသက်ရှူလေ့ကျင့်ခန်း

- ပြုလုပ်နည်း – လေကို နှာခေါင်းမှ ဖြည်းညင်းစွာရှူသွင်းပြီး ပါးစပ်မှဖြည်းညင်းစွာ ရှူထုတ်ပါ။
- အကျိုးကျေးဇူး – သွေးပေါင်ချိန်ကို ထိန်းညှိပေးပြီး စိတ်ကိုတည်ငြိမ်စေသည်။

ဦးနှောက်လေ့ကျင့်ခန်း

- ပြုလုပ်နည်း – စာဖတ်ခြင်း၊ ဉာဏ်စမ်းဖြေဆိုခြင်း။
- အကျိုးကျေးဇူး – မှတ်ဉာဏ်အားကို ကောင်းစေပြီး သိမြင်မှုစွမ်းရည်ကို တိုးစေသည်။

အာဟာရနှင့် လေ့ကျင့်ခန်း ပေါင်းစပ်နည်း

(က) လေ့ကျင့်ခန်း မပြုလုပ်မီ

လေ့ကျင့်ခန်းမစမီ တစ်နာရီမှ နှစ်နာရီခန့် အလိုတွင် ကစီဓာတ်နှင့် ပရိုတင်းဓာတ် ပါဝင်သော အစာကို အနည်းငယ်စားပါ။ (ဥပမာ – ငှက်ပျောသီး တစ်လုံး၊ ဒိန်ချဉ်တစ်ခွက်)

(ခ) လေ့ကျင့်ခန်းပြုလုပ်ပြီးနောက်

ပရိုတင်းဓာတ်ပါဝင်သောအစာကို မိနစ် ၃၀ အတွင်း စားသုံးပါ။ (ဥပမာ – ကြက်ဥပြုတ်၊ ပဲနို့)

(ဂ) ရေဓာတ်ဖြည့်တင်းခြင်း

လေ့ကျင့်ခန်းမစတင်မီ လေ့ကျင့်ခန်းလုပ်နေစဉ်နှင့် လေ့ကျင့်ခန်းလုပ်ပြီးနောက် ရေသန့်သို့တည်းမဟုတ် Electrolyte ပါသော အရည်များကို သောက်သုံးပါ။

သတိပြုရန် အချက်များ

မည်သည့် လေ့ကျင့်ခန်းကိုမဆို ဆရာဝန်နှင့် တိုင်ပင်ပြီးမှသာ စတင်ပါ။ ခန္ဓာကိုယ်၏ တုံ့ပြန်မှုကို အာရုံပြုပါ။ နာကျင်မှုကို ခံစားရပါက ချက်ချင်းရပ်ပါ။

တဖြည်းဖြည်းချင်းသာ စတင်ပါ။

ပြင်းထန်သော လေ့ကျင့်ခန်းများနှင့် စတင်ခြင်း မပြုဘဲ ပေါ့ပါးသောလေ့ကျင့်ခန်းများဖြင့်သာ စတင်ပါ။ လေ့ကျင့်ခန်းကို နေ့စဉ်ပုံမှန်ပြုလုပ်ခြင်းက အကောင်းဆုံးသောရလဒ်ကို ရရှိစေလိမ့်မည်ဖြစ်သည်။

ကောင်းကျိုး

ဧရာပိုင်းအရွယ်တွင် အာဟာရနှင့် လေ့ကျင့်ခန်းများကို မှန်ကန်စွာပေါင်းစပ် အသုံးပြုခြင်းဖြင့် ကျန်းမာရေးကို ကောင်းမွန်စေရုံသာမက ဘဝ၏ အရည်အသွေးကိုပါ မြှင့်တင်ပေးနိုင်သည်။

ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ဖို့

ဧရာပိုင်းအရွယ်တွင် ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရန် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်သင့်သည်။

အသက်ရှူလေ့ကျင့်ခန်းကို နေ့စဉ်မှန်မှန်ပြုလုပ်ပါ၊

- စိတ်တည်ငြိမ်မှုကို ရရှိစေရန် ယောဂကျင့်ပါသို့တည်းမဟုတ် တရားရှုမှတ်ပါ။
- နေ့စဉ် အလေ့အထကောင်းတစ်ရပ်အနေဖြင့် ရေများများသောက်ပါ၊ တစ်ရက်တာအတွက် သောက်ရေသန့် ၂၅၀ မီလီလီတာ (250 ml)ဆန့် ဖန်ခွက်ဖြင့် အနည်းဆုံးရှစ်ခွက် သောက်သုံးပါ၊ တစ်ကြိမ်တည်းဖြင့် ရေပမာဏ အများအပြား သောက်ခြင်းထက် တစ်နာရီလျှင် တစ်ကြိမ်ကျသောက်သုံးခြင်းက ပို၍သင့်တော်သည်။
- နေ့စဉ် နံနက် ၁၀ နာရီမတိုင်မီတွင် သဘာဝနေရောင်ခြည်နှင့် ၁၅ မိနစ်ခန့်ထိတွေ့ပြီး ဗီတာမင် D ကိုရယူပါ။
- ပေါ့ပါးသော ကာယလေ့ကျင့်ခန်းကို နေ့စဉ် မှန်မှန်ပြုလုပ်ပါ။
- လေ့ကျင့်ခန်းမလုပ်နိုင်ပါက နေ့စဉ် မိနစ် ၃၀ ခန့် လမ်းလျှောက်ပါ။
- အာဟာရပြည့်ဝအောင် စားသောက်ပါ။
- စာကောင်း ပေမွန်များကို ဖတ်ရှုပါ။
- မိသားစုဝင်များ၊ မိတ်ဆွေသင်္ဂဟများ၊ လုပ်ဖော်ကိုင်ဖက်ဟောင်းများနှင့် ထိတွေ့ဆက်ဆံခြင်းဖြင့် နွေးထွေးသောလူမှုဆက်ဆံရေးကို ထူထောင်ပါ။
- ကျန်းမာရေးအထောက်အကူပြု ဆေးဝါးများကို ဆရာဝန်၏ ညွှန်ကြားချက်နှင့်အညီ မပျက်မကွက် မှန်မှန်သောက်ပါ။
- ပုံမှန်ကျန်းမာရေး စစ်ဆေးမှုများကို ပြုလုပ်ပါ။
- အိပ်ရေးဝအောင် အိပ်စက်၍ အပြည့်အဝ အနားယူပါ။

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကျား ၁၁၂၂ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲကျားစိုက်ခင်းကို တွေ့ရစဉ်။

ကလေး အောက်တိုဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကျား ၁၁၂၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲကျားစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးဝ မြို့နယ်တွင် ဧက ၁၇၀၊ မင်းကင်း မြို့နယ်တွင် ၉၅၂ ဧက စုစုပေါင်း ၁၁၂၂ ဧကဖြစ်ကြောင်း၊ အဆိုပါ ပဲကျားစိုက်ပျိုးမှုကို နိုဝင်ဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ ပဲကျားဧက ၁၁၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီ အောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ပဲကျားအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ နည်းပညာပေး တာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးသွားပါမယ်" ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေကြွယ်ဝင်းက ပြောပြသည်။

ကလေးခရိုင်တွင် ပဲကျားစိုက်ပျိုးမည့်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပဲကျားစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးနိုင်ရေး အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲကျားကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲကျားကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေကြွယ်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

ရေကြည်မြို့နယ် အနောက်ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

ရေကြည် အောက်တိုဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အနောက်ရွာသစ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးလိန်းကွိုးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေနှင့် ကျေးရွာနေပြည်သူ ထည့်ဝင်ငွေဖြင့် အနောက်ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

အဆိုပါကျေးရွာ၌ လမ်းတစ်ဖက်လျှင် အရှည် ၅၅၅ ပေ၊ အကျယ် နှစ်ပေခြောက်လက်မ၊ အမြင့် ခြောက်လက်မစီရှိ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၅၀ အသုံးပြု၍ မြို့နယ်ဦးစီးဌာန ဝန်ထမ်းများ၏နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လတတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးမှုကြောင့် အနောက်ရွာသစ်ကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများ ရာသီမရွေး သွားလာရ လွယ်ကူလာမည်ဖြစ်ကြောင်း သိရသည်။ **ဇင်မာ**

စိတ်ကောင်းမွေးပါ

- လူသားတွေ အမုန်းကင်းလို့
အပြုံးခင်း ဆက်ဆံကာ၊
ကျင်လည်ပျော် ဝန်းကျင်ထဲ
ယှဉ်တွဲနေပါ၊
မေတ္တာဓာတ် ပေးဖြန့်ရာ
အေးချမ်းမှာ နှစ်ဦးသား၊
အမုန်းကို အသုံးမပြု
တွေးရှုစို့လား။

- ပူလောင်သည် မုန်းစိတ်ထား
တို့ရှောင်ရှား ချစ်စိတ်ဝင်၊
ကူညီကာ လက်ချင်းချိတ်
ကောင်းနိမိတ်ပင်၊
အခက်ခဲ ပြေလည်အစဉ်
လူ့ဘဝတွင် နေထိုင်ကြ၊
မေတ္တာကို ကိုယ်စီပေးကာ
အေးချမ်းသာစွ။

- အတ္တမာန် စိတ်မမွေး
စိတ်ကောင်းလေး မွေးမြူကွယ်၊
လူဖြစ်ချိန် တန်ဖိုးရှိ
ပီတိဂုဏ်ကြွယ်၊
အပြစ်မပြော စာနာဖွယ်
ဖြူစင်မယ် ထာဝရ၊
အမုန်းသည် မီးလိုပြင်းသမို့
ရှောင်ခွင်းစံပြ။ ။

ရွှေမြိုင်သူ(မြန်မာစာ)

မင်းလှမြို့နယ် ကြည်ကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

မင်းလှ အောက်တိုဘာ ၂၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြည်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၈ ဒသမ ၁၅ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက်ကြည်ကုန်းကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၇ ဦးကို ငွေကျပ် ၃၂ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ငါးသန်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် သုည ဒသမ ၆ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၉ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၃၈ ဒသမ ၁၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**

ရီပတ်ဘလီကန် ပါတီမဲဆွယ်ပွဲ၌ သမ္မတဒေါနယ်ထရမ့်က နော်ဝေကို ဝေဖန်

နယူးယောက် အောက်တိုဘာ ၂၆

မီချီဂန်ပြည်နယ် ပို့ဟ္ဂရွန်မြို့၌ အောက်တိုဘာ ၂၅ ရက်တွင် ကျင်းပခဲ့သော ရီပတ်ဘလီကန် ပါတီမဲဆွယ်ပွဲ၌ အမေရိကန် သမ္မတဒေါနယ်ထရမ့်က နော်ဝေနိုင်ငံကို ဝေဖန်ပြောကြားမှုများ ပြုလုပ်ခဲ့သည်ဟု အမေရိကန် မီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယခုနှစ် ငြိမ်းချမ်းရေးနိုဘယ် ဆုကို မိမိမရရှိခဲ့သည့်အတွက် အမေရိကန်နိုင်ငံအနေဖြင့် နော်ဝေ ရွှေ့ပြောင်း ဝင်ရောက်သူများကို လက်ခံမည် မဟုတ်ကြောင်း သမ္မတဒေါနယ်ထရမ့်က ပို့ဟ္ဂရွန်မြို့ မဲဆွယ်ပွဲ၌ ပြောကြားခဲ့သည်။

ထို့ပြင် နော်ဝေနိုင်ငံကိုလည်း စုတ်ပြတ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် အမေရိကန်သမ္မတ ဒေါနယ်ထရမ့်က ဝေဖန်ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါနယ်ထရမ့်သည် စုတ်ပြတ်သည့် နိုင်ငံဟူသော အသုံးအနှုန်းကို ယခင်က ဟေတီ၊ လစ်ဗျား၊ ဆိုမာလီယာ၊ ယီမင်နိုင်ငံတို့ကို ရည်ညွှန်းရာတွင် အသုံးပြုခဲ့ဖူးသည်။

အမေရိကန်သမ္မတ ဒေါနယ်ထရမ့်သည် ယခုလအစောပိုင်းကလည်း ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်အဖြစ် ၎င်းကို ရွေးချယ်ရန် ပျက်ကွက်ခဲ့မှုမှာ နော်ဝေနိုင်ငံအတွက် ဖျက်မရနိုင်သည့် အမည်းစက်ဖြစ်သည်ဟု ပြောကြားခဲ့ဖူးကြောင်း သိရသည်။ **Ref : Xinhua**

Trs : KKO

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ပဉ္စမအကြိမ် မျက်နှာစုံညီအစည်းအဝေး စတင်ကျင်းပ



ပေကျင်း အောက်တိုဘာ ၂၆

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ပဉ္စမအကြိမ် မျက်နှာစုံညီ အစည်းအဝေးကို ပေကျင်းမြို့ ပြည်သူ့မဟာခန်းမဆောင်၌ ယနေ့တွင် စတင်ကျင်းပနေပြီဖြစ်ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်အပါအဝင် ပါတီထိပ်သီးခေါင်းဆောင်များ တက်ရောက်လျက်ရှိသည့် ပဉ္စမအကြိမ်ပါတီ ဗဟိုကော်မတီ မျက်နှာစုံညီ အစည်းအဝေးတွင် ပါတီအုပ်ချုပ်ရေး ကိစ္စများကို အဓိကထား ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၇ခုနှစ် ဆောင်းဦးရာသီတွင် ကျင်းပမည့် ၂၁ ကြိမ်မြောက် ကွန်မြူနစ်ပါတီ ညီလာခံ မကျင်းပမီ ပဉ္စမအကြိမ် ပါတီဗဟို ကော်မတီမျက်နှာစုံညီ အစည်းအဝေးကို စတင်ကျင်းပနေခြင်း ဖြစ်သည်။

ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ၎င်း ဦးရေ ၃၀၀ ကျော်တက် ရောက်နေသည့် ပဉ္စမအကြိမ်ပါတီ ဗဟိုကော်မတီ မျက်နှာစုံညီ အစည်းအဝေးကို အောက်တိုဘာ ၂၉ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း တရုတ်မီဒီယာများက သတင်း ထုတ်ပြန်ထားသည်။

ယနေ့ ဗဟိုကော်မတီမျက်နှာစုံညီအစည်းအဝေးဖွင့်ပွဲတွင် သမ္မတ ရှီကျင့်ဖျင်က ပါတီအုပ်ချုပ်ရေး ဆိုင်ရာ မဟာဗျူဟာအစီအစဉ်များ ထည့်သွင်းထားသော ဗဟိုကော်မတီ ဆုံးဖြတ်ချက်မူကြမ်းကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ မျက်နှာစုံညီ အစည်းအဝေးမှ ပေါ်ထွက်လာသည့် ဆွေးနွေးပွဲရလဒ် အသေးစိတ်ကို အောက်တိုဘာ ၂၉ ရက်မှသာ ကြေညာဖွယ်ရှိကြောင်း သိရသည်။ **Ref : Xinhua**

Trs : KKO

ပြင်သစ်အမျိုးသမီးနိုင်ငံရေးခေါင်းဆောင် မရင်းလီပင်း သမ္မတရွေးကောက်ပွဲ မဲဆွယ်လှုပ်ရှားမှုစတင်



ပဲရစ် အောက်တိုဘာ ၂၆

ပြင်သစ်လက်ယာစွန်း အမျိုးသမီးနိုင်ငံရေးခေါင်းဆောင် မရင်းလီပင်းသည် ၎င်း၏ သမ္မတရွေးကောက်ပွဲ မဲဆွယ်လှုပ်ရှားမှုကို အောက်တိုဘာ ၂၅ ရက်တွင် တရားဝင်စတင်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မရင်းလီပင်းသည် ၂၀၂၇ ခုနှစ် အတွင်း ကျင်းပမည့် ပြင်သစ် သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရန် အလားအလာ ကောင်းနေသော နိုင်ငံရေး ခေါင်းဆောင်တစ်ဦး ဖြစ်သည်။

မိမိအနေဖြင့် တရားဥပဒေ စိုးမိုးရေးနှင့် အမျိုးသားယုံကြည်မှုကို ပြန်လည်တည်ဆောက်မည် ဖြစ်ကြောင်း မရင်းလီပင်းက အောက်တိုဘာ ၂၅ ရက်တွင် ထုတ် ဖော်ပြောကြားထားသည်။

နှစ်ပေါင်းများစွာအတွင်း အဆိုး ရွားဆုံး စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး အကျပ်အတည်းများနှင့် ရင်ဆိုင်နေရချိန်တွင် ပြင်သစ်နိုင်ငံကို အကောင်းဆုံးဦးဆောင်မှုပေးနိုင်သူအဖြစ် မရင်းလီပင်းက ကိုယ့်ကိုယ်ကို ရည်ညွှန်းပြောကြားထားသည်။

မရင်းလီပင်းသည် ၎င်း၏ ပထမဆုံး သမ္မတရွေးကောက်ပွဲ မဲဆွယ်မိန့်ခွန်းကို ပြင်သစ်နိုင်ငံ မြောက်ပိုင်းအော်လိန်းစ်မြို့၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

အောက်တိုဘာ ၂၅ ရက်တွင် ပေါ်ထွက်လာသည့် လူထုသဘောထားစစ်တမ်းကောက်ခံချက်ရလဒ်များအရ မရင်းလီပင်းသည် သမ္မတရွေးကောက်ပွဲ၌ ထောက်ခံမဲရာခိုင်နှုန်း ၃၂ ရာခိုင်နှုန်းမှ ၃၃ ဒသမ ၆ ရာခိုင်နှုန်းထိ ရရှိနိုင်ကြောင်း သိရသည်။ **Ref : Xinhua**

Trs : KKO

စပိန်၌ခရီးသည်တင်ဘတ်စကား တိမ်းမှောက်၊ လူဦးရေ ၈၀ ကျော် ဒဏ်ရာရ

မက်ဒရစ် အောက်တိုဘာ ၂၆

စပိန်နိုင်ငံ ဘာစီလိုနာမြို့အနီး၌ အောက်တိုဘာ ၂၅ ရက်က ခရီးသည်တင် ဘတ်စကားတစ်စီးတိမ်းမှောက်ခဲ့ရာ လူဦးရေ ၈၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြ ထားသည်။

အဆိုပါခရီးသည်တင် ဘတ်စကားတိမ်းမှောက်မှုသည် ဘာစီလိုနာမြို့အနီးရှိ ဖိုးဂါးစ်ဒီမွန်က လပ်စ်မြူနီစပယ်ဒေသ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ယာဉ်မတော်တဆမှု အတွင်း လူ ၈၃ ဦး ဒဏ်ရာ ရရှိခဲ့ပြီး ခုနစ်ဦးမှာ ဒဏ်ရာ ပြင်းထန်ကြောင်း စပိန်တာဝန်ရှိသူ များက ပြောကြားထားသည်။

အဆိုပါခရီးသည်တင် ဘတ် စကားသည် ကျဉ်းမြောင်း၍ လေထန်သော လမ်းပေါ်၌ မောင်းနှင်နေစဉ် လမ်းချော်ခဲ့ပြီးနောက် အနက်မိတာ ၂၀ ရှိ လမ်းဘေးချောက်ထဲ ထိုးကျခဲ့ခြင်း ဖြစ်သည်။

လက်ရှိတွင် ခရီးသည်တင် ဘတ်စကား တိမ်းမှောက်ရခြင်း အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း စပိန်တာဝန်ရှိသူများက သတင်းထုတ်ပြန်ထားသည်။

ခရီးသည်တင် ဘတ်စကား တိမ်းမှောက်ခဲ့ပြီးနောက် အခင်းဖြစ်ပွားရာနေရာသို့ စပိန်တာဝန်ရှိသူများက လူနာတင်ယာဉ် ၂၃ စီးနှင့် ဆေးဘက်ဆိုင်ရာ ရဟတ်ယာဉ်နှစ်စင်း စေလွှတ် ပေးခဲ့ကြောင်း သိရသည်။ **Ref : RT**

Trs : KKO

ဘရာဇီးသမ္မတ ရွေးကောက်ပွဲ ဒုတိယအကျော့၌ လက်ရှိသမ္မတ လူလာဒါဆေးလ်ဗား အနိုင်ရ



ရီယိုဒီဂျနေရိုး အောက်တိုဘာ ၂၆

အောက်တိုဘာ ၂၅ ရက်တွင် ကျင်းပခဲ့သော ဘရာဇီးသမ္မတ ရွေးကောက်ပွဲ ဒုတိယအကျော့၌ လက်ရှိသမ္မတ လူလာဒါဆေးလ်ဗားက ပြိုင်ဘက်သမ္မတလောင်း အထက်လွှတ်တော်အမတ် ဘော်လ်ဆိုနာရိုကို အနိုင်ရရှိခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သမ္မတရွေးကောက်ပွဲ ဒုတိယအကျော့နှင့် အနိုင်ရလဒ်ကြောင့် သမ္မတ လူလာဒါဆေးလ်ဗားအနေဖြင့် သမ္မတရာထူး စတုတ္ထသက်တမ်းကို ရယူနိုင်ခဲ့ပြီဖြစ်သည်။

သမ္မတရွေးကောက်ပွဲ ဒုတိယအကျော့ ဆန္ဒမဲများကို ၁၀၀ ရာခိုင်နှုန်း ရေတွက်ခဲ့ပြီးနောက် လက်ရှိသမ္မတ လူလာဒါဆေးလ်ဗားမှာ ထောက်ခံမဲရာခိုင်နှုန်း ၅၁ ဒသမ ၈ ရာခိုင်နှုန်းထိ ရရှိထားကြောင်း ဘရာဇီးရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်ထားသည်။

အထက်လွှတ်တော် အမတ် ဘော်လ်ဆိုနာရိုသည် လက်ရှိ သမ္မတ လူလာဒါဆေးလ်ဗားကို မဲအရေအတွက် လေးသန်းခန့် အကွာဖြင့် အရေးနိမ့်ခဲ့ခြင်း ဖြစ်သည်။

သို့ရာတွင် သမ္မတရွေးကောက်ပွဲ ဒုတိယအကျော့ရလဒ်ကို လက်ခံရန် အထက်လွှတ်တော် အမတ် ဘော်လ်ဆိုနာရိုက ငြင်းဆန်ထားပြီး ရွေးကောက်ပွဲ ရလဒ်ကို ပယ်ဖျက်ပေးရန် တောင်းဆိုထားသည်။

ဘရာဇီးသမ္မတ ရွေးကောက်ပွဲ ပထမအကျော့တွင် ဘော်လ်ဆိုနာရိုက ထောက်ခံမဲ ရာခိုင်နှုန်း ၄၇ ရာခိုင်နှုန်းရရှိခဲ့ပြီး သမ္မတ လူလာဒါဆေးလ်ဗားက ၄၅ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

နာဆာ၏ ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်က သိပ္ပံပညာစူးစမ်းလေ့လာရေးလုပ်ငန်းများကို ရပ်ဆိုင်းလိုက်ပြီဖြစ်



ဝါရှင်တန် အောက်တိုဘာ ၂၆

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်သည် သိပ္ပံပညာစူးစမ်းလေ့လာရေးလုပ်ငန်းများကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း အောက်တိုဘာ ၂၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

လေထုလွှာ ပွတ်အားကြောင့် ပတ်လမ်းအမြင့် တဖြည်းဖြည်း ကျဆင်းလာသည့် ဆွစ်ဖ်အာကာသ ရေဒီယို တယ်လီစကုပ်သည် သိပ္ပံပညာ စူးစမ်းလေ့လာရေး လုပ်ငန်းများကို အောက်တိုဘာ ၂၀ ရက်တွင် စတင်ရပ်ဆိုင်းထားခြင်း ဖြစ်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

နာဆာအဖွဲ့သည် ဆွစ်ဖ်အာကာသ ရေဒီယိုတယ်လီစကုပ်၏ ကမ္ဘာပတ်လမ်းအမြင့်ကို လင့်ခ်အည်ရှိ အာကာသယာဉ်၏ အကူအညီဖြင့် မြှင့်တင်ရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ပေ။

လက်ရှိအချိန်တွင် ဆွစ်ဖ်အာကာသ ရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာမြေပြင်အထက် အမြင့် ၁၇၁ မိုင်အကွာရှိ ပတ်လမ်းပေါ်၌ ရှိနေကြောင်း၊ လာမည့်သီတင်းပတ်အနည်းငယ်အတွင်း ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်လာနိုင်သည်ဟု နာဆာသိပ္ပံပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။

၂၀၀၄ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် လွှတ်တင်ခဲ့သည့် ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်သည် မစ်ရှင်သက်တမ်းကာလ တစ်လျှောက် ဂမ်မာရောင်ခြည်ပေါက်ကွဲမှု ၂၀၀၀ ကျော်နှင့် နူပါနီဗာကြယ်ပေါက်ကွဲမှု ၁၄၀၀ ကျော်တို့ကို စူးစမ်းလေ့လာနိုင်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

အရေပြားကင်ဆာရောဂါကာကွယ်ဆေးတစ်မျိုးက ရောဂါတစ်ကျော့ပြန်ပေါ်လာနိုင်ခြေကို ထက်ဝက်ခန့်လျှော့ချပေးနိုင်

လန်ဒန် အောက်တိုဘာ ၂၆

အရေပြားကင်ဆာရောဂါကာကွယ်ဆေး တစ်မျိုးသည် ရောဂါ တစ်ကျော့ပြန်ပေါ်လာနိုင်ခြေကို ထက်ဝက်ခန့်လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ အောက်တိုဘာ ၂၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

မီလာနိုးမား အရေပြားကင်ဆာ (Melanoma)သည် ကြောက်မက်ဖွယ်အကောင်းဆုံး အရေပြားကင်ဆာရောဂါ တစ်မျိုးဖြစ်ပြီး အခြားကိုယ်တွင်း အင်္ဂါများဆီသို့ ကင်ဆာဆဲလ်များ ပျံ့နှံ့ခဲ့ပါက လူနာ ၄၀ ရာခိုင်နှုန်းခန့်သည်သာ ငါးနှစ်ထိ အသက်ရှင်နိုင်မှု အလားအလာရှိသည်။

သို့ရာတွင် လက်တွေ့စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်များအရ Intismeran အမည်ရှိ ကာကွယ်ဆေးတစ်မျိုးသည် မီလာနိုးမား အရေပြားကင်ဆာဆဲလ် အခြားကိုယ်တွင်းအင်္ဂါများသို့ ပျံ့နှံ့နိုင်ခြေ၊ ရောဂါတစ်ကျော့ပြန်ပေါ်လာနိုင်ခြေများကို ၄၂ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်သည်။

Intismeran မီလာနိုးမား ကင်ဆာရောဂါ ကာကွယ်ဆေးကို ဖြိတိန် သုတေသနပညာရှင်များက မီလာနိုးမားအရေပြားကင်ဆာလူနာ ၁၁၃၇ ဦးတို့ဖြင့် လက်တွေ့စမ်းသပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Intismeran ကာကွယ်ဆေးသည် မီလာနိုးမားကင်ဆာလူနာတစ်ဦးချင်းစီ၏ ကင်ဆာဆဲလ်များအခြေအနေအလိုက် ထိုးနှံနိုင်သော ကာကွယ်ဆေး အမျိုးအစားဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

စပေ့အိတ်ကုမ္ပဏီက စတားလင့်ခ်ဂြိုဟ်တု ၂၇ စင်းကို ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် အောင်မြင်စွာလွှတ်တင်ခဲ့

ဝါရှင်တန် အောက်တိုဘာ ၂၆

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တု ၂၇ စင်းကို အောင်မြင်စွာ လွှတ်တင်ခဲ့သည်ဟု အောက်တိုဘာ ၂၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

အဆိုပါစတားလင့်ခ်ဂြိုဟ်တုများကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ရှစ်မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ပထမအဆင့်ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။



လွှတ်တင်ပြီး ၆၂ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် စတားလင့်ခ် ဂြိုဟ်တု ၂၇ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်နိုင်ခဲ့သည်ဟု စပေ့အိတ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီက ပထမဆုံးလွှတ်တင်ခဲ့သော စတားလင့်ခ်ဂြိုဟ်တုမစ်ရှင်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါမစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သည့် ၁၁၆ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

တရုတ်အမျိုးသားအာကာသအေဂျင်စီက အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုအုပ်စုကို လောင်းမတ်ချ်-၈ အေ ဒုံးပျံဖြင့် လွှတ်တင်

ပေကျင်း အောက်တိုဘာ ၂၆

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုအုပ်စုကို အောက်တိုဘာ ၂၅ ရက်တွင် လောင်းမတ်ချ်-၈ အေ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများ သယ်ဆောင်ထားသည့် လောင်းမတ်ချ်-၈ အေ ဒုံးပျံကို တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ် ဟိုင်နန်ဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၈ အေ ဒုံးပျံသည် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးခဲ့ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု အုပ်စုသည် တရုတ်အမျိုးသားအာကာသ အေဂျင်စီက လွှတ်တင်ခဲ့သော ၂၈ သုတ်မြောက် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

လောင်းမတ်ချ်-၈ အေ ဒုံးပျံသည် တရုတ်ဒုံးပျံယာဉ်နည်းပညာအကယ်ဒမီက တည်ဆောက်ထားသော ဒုံးပျံဖြစ်ပြီး ကိုယ်ထည်အလျား ၅၀ ဒသမ ၅ မီတာရှိကြောင်း သိရသည်။

အောက်တိုဘာ ၂၅ ရက်မစ်ရှင်သည် လောင်းမတ်ချ်ဒုံးပျံများ၏ ၆၇၃ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

Ref : Xinhua News
Trs : KKO

သက်ကြီးပိုင်းများလူမှုလှုပ်ရှားမှုများ၌ ပါဝင်ပါက မှတ်ဉာဏ်စွမ်းရည်ကျဆင်းမှုကို တားဆီးနိုင်

ပေကျင်း အောက်တိုဘာ ၂၆

သက်ကြီးပိုင်းများ အနေဖြင့် လူမှုလှုပ်ရှားမှုများတွင် ပါဝင်ပါက မှတ်ဉာဏ်စွမ်းရည် ကျဆင်းမှုကို တားဆီးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ အောက်တိုဘာ ၂၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံ ရှန်တုန်းတက္ကသိုလ်မှ သုတေသနပညာရှင်များသည် အသက် ၅၇ နှစ်နှင့် ၇၃ နှစ်ကြား လူပေါင်း ၅၇၇၉၃ ဦးတို့ပါဝင်သည့် လေ့လာချက် စစ်တမ်းငါးခုတို့မှ ရရှိသော အချက်အလက်များကို လေ့လာစိစစ်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ လူမှုလှုပ်ရှားမှုများ၌ ပါဝင်ကြသည့် သက်ကြီးပိုင်းများသည် မပါဝင်သူများနှင့် နှိုင်းယှဉ်ပါက မှတ်ဉာဏ်စွမ်းရည် ပိုမိုထက်မြက်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

တရုတ်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သက်ကြီးပိုင်းများအနေဖြင့် အားကစား အသင်းအဖွဲ့များတွင် ပါဝင်ခဲ့ပါက တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ကျဆင်းလာနိုင်ခြေ လျော့ပါးလာမှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

ထို့ပြင် ပညာရပ်ကျွမ်းကျင်မှု သင်တန်းများ တက်ရောက်ခြင်း၊ မြေးမြစ်များကို ထိန်းကျောင်းခြင်း တို့ဖြင့် သက်ကြီးပိုင်းများ၏ မှတ်ဉာဏ်စွမ်းရည်ကို မြှင့်တင်နိုင်ကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Xinhua News
Trs : KKO



လိုင်ယွန်အိုးပင်းအမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို မူဆက်တီ ဆွတ်ခူး

လိုင်ယွန် အောက်တိုဘာ ၂၆

ပြင်သစ်နိုင်ငံ လိုင်ယွန်မြို့တွင် ကျင်းပခဲ့သည့် လိုင်ယွန်အိုးပင်း အမျိုးသားတစ်ဦးချင်း တင်းနစ် ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အောက်တိုဘာ ၂၅ ရက်က အမေရိကန်တင်းနစ်ကစားသမား တေလာ ဖရစ်ဇနှင့် အီတလီတင်းနစ်ကစား သမား မူဆက်တီတို့ကစားခဲ့ရာ မူဆက်တီက နှစ်ပွဲပြတ်ဖြင့် အနိုင်ရပြီး ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် မူဆက်တီက ဖိအားပေးကစားခဲ့ပြီး ပထမပွဲငယ်တွင် (၆-၃)ရလဒ်၊ ဒုတိယပွဲငယ်တွင် (၆-၄)ရလဒ်ဖြင့် နှစ်ပွဲပြတ် အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

မူဆက်တီသည် လိုင်ယွန်အိုးပင်း အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးခဲ့သည့်အတွက် ATP Tour အဆင့် ပြိုင်ပွဲတွင် တတိယအကြိမ်မြောက် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

မူဆက်တီက "အခုလိုချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့တာ ကျွန်တော့် ကစားသမားဘဝအတွက် အများကြီးအဓိပ္ပာယ်ရှိပါတယ်။ အားပေးခဲ့ကြတဲ့ ပရိသတ်တစ်ဦးချင်းစီကိုလဲ ကျေးဇူးအများကြီးတင်ပါတယ်။ တေလာဖရစ်စ်လိုပြိုင်ဘက်ကောင်း တစ်ယောက်နဲ့ ကစားခဲ့ရတာလဲ ဝမ်းသာပါတယ်။ ချန်ပီယံဆုနဲ့ အိမ်ကိုပြန်နိုင်တာ ဘာနဲ့မှလဲလို့ မရတဲ့ခံစားချက်ပါ"ဟုပြောကြား ခဲ့ကြောင်းသိရသည်။

Ref : AGTP Tennis

Trs : STA



မြန်မာလိင်ပြိုင်ပွဲ ပွဲစဉ်(၅)အပြီး ဒဂုံစတားအသင်း ရမှတ် ၁၃မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်

ရန်ကုန် အောက်တိုဘာ ၂၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာလိဂ်ကော်မတီက ကြီးမှူး ကျင်းပနေသည့် မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅)ပွဲစဉ်များ အောက်တိုဘာ ၂၅ ရက်က အပြီးတွင် ဒဂုံစတား အသင်းက ရမှတ် ၁၃ မှတ်ဖြင့် အမှတ်ပေး ဇယားထိပ်ဆုံးမှ ဦးဆောင်နေကြောင်း သိရသည်။

မြန်မာလိဂ်ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့သည် AFC Challenge League ပြိုင်ပွဲကြောင့် ပွဲစဉ်(၄)နှင့် (၅)တို့ကို ကစားနိုင်ခြင်းမရှိခဲ့ဘဲ အခြားအသင်းများသာ ကစားခဲ့ခြင်းဖြစ်သည်။

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅) အပြီး ဒဂုံစတားအသင်းနောက်တွင် ရန်ကုန်စီးတီးအသင်းက ၁၁ မှတ်ဖြင့် အဆင့်(၂)၊ ရတနာပုံ အက်ဖ်စီအသင်းက ၁၀ မှတ်ဖြင့် အဆင့်(၃)နေရာတွင် ရပ်တည်နေသည်။

ရှမ်းယူနိုက်တက် အသင်းက သုံးပွဲကစားပြီးချိန်တွင် ခုနစ်မှတ်ဖြင့် အဆင့်(၄)၊ ရန်ကုန်ယူနိုက်တက်အသင်းကလည်း သုံးပွဲကစားပြီးချိန် ခြောက်မှတ်ဖြင့် အဆင့်(၅)နေရာတွင် ရပ်တည်နေပြီး သစ္စာအားမာန်အသင်းက ငါးမှတ်ဖြင့် အဆင့်(၆)၊ ချင်းလန်းအက်ဖ်စီအသင်းက ဂိုးကွာခြားချက်အသာ လေးမှတ်ဖြင့် အဆင့်(၇)၊ ISPE အသင်းက လေးမှတ်ဖြင့် အဆင့်(၈)၊ ဟံသာဝတီယူနိုက်တက်အသင်းက လေးမှတ်ဖြင့် အဆင့်(၉)၊ စစ်ကိုင်းယူနိုက်တက်အသင်းက လေးမှတ်ဖြင့် အဆင့်(၁၀)၊ ဧရာဝတီယူနိုက်တက်အသင်းက သုံးမှတ်ဖြင့် အဆင့်(၁၁)၊ မြဝတီအက်ဖ်စီအသင်းက တစ်မှတ်ဖြင့် အဆင့်(၁၂)နေရာတွင် ရပ်တည်နေကြောင်းသိရသည်။

STA

အယ်ကလက်စီကိုပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းက ဘာစီလိုနာအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ

မက်ဒရစ် အောက်တိုဘာ ၂၆

အယ်ကလက်စီကိုပွဲစဉ် အဖြစ် ယနေ့နံနက်က ကစားခဲ့သည့် ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းက အဝေးကွင်း၌ နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်းFotmob သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။



အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းလုံးအပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၄၁ မိနစ်တွင် အမ်ဘာတ်ပီက ရီးရဲလ်မက်ဒရစ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီးနောက် ပထမပိုင်းအပြီးတွင် ရီးရဲလ်မက်ဒရစ်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည် စတင်ချိန်တွင် ဘာစီလိုနာအသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ပြန်လည်ဖိအားပေးကစားခဲ့ရာ ပွဲချိန် ၆၁ မိနစ်တွင် ရာဖင်ဟာက ချေပဂိုးပြန်လည်သွင်းယူခဲ့သော်လည်း ပွဲပြီးဆုံးခါနီး ပွဲချိန် ၈၇ မိနစ်တွင် အမ်ဘာတ်ပီက ရီးရဲလ်မက်ဒရစ်အသင်းအတွက် ဦးဆောင်ဂိုးထပ်မံသွင်းယူခဲ့ပြီးနောက် ပွဲပြီးဆုံးချိန်တွင် ရီးရဲလ်မက်ဒရစ်အသင်းက နှစ်ဂိုး တစ်ဂိုး ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဘာစီလိုနာအသင်းသည် ရှုံးနိမ့်ခဲ့သည့် အတွက် ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါပြိုင်ပွဲ ၁၀ ပွဲကစားပြီးချိန်တွင် သွင်းဂိုး ၁၁ ဂိုးသွင်းယူခဲ့ကာ သွင်းဂိုးအများဆုံး ကစားသမား စာရင်း၌ ထိပ်ဆုံးမှဦးဆောင်နေကြောင်း သိရသည်။

Ref : Fotmob

Trs : STA

17th Singha Thailand Junior World Golf Championships 2026

ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာလူငယ်ဂေါက်သီးရိုက်အားကစားအဖွဲ့ ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၂၆

ထိုင်းနိုင်ငံ ဟွာဟင်မြို့ရှိ Royal Hua Hin Golf Course တွင် အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၁ ရက်ထိ ကျင်းပမည့် 17th Singha Thailand Junior World Golf Championships 2026 နိုင်ငံတကာအဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံကိုယ်စားပြု လူငယ် ဂေါက်သီးရိုက် အားကစားအဖွဲ့သည် အောက်တိုဘာ ၂၅ ရက်က ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲဝင် မြန်မာဂေါက်သီးရိုက်အားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ် မျိုးဆက်သစ် လူငယ်အားကစား သမားများ ဆပ်ကော်မတီ၏ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ဇော်၊ အသင်းမန်နေဂျာအဖြစ် အဖွဲ့ချုပ် ရုံးအဖွဲ့မှူး ဦးထွန်းကျော်တို့ လိုက်ပါပြီး Junior Golf Myanmar (JGM) မှ လူငယ် ဂေါက်သီးရိုက် အားကစား သမားများ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

မြန်မာလူငယ် ဂေါက်သီးရိုက် အားကစားသမား များသည် အသက်အရွယ်အလိုက် သက်တမ်း အုပ်စုများခွဲ၍ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ အမျိုးသားအသက် ၁၅ နှစ်မှ ၁၈ နှစ်အုပ်စုတွင် ဆက်နိုင်အောင်၊ ခန့်ဘုန်းလျန်၊ နိုင်ဦးကို၊ လင်းထက်ညီ၊ ကောင်းထက်၊ ကျော်သံလွင်ဟိန်း၊ ရဲရင့်လွင်၊ Choi Hwan တို့ ပါဝင်ယှဉ်ပြိုင်မည် ဖြစ်သည်။

အမျိုးသားအသက် ၁၃ နှစ်မှ ၁၄ နှစ်အုပ်စုတွင် အောင်သန်းထွဋ်၊ ထူးမြတ်အောင်၊ ဘုန်းပြည့်အောင်၊ အမျိုးသား အသက် ၁၁ နှစ်မှ ၁၂ နှစ်အုပ်စုတွင် အောင်စိုးထွန်းနှင့် ကောင်းခန့်ဇော်တို့ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရသည်။

STA

လာမည့် ၂၀၂၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် UFC ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ်အတွက် ပြန်လည်ထိုးသတ်မည်ဟု အက်စ်ပီနောပြောကြား

လန်ဒန် အောက်တိုဘာ ၂၆

အင်္ဂလန်ဖိုက်တာ အက်စ်ပီနောက လာမည့် ၂၀၂၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် ၎င်း၏ UFC ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်အတွက် ပြန်လည်ထိုးသတ်မည်ဟု ပြောကြားခဲ့ကြောင်း MMA Tales သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အက်စ်ပီနောသည် ၂၀၂၅ ခုနှစ် အောက်တိုဘာလက ၎င်း၏ UFC ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် ပြင်သစ်ဖိုက်တာ စီရယ်ဂိန်းနှင့် ထိုးသတ်ခဲ့ရာ မျက်စိထိခိုက်ခဲ့သည့်အတွက် ပွဲစဉ်ကို ဖျက်သိမ်းခဲ့ရခြင်းဖြစ်သည်။

ထို့နောက် အက်စ်ပီနောသည် ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ် ထပ်မံထိုးသတ်ရန် မျက်စိဆေးဝါးကုသမှုများ လုပ်ဆောင်ခဲ့ရာ အကြိမ်ကြိမ် ခွဲစိတ်ကုသမှုများ လုပ်ဆောင်ခဲ့သော်လည်း သက်သာလာခြင်း မရှိသည့်အတွက် စက်တင်ဘာ ၁၄ ရက်က ချန်ပီယံခါးပတ်ကို စွန့်လွှတ်ခဲ့ရခြင်း ဖြစ်သည်။



အက်စ်ပီနောသည် UFC ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်ကို စွန့်လွှတ်ခဲ့ပြီးနောက် အဆင့်(၁) နေရာမှ စီရယ်ဂိန်းက ချန်ပီယံအဖြစ် ရပ်တည်ခဲ့သော်လည်း အက်စ်ပီနောက ချန်ပီယံခါးပတ်အတွက် စိန်ခေါ်ခွင့်ရှိနေခြင်း ဖြစ်သည်။

အက်စ်ပီနောက် "ချန်ပီယံခါးပတ်အတွက် ကျွန်တော်မကြာခင် ပြန်လာတော့မှာပါ။ လာမဲ့ ၂၀၂၇ ခုနှစ် နှစ်ဆန်းပိုင်းလောက်တော့ ထိုးသတ်နိုင်မှာပါ။ မကြာခင် ကျွန်တော့် ချန်ပီယံခါးပတ်အတွက် ကျွန်တော်ပြန်လာမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : MMA Tales

Trs : STA

ရန်ကုန်တိုင်းဒေသကြီး ၁၄ ခရိုင် ကွင်းတွင်းစက်ဘီးစီးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး စက်ဘီးစီး ဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး ၁၄ ခရိုင်ကွင်းတွင်း စက်ဘီးစီးပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းရှိ စက်ဘီးစီး လေ့ကျင့်ရေးကွင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါပြိုင်ပွဲကို အစောပိုင်းက အောက်တိုဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပရန်စီစဉ်ထားသော်လည်း ပြိုင်ပွဲရက်ပြောင်းလဲပြီး အောက်တိုဘာ ၂၅ ရက်နှင့် ယနေ့တို့တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ၁၄ ခရိုင် ကွင်းတွင်းစက်ဘီးစီးပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲများအဖြစ် မီတာ ၁၀၀၀ တစ်ဦးချင်းပြိုင်ပွဲ၊ မီတာ ၁၆၀၀ တစ်ဦးချင်းပြိုင်ပွဲ၊ မီတာ ၃၀၀၀ တစ်ဦးချင်းပြိုင်ပွဲ၊ မီတာ ၁၀၀၀၀ တစ်ဦးချင်းပြိုင်ပွဲ၊ အသင်းလိုက် အိုလံပစ်ပြိုင်ပွဲ၊ မီတာ ၄၀၀၀ အသင်းလိုက်ပြိုင်ပွဲတို့ကို ကျင်းပခဲ့သည်။

အလားတူ အမျိုးသမီးပြိုင်ပွဲများတွင်လည်း မီတာ ၅၀၀ တစ်ဦးချင်းပြိုင်ပွဲ၊ မီတာ ၃၀၀၀ တစ်ဦးချင်းပြိုင်ပွဲများကို ထည့်သွင်းကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲများ အပြီးတွင် ဆုပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲ အမျိုးအစားအလိုက် ဆုရရှိခဲ့ကြသူများကို အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး စက်ဘီးစီးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်းသိရသည်။

STA

အယ်ကလက်စိကိုပွဲစဉ်တွင် ခြောက်ပွဲဆက်ရှုံးပွဲမရှိသည့် တတိယမြောက်နည်းပြအဖြစ် ရီးရဲလ်မက်ဒရစ်အသင်းနည်းပြ မော်ရင်ဟို ရပ်တည်

မက်ဒရစ် အောက်တိုဘာ ၂၆

ရီးရဲလ်မက်ဒရစ် အသင်းနည်းပြမော်ရင်ဟိုသည် အယ်ကလက်စိကိုပွဲစဉ်ဖြစ်သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ ပွဲစဉ်များတွင် ခြောက်ပွဲဆက် ရှုံးပွဲမရှိသည့် တတိယမြောက် နည်းပြအဖြစ် ရပ်တည်ခဲ့ကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် အယ်ကလက်စိကို ပွဲစဉ်ပေါင်း ၁၀၂ ပွဲတိုင်တိုင် ဦးဆောင်ခဲ့ခြင်းဖြစ်သည်။

နည်းပြ မော်ရင်ဟိုသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အတူ ဘာစီလိုနာအသင်းနှင့် ကစားခဲ့သည့် အယ်ကလက်စိကို ပွဲစဉ်များတွင် ၂၀၁၂ ခုနှစ်က တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ၂၀၁၃ ခုနှစ်က နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ရလဒ်ရရှိခဲ့ပြီး ယခုနှစ်တွင်လည်း နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရကာ ခြောက်ပွဲဆက်လေးပွဲနိုင် နှစ်ပွဲသရေ ရလဒ်ရရှိအောင် စွမ်းဆောင်ခဲ့ခြင်းဖြစ်သည်။

အလားတူ ရီးရဲလ်မက်ဒရစ်အသင်းသည် အယ်ကလက်စိကို ပွဲစဉ်တွင် အနိုင်ရခဲ့သည့်အတွက် အမှတ်ပေးဇယားအဆင့်(၃) နေရာ ရောက်ရှိလာခဲ့ပြီး ဘာစီလိုနာအသင်းက စပိန်လာလီဂါပြိုင်ပွဲတွင် ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့ကြောင်း သိရသည်။

Ref : B/R Football

Trs : STA

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)တွင် ဧရာဝတီအသင်းနှင့် ISPE အသင်းတို့ ကိုယ်စီအနိုင်ရ



ရန်ကုန် အောက်တိုဘာ ၂၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၁)ပွဲစဉ်များကို ယနေ့ညနေ ပိုင်းကရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ဧရာဝတီအသင်းနှင့် ISPE အသင်းတို့ ကိုယ်စီအနိုင်ရခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၁) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက် အသင်းနှင့် ISPE အသင်းတို့ကစားခဲ့ရာ ISPE အသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ခုနစ်မိနစ်၊ ၄၇မိနစ်၊ ၈၇ မိနစ်တို့တွင် လင်းမြင့်မိုရ်၊ ပွဲချိန် ၂၆ မိနစ်၊ ၄၁ မိနစ်တို့တွင် သန်းသန်းနွယ်၊ ပွဲချိန် ၃၃ မိနစ် တွင် ခင်မာလာထွန်းတို့က သွင်းယူခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ Star City အားကစားကွင်းတွင် ဧရာဝတီအသင်းနှင့် ဇွဲကပင်ယူနိုက်တက် အသင်းတို့ ကစားခဲ့ရာ ဧရာဝတီအသင်းက ၁၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ဧရာဝတီအသင်း အတွက် သွင်းဂိုးများကို ပွဲချိန် ခုနစ်မိနစ်၊ ၆၄ မိနစ်၊ မိနစ် ၉၀ ပြည့်ပြီး အချိန်ပို နှစ်မိနစ်တို့တွင် ရှင်းသန့်ဖြူစင်ပြုံး၊ ပွဲချိန် ကိုးမိနစ်၊ ၁၂ မိနစ်၊ ၂၁ မိနစ်၊ ၅၇ မိနစ်၊ ၈၉ မိနစ်၊ မိနစ် ၉၀ ပြည့်ပြီး အချိန်ပိုသုံးမိနစ်တို့တွင် မီယာမိုတို၊ ပွဲချိန် ၃၂ မိနစ်တွင် နန်းခိုင်ဇင်မြင့်၊ ပွဲချိန် ၇၂ မိနစ်တွင် ဖူဂျီတို့က သွင်းယူခဲ့သည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၁) ပွဲစဉ်များအဖြစ် အောက်တိုဘာ ၂၇ ရက်တွင် ရန်ကုန်စီးတီးအသင်းနှင့် သစ္စာအားမာန်အသင်း၊ မြဝတီအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ဆက်လက် ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

နင်းဘိုအိုးပင်းအမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ရိုင်ဘာကီနာဆွတ်ခူး

ပေကျင်း အောက်တိုဘာ ၂၆

တရုတ်နိုင်ငံတွင် ကျင်းပခဲ့သည့် နင်းဘိုအိုးပင်း အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ၌ ကမ္ဘာ့အဆင့် (၁)ကာဇက်စတန် တင်းနစ်မယ် ရိုင်ဘာကီနာက ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲ ဗိုလ်လုပွဲစဉ် အဖြစ် အောက်တိုဘာ ၂၅ ရက် ညပိုင်းတွင် ရိုင်ဘာကီနာက ကနေဒါတင်းနစ်မယ် ဖာနန်ဒက်ဇ် ကိုအနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ရိုင်ဘာကီနိသည် ပြိုင်ပွဲမစတင်မီကတည်းက ချန်ပီယံဆု ဆွတ်ခူးနိုင်ခြေအဆင့် (၁) သတ်မှတ်ခံထားရသူဖြစ်ပြီး ပြိုင်ပွဲတွင်လည်း ရလဒ်ကောင်းများရယူခဲ့ကာ ချန်ပီယံဆု ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ရိုင်ဘာကီနာသည် ဖာနန်ဒက်ဇ် နှင့်ပွဲစဉ်တွင် ဖိအားပေးကစားခဲ့ကာ နှစ်ပွဲဆက်(၆-၂) ရလဒ်ဖြင့် အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ရိုင်ဘာကီနာသည် ယခုနှစ် တင်းနစ်ရာသီတွင် ရလဒ်ကောင်းများ ဆက်တိုက်ရယူခဲ့ပြီးနောက် ကမ္ဘာ့အဆင့်(၁)နေရာသို့ တက်ရောက်ခဲ့ကာ ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ၊ ယူအက်စ် အိုးပင်းတင်းနစ်ပြိုင်ပွဲ၊ စတုဂတ် အိုးပင်းတင်းနစ်ပြိုင်ပွဲ၊ နင်းဘို အိုးပင်း တင်းနစ်ပြိုင်ပွဲတို့တွင် ချန်ပီယံဆုများ ဆွတ်ခူးခဲ့ကြောင်း သိရသည်။

Ref : AGTP Tennis

Trs : STA



ဥရောပထိပ်တန်းလိဂ် ငါးခုတွင်ရှုံးပွဲမရှိသေးသည့် အသင်းအဖြစ် ဘိုင်ယန်မြူးနစ်အသင်းရပ်တည်

ဘာလင် အောက်တိုဘာ ၂၆

ယခုနှစ်ဘောလုံးရာသီ ဥရောပထိပ်တန်းလိဂ်ငါးခုဖြစ်သည့် ပရီးမီးယားလိဂ်၊ စပိန်လာလီဂါ၊ ဂျာမန် ဘွန်ဒက်လီဂါ၊ အီတလီစီးရီးအေ၊ ပြင်သစ်လီဂူးဝမ်းပြိုင်ပွဲတို့တွင် ရှုံးပွဲမရှိသေးသည့် အသင်းအဖြစ် ဂျာမန် ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းက ရပ်တည်နေကြောင်း Bild သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုရက်သတ္တပတ် အတွင်း ကျင်းပခဲ့သည့်ပွဲစဉ်များ မတိုင်မီ ရှုံးပွဲမရှိသေးသည့် အသင်းများဖြစ် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် မန်စီးတီးအသင်း၊ စပိန်လာလီဂါပြိုင်ပွဲတွင် ဘာစီလိုနာအသင်း၊ ဂျာမန် ဘွန်ဒက်လီဂါပြိုင်ပွဲတွင် ဘိုင်ယန်မြူးနစ်အသင်းတို့က ရပ်တည်ခဲ့ခြင်းဖြစ်သည်။

သို့သော် ယခုရက်သတ္တပတ် အတွင်းကျင်းပခဲ့သည့် ဥရောပလိဂ်ပြိုင်ပွဲများတွင် မန်စီးတီးအသင်းက အေဗီလာအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သကဲ့သို့ ဘာစီလိုနာ အသင်းကလည်း ရီးရဲလ်မက်ဒရစ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ပြီး ပထမဆုံးရှုံး ပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

သို့သော် ဘိုင်ယန်မြူးနစ် အသင်းသည် ဖရိုင်းဘတ်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သည့် အတွက် ယခုနှစ်ဘောလုံးရာသီတွင် ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းခဲ့ကာ ဥရောပထိပ်တန်းလိဂ်ငါးခုတွင် ရှုံးပွဲမရှိသေးသည့် တစ်သင်းတည်းသော အသင်းအဖြစ် ရပ်တည်နေခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲ ခုနစ်ပွဲကစားပြီးချိန်တွင် ငါးပွဲနိုင်၊ နှစ်ပွဲသရေ ရမှတ် ၁၇ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေကြောင်း သိရသည်။

Ref : Bild

Trs : STA

မွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေး တိရစ္ဆာန်အစာပင်များစိုက်ပျိုးပေး

စံမြတ်ဘုန်း(စိုက်ပျိုးရေး)

နိုင်ငံတော်သည် ပြည်သူလူထုတစ်ရပ်လုံး၏ စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်များဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပြီး မွေးမြူရေးလုပ်ငန်းမှ အသားနှင့်ဥထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်ထုတ်လုပ်နိုင်ရေး အသားစားကြက်၊ ဥစားကြက်၊ ဆိတ်၊ ဝက်၊ အသားစားနွား၊ နို့စားနွား အစရှိသော တိရစ္ဆာန်များအလိုက် မျိုးလိုအပ်ချက်၊ အစာလိုအပ်ချက်၊ ရောဂါဗေဒနှင့် ထိန်းသိမ်းစောင့်ရှောက်ရသည့် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး ဘက်ပေါင်းစုံမှ ကြိုးပမ်းလျက်ရှိသည်။ မွေးမြူရေးလုပ်ငန်းတွင် တိရစ္ဆာန်အစာ လုံလောက်စွာရရှိရေး ကဏ္ဍသည် မဖြစ်မနေကြုံတွေ့ရမည့် အခက်အခဲဖြစ်ပြီး မွေးမြူသည့် တိရစ္ဆာန်အနည်းအများအလိုက် အစာလုံလောက်အောင်ဖြည့်ဆည်းဆောင်ရွက်ရမည့် အခြေ အနေများပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အခြေပြုဆောင်ရွက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ခြင်းကြောင့် ကျွဲ၊ နွား၊ ဆိတ်၊ သိုးနှင့် ဝက် အစရှိသည့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများကို ကျေးလက်ဒေသများသာမက မြို့စွန်၊ မြို့ဖျားနေရာများတွင် ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆောင်ရွက်လျက်ရှိပေသည်။ မွေးမြူရေးလုပ်ငန်း၏ ကုန်ကျစရိတ် ၇၀ ရာခိုင်နှုန်းခန့်သည် အစာဖိုးအတွက်ဖြစ်သဖြင့် အရည်အသွေးပြည့်ဝပြီး ရှင်သန်နှုန်းကောင်းသည့် တိရစ္ဆာန်အစာပင်များကို မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်သူတောင်သူများ စိုက်ပျိုးသင့်သည်။ တိရစ္ဆာန်အစာပင် စိုက်ပျိုးရေးလုပ်ငန်းသည် အပိုအလုပ်မဟုတ်ဘဲ တိရစ္ဆာန်များ အာဟာရပြည့်ဝစေရေး၊ လုပ်ငန်းရှင်များ အမြတ်အစွန်းပိုမိုရရှိစေမည့် စိုက်ပျိုးရေးလုပ်ငန်းလည်းဖြစ်သည်။

မြန်မာနိုင်ငံ၏ရာသီဥတုနှင့် မြေဆီလွှာအရ အောင်မြင်စွာဖြစ်ထွန်းသည့် တိရစ္ဆာန်အစာပင်များအဖြစ် နေဗီယာမြက်၊ ဒန့်သလွန်၊ ပဲမျိုးစုံအစာပင်များ၊ ရေနေအပင်များနှင့် ဘဲစားမြက်များကို တွေ့ရှိရသည်။ အိမ်ရှင်မများ ဟင်းအရည်သောက်အဖြစ် ခူးဆွတ်စားသုံးလေ့ရှိသော ဒန့်သလွန်ရွက်သည် တိရစ္ဆာန်များအတွက်လည်း အဖိုးတန်အစာပင်တစ်မျိုးဖြစ်သည်။ ဒန့်သလွန်ရွက်တွင် ပရိုတင်းဓာတ်နှင့် အာဟာရဓာတ်ကြွယ်ဝစွာ ပါဝင်ခြင်းကြောင့် နွား၊ ဝက်၊ ဆိတ်နှင့် သိုးများကို အချိုးကျရောစပ်ကျွေးမွေးနိုင်သည်။ နို့စားနွားများကို ကျွေးမွေးပါက နို့ထွက်နှုန်းသိသာစေပြီး အသားစားနွားများ၏ ကိုယ်အလေးချိန်ကိုလည်း လျင်မြန်စွာ တိုးတက်စေသည်။ အလားတူ ဆိတ်နှင့်သိုးများသည် အရွက်စိမ်းအမျိုးမျိုး စားသုံးကြသည့်အလျောက် ဒန့်သလွန်ရွက်ကို နှစ်ခြိုက်စွာ စားသုံးကြသည်။ ဒန့်သလွန်ရွက်ကို စားသုံးရာတွင် အလွယ်တကူ ဝါးစားနိုင်ခြင်း၊ အစာကြေညက်လွယ်ခြင်း၊ ကိုယ်ခံအားကောင်းမွန်ခြင်းတို့ကြောင့် အထူးနှစ်သက်ကြသည်။ ဝက်များကိုမူ ဒန့်သလွန်အရွက်စိမ်း တိုက်ရိုက်ကျွေးမွေးလေ့မရှိဘဲ အခြောက်လှန်းအမှုန့်ပြုလုပ်၍ ဝက်စာအစိုဖြစ်သည့် ဖွဲနှ၊ ဆန်ကွဲများဖြင့် ရောနှောကျွေးမွေးကြသည်။

အများအားဖြင့် မွေးမြူရေးခြံအများစုတွင် စိုက်ပျိုးသည့် မြက်အမျိုးအစားမှာ နေဗီယာမြက်ပင်ဖြစ်သည်။ အပင်ကြီးထွားနှုန်း အလွန်မြန်ဆန်ပြီး အာဟာရဓာတ်၊ ပရိုတင်းဓာတ်များ ပါဝင်ခြင်းကြောင့် နို့စားနွားနှင့် အသားစားနွားများအတွက် သင့်လျော်သည်။ နေဗီယာမြက်ကို တစ်ခါစိုက်ပျိုးပြီးနောက် ကြိမ်ဖန်များစွာ ရိတ်သိမ်းနိုင်ပြီး တစ်နှစ်ပတ်လုံး အစာမပြတ်လပ်အောင် အထောက်အကူပြုနိုင်စွမ်းရှိသည်။ ပိုလျှံပါက အာဟာရထိန်းသိမ်းသည့်နည်းလမ်းများကိုအသုံးပြု၍ နွေရာသီအစာရှားပါးချိန်တွင် ပြန်လည်အသုံးပြုနိုင်မည်ဖြစ်သည်။ နေဗီယာမြက် (Napier Grass) ကို တိရစ္ဆာန်အစာအတွက် စိုက်ပျိုးခြင်းသည် ကြီးထွားနှုန်းမြန်ဆန်သည်။ ပရိုတင်းဓာတ်၊ အမျှင်ဓာတ်၊ ကယ်လ်စီယမ်နှင့် သတ္တုဓာတ်များစွာပါဝင်သဖြင့် တိရစ္ဆာန်များစားသုံးရာတွင် အစာကြေ ကျန်းမာသန်စွမ်းစေသည်။



တိရစ္ဆာန်အစာပင် နေဗီယာမြက် စိုက်ပျိုးထားမှုကို တွေ့ရစဉ်။

နေဗီယာမြက်ကို ကျွဲနှင့်နွားများသာမက ဆိတ်နှင့်သိုးများလည်း အလွန်ကြိုက်နှစ်သက်ကြသည်။ သို့တိုင် ဆိတ်နှင့်သိုးများသည် ခန္ဓာကိုယ်သေးငယ်ခြင်းကြောင့် ကြီးရင့်သည့် မြက်ပင်ကြီးများ စားသုံးရာတွင် အခက်အခဲရှိနိုင်သဖြင့် ဆိတ်နှင့်သိုးများ စားနိုင်မည့် အရွယ်အစားရှိသည့် အပင်နုနုသို့မဟုတ် ခပ်သေးသေးမျှလှီးဖြတ် ကျွေးမွေးရပေသည်။ နွားများစားသုံးရာတွင် လွယ်ကူစေရန် နေဗီယာမြက်ကို အပင်လိုက် မကျွေးဘဲ နှစ်လက်မ၊ သုံးလက်မအရွယ်ဖြစ်အောင် စက်ဖြင့်ဖြစ်စေ၊ လက်ဖြင့်ဖြစ်စေ လှီးဖြတ်ကျွေးမွေးခြင်း၊ နေဗီယာမြက်သည် အစာကြမ်းဖြစ်သဖြင့် နွားများအတွက် သန့်ရှင်းသော သောက်ရေကို အလုံအလောက် ထားရှိပေးရမည်ဖြစ်သည်။ နေဗီယာမြက်သည် အသားဓာတ် အမြင့်မားဆုံးအချိန်ဖြစ်သည့် ၄၅ ရက်သားတွင် ခုတ်ယူကျွေးမွေးပါက အကောင်းဆုံးဖြစ်သည်။

နို့စားနွားမများ၏ ပျမ်းမျှကိုယ်အလေးချိန် အလိုက် တစ်နေ့အစာခြောက်စားသုံးမှုအလိုက် အစာလိုအပ်ချက်တွက်စစ်နိုင်ပေသည်။ နေဗီယာပတ်ချောင်း(Napier Pakchong) တစ်ဧက စိုက်ပျိုးထားပါက နွားမ ၁၀ ကောင် ကျွေးမွေးနိုင်ပေသည်။ နေဗီယာပတ်ချောင်းမြက်သည် အပင်မြင့်မျိုးဖြစ်ပြီး အုံလိုက်ပေါက်သော နှစ်ရှည်ခံအပင်ဖြစ်သည်။ အမြစ်ရှည်ပြီး ပြန့်ကားသဖြင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသည်။ မိုးရေချိန် ၃၆ လက်မ အထက်ရှိသော ဒေသတွင် စိုက်ပျိုးနိုင်သည်။ မိုးများသောဒေသ နုန်းဆန်မြေကို နှစ်သက်သည်။ အရွက်ကြီးခြင်း၊ နူးညံ့ခြင်း၊ အမွေးပါးခြင်း စသည့်အရည်အချင်းများလည်း ရှိသည်။ အပင်ပွား(အညောက်)များ အလွန်များပြားစွာထွက်ရှိသည်။ ကြံပင်ကဲ့သို့ ပင်စည်တုတ်သည်။ မရိတ်မဖြတ်ဘဲထားပါက ၁၃ ပေခန့် အမြင့်ရှိနိုင်သည်။ အပင်ရှည် အပင်မြင့်မျိုးဖြစ်၍ အစာစိမ်းအဖြစ် ခုတ်စင်းကျွေးရန်သင့်လျော်ပေသည်။ အပင်မြင့်၍ ကြီးထွားနှုန်းမြန်သဖြင့် ဆင်မြက်ဟုလည်း ခေါ်ကြသည်။ စိုက်ခင်းတွင် ငါးနှစ်မှ ခြောက်နှစ်ထိနေသော နှစ်ရှည်ခံအပင်ဖြစ်သည်။ နေဗီယာမြက် အစိုတစ်ဧက တစ်နှစ်လျှင် တန် ၁၀၀ မှ တန် ၁၂၀ ထိ ထွက်ရှိနိုင်သည်။

နေဗီယာမြက် စိုက်ပျိုးရာတွင် အပင်မှ မျိုးပွားခြင်း(ကိုင်းဖြတ်စိုက်ပျိုးခြင်း)ကို အသုံးပြုလေ့ရှိကြသည်။ မျိုးစေ့ရှင်သန်မှုနည်းပြီး အဆစ်များမှသာ မျိုးပွားစိုက်ပျိုးနိုင်သဖြင့် ရိတ်၍ကျွေးခြင်းသာ အကောင်းဆုံးဖြစ်သည်။ နေဗီယာမြက်ပင်စိုက်ပျိုးရာတွင်နှစ်ဆစ်ချန်ဖြတ်ထားရမည်ဖြစ်သည်။ ဖြတ်ထားသော အဆစ်နှစ်ဆစ်ပါ ကိုင်းကလေးများကို စောင်းလျက်အနေအထားဖြင့် တစ်ခုနှင့်တစ်ခု ကြက်ခြေခတ်ပုံသဏ္ဌာန်ထားရှိ စိုက်ပျိုးရမည်ဖြစ်သည်။ အဆစ်နှစ်ခုအနက် အဆစ်တစ်ခုကို မြေကြီးတွင် မြုပ်အောင်သွင်းပြီး ကျန်တစ်ခုကို မြေမျက်နှာပြင်နှင့် ထိအောင်ထား၍ စိုက်ပျိုးပေးရမည်ဖြစ်သည်။ အတန်းကြားအနေဖြင့် စင်တီမီတာ ၈၀ မှ ၁၂၀ အပင်ကြားအနေဖြင့် စင်တီမီတာ ၄၀ မှ ၆၀ ထား၍ စိုက်ရမည်ဖြစ်သည်။

နေဗီယာမြက်ကို အချိန်ကိုက် မှန်ကန်စွာ ရိတ်သိမ်းခြင်းဖြင့် အာဟာရဓာတ် အပြည့်အဝရရှိနိုင်ပြီး အပင်များရှင်သန်ကြီးထွားမှုကို အားပေးသည်။ အရွက်များ ရင့်သွားပါက အမျှင်ဓာတ်များ၍ အာဟာရတန်ဖိုးများ ကျဆင်းသွားနိုင်သည်။ စိုက်ပျိုးပြီး ရက်ပေါင်း ၆၀ မှ ၉၀ အတွင်း သို့မဟုတ် အပင်အမြင့်သုံးပေမှ လေးပေခန့်ရှိသည့် အရွယ်တွင် ပထမအကြိမ် စတင်ရိတ်သိမ်းနိုင်မည်ဖြစ်သည်။ ရိတ်သိမ်းပြီးနောက် ရာသီဥတုနှင့် ရေ၊ မြေဩဇာအခြေအနေများ အပေါ်တွင်မူတည်၍ ရက်ပေါင်း ၄၀ မှ ၅၀ အတွင်း ဆက်လက်ရိတ်သိမ်းနိုင်သည်။ နေဗီယာမြက်ကို ရိတ်သိမ်းရာတွင် လိုက်နာရမည့်အချက်မှာ မြေပြင်မှ နှစ်လက်မမှ သုံးလက်မခန့် အကွာအဝေးတွင် တံစဉ်သို့မဟုတ် စက်ကိရိယာများအသုံးပြု၍ ညီညာစွာ ဖြတ်တောက်ရမည်ဖြစ်သည်။

အထွက်နှုန်း အရည်အသွေးကောင်းသည့် နေဗီယာမြက်များရရှိရေးအတွက် ရိတ်သိမ်းချိန်သည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်။ အကောင်းဆုံးအထွက်နှုန်း ရရှိစေရေးမှာလည်း သင့်လျော်သော ရိတ်သိမ်းချိန်ကို သတိပြုရမည်ဖြစ်သည်။ ရှစ်ပတ်မှ ၁၀ ပတ်အတွင်း အမြင့် သုံးပေမှ လေးပေထိ ကြီးထွားလာနိုင်သည်။ နေဗီယာမြက်ကို ရိတ်သိမ်းရန် အသင့်တော်ဆုံးအချိန်မှာ အပင်သက်တမ်း ရက် ၆၀ မှ ရက် ၉၀ ရှိသည့်အချိန်ဖြစ်သည်။ ရာသီဥတုအခြေအနေနှင့် စိုက်ပျိုးစီမံခန့်ခွဲမှုအပေါ်မူတည်၍ နေဗီယာမြက်ကို တစ်နှစ်လျှင်လေးကြိမ်မှ ခြောက်ကြိမ်ထိ ရိတ်သိမ်းနိုင်ပေသည်။ မြက်ရိတ်စက်များနှင့် ထွန်စက်တွင် တပ်ဆင်အသုံးပြုသည့် မြက်ရိတ်စက်များကဲ့သို့သော အထူးပြုစက်ကိရိယာများကိုအသုံးပြု၍ မြက်များကို ရိတ်သိမ်းခြင်း၊ စည်းနှောင်ခြင်းနှင့် အပင်ပြန်ပေါက်လာစေရန်အတွက် မြေပြင်ညီညာစွာ ဖြတ်တောက်ခြင်းများ ပြုလုပ်ကြရသည်။

စက်ဖြင့်ရိတ်သိမ်းခြင်းသည် ကျယ်ပြန့်သော ဧရိယာများကို လျင်မြန်စွာပြီးစီးစေနိုင်ပြီး မြက်များကို အမြင့်ပေတူညီစွာ ဖြတ်တောက်ပေးနိုင်သဖြင့် အပင်ပြန်ပေါက်လာမှုကိုလည်း ကောင်းမွန်စေသည်။

နေဗီယာမြက်ကို ထိထိရောက်ရောက် ရိတ်သိမ်းနိုင်ခြင်းသည် အထွက်နှုန်းကောင်းစေခြင်း၊ အရည်အသွေးမြင့် တိရစ္ဆာန်အစာကို ရရှိစေခြင်းနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်ကို မြှင့်တင်ပေးရန် အထောက်အကူပြုခြင်းများကို ဖြစ်စေသည်။

နည်းပညာများ တိုးတက်လာသည်နှင့်အမျှ နေဗီယာမြက်စိုက်ပျိုး၊ ရိတ်သိမ်းခြင်းဆိုင်ရာ ဆန်းသစ်တီထွင်မှုများလည်း ပိုမိုကျယ်ပြန့်လာပြီး ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်ဆီသို့ ဦးတည်လျက်ရှိပေသည်။ ခေတ်မီနည်းစနစ်များကို အသုံးပြု ရိတ်သိမ်းပြီးနောက်ပိုင်း စီမံခန့်ခွဲမှုအပေါ် အလေးထားခြင်းနှင့် ရေရှည်တည်တံ့သော လုပ်ဆောင်မှုများကို စနစ်တကျကျင့်သုံးဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်စွမ်းအားများလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ကိုးကား

- မွေးမြူရေးနှင့်ကုသရေဦးစီးဌာနထုတ် "နေဗီယာမြက်စိုက်ပျိုးထုတ်လုပ်ရေး"စာစောင်

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ပြည်မြို့နယ်ရှိ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



ယခင်နှစ်က လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို တွေ့ရစဉ်။

ပြည် အောက်တိုဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၈ ရက် (နိုဝင်ဘာ ၁၇ ရက်) မှ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် (နိုဝင်ဘာ ၂၆ ရက်) ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော် မြတ် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အဖွဲ့ဝင် ဦးမြတ်စိုးထံမှ သိရသည်။

လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဗုဒ္ဓပူဇနိယပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၈ ရက် နံနက်ပိုင်းတွင် ဘုရားအနေကဇာတင် ပူဇော်ပွဲ၊ ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲနှင့် သံဃာတော် အရှင်သူမြတ် ၁၀၉ ပါးတို့အား ဆွမ်းဆန်တော်လောင်းလှူပွဲတို့ကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲ၊ ဆွမ်းတော်ကြီးတင် အနေကဇာတင်ပူဇော်ပွဲနဲ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုတော့ တန်ဆောင်မုန်းလဆန်း ၈ ရက်မှာ ကျင်းပမှာဖြစ်ပါတယ်။ စေတီတော်ကြီးရင်ပြင်မှာရှိတဲ့ မြတ်စွယ်တော်တိုက်မှာ တစ်နှစ်တာ ကိန်းဝပ်နေတဲ့ ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံပွဲကို တန်ဆောင်မုန်းလဆန်း ၁၁ ရက်မှာ ရင်ပြင်တော်ပေါ်မှာ ကျင်းပမှာဖြစ်ပါတယ်။ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်မှာတော့ ရင်ပြင်တော်မှာ အပူဇော်ခံနေတဲ့ မြတ်စွယ်တော်ကို ပြန်လည်ပင့်ဆောင်မှာဖြစ်ပါတယ်။ မြတ်စွယ်တော်ရင်ပြင်တော်မှာ အပူဇော်ခံနေတဲ့ကာလမှာ တန်ဆောင်တိုင်မီးပူဇော်ပွဲကိုလဲ ထည့်သွင်းကျင်းပသွားမှာဖြစ်ပါတယ်"ဟု ဦးမြတ်စိုးကပြောပြ၍ သိရသည်။ ASH

Don't Open The Door ဇာတ်ကား၌ သရုပ်ဆောင်သုံးဦး ထပ်မံပါဝင်လာ

နယူးယောက် အောက်တိုဘာ ၂၆

Don't Open The Door အမည်ရှိ ထိတ်လန့်သည်းဖိဇာတ်ကား၌ မင်းသား ရွန်လမ်းဗင်းစတန်၊ အိုမာဘင်ဆင်မီလာနှင့် မင်းသမီး ဘီဗာလီဒီအန်ဂျယ်လိုတို့ ထပ်မံပါဝင်လာကြောင်း အောက်တိုဘာ ၂၅ ရက် သတင်းများအရ သိရသည်။

Don't Open The Door ဇာတ်ကားတွင် အဆိုပါသရုပ်ဆောင်သုံးဦးတို့သည် မင်းသား တိုင်ရီဆီဂမ်ဆင်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Don't Open The Door ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ထုတ်လုပ်သူများက လျှို့ဝှက်ထားဆဲဖြစ်သည်။

Don't Open The Door ဇာတ်ကားကို ဒါရိုက်တာ ဒီယွန်တေလာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားထားကြောင်း သိရသည်။

အဆိုပါဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို ယခုသီတင်းပတ်အတွင်း စတင်မည်ဖြစ်ပြီး အဆိုပါ ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



တေးသံရှင် လေးဖြူ၏ ROCK IN THOR တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ THOR Bar တွင် ပြုလုပ်မည်ဖြစ်



ရန်ကုန် အောက်တိုဘာ ၂၆

တေးသံရှင် လေးဖြူ၏ ROCK IN THOR တေးဂီတဖျော်ဖြေပွဲကို THOR Bar ၌ နိုဝင်ဘာ ၁၁ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် လေးဖြူထံမှ သိရသည်။

ROCK IN THOR တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် လေးဖြူ၏ သီဆိုဖျော်ဖြေမှုများကို ROCK STAR Music Band တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုးတီးခတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"တစ်ချိန်က ကိုယ့်ရဲ့ Playlist ထဲမှာ အမြဲရှိခဲ့တဲ့ Rock သီချင်းကောင်းတွေကို အလွမ်းပြေနားဆင်နိုင်ဖို့ နိုဝင်ဘာ ၁၁ ရက်မှာတော့ ရင်ထဲမှာကျန်ခဲ့တဲ့ သီချင်းတွေနဲ့အတူ Rock Vibes အပြည့်နဲ့ ကိုယ့်စိတ်ကို လွတ်လပ်စွာ ဖြေလျှော့နိုင်မဲ့ ညတစ်ညကို THOR Barမှာ ဖန်တီးပေးသွားမှာဖြစ်ပါတယ်။ အမှတ်တရဖြစ်စေမဲ့ သီချင်းကောင်း များစွာနဲ့အတူ Live Music ရဲ့ အရသာကို အပြည့်အဝ ခံစားနိုင်မှာမို့ THOR Bar ကို အရောက်လာခဲ့ဖို့ ဖိတ်ခေါ်လိုက်ပါတယ်" ဟု တေးသံရှင် လေးဖြူက ပြောပြ၍ သိရသည်။

ASH

The Hole လျှို့ဝှက်သည်းဖိဇာတ်ကားကို ၂၀၂၇ ခုနှစ် ဇွန် ၂၅ ရက်တွင် ရုံတင်ရန်စီစဉ်ထား

နယူးယောက် အောက်တိုဘာ ၂၆

The Hole အမည်ရှိ လျှို့ဝှက်သည်းဖို ရုပ်ရှင်ဇာတ်ကားကို ၂၀၂၇ ခုနှစ် ဇွန် ၂၅ ရက်တွင် ရုံတင်ပြသရန် Orion Picture ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း အောက်တိုဘာ ၂၅ ရက် သတင်းများအရ သိရသည်။

The Hole လျှို့ဝှက်သည်းဖို ဇာတ်ကားကို တောင်ကိုရီးယား ဒါရိုက်တာ ကင်ဂျီဝန်းက တာဝန်ယူ ရိုက်ကူးပေးထားသည်။

The Hole ဇာတ်ကားသည် တောင်ကိုရီးယား၌ နေထိုင်သည့် အမေရိကန် ပါမောက္ခတစ်ဦး ဇနီးဖြစ်သူ ယာဉ်တိုက်မှုဖြင့်ဆုံးပါးခဲ့ပြီးနောက် လျှို့ဝှက်ချက်များနှင့် တွေ့ကြုံရင်ဆိုင်ခဲ့ရပုံကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

၎င်းဇာတ်ကားတွင် မင်းသား သီအိုဂျိမ်း၊ ခရစ္စတီယန် ဆလိတ်တာနှင့် တောင်ကိုရီးယားမင်းသမီး ဟိုယီအွန်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

The Hole ဇာတ်ကားကို တောင်ကိုရီးယား စာရေးဆရာ ဟေယောင်ပြန်း၏ The Hole (2016)ဝတ္ထုကို အခြေခံရိုက်ကူးထားခြင်းဖြစ်သည်။

The Hole ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ခရစ္စတိုဖာချန်က တာဝန်ယူရေးသားပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



မိန်းမအလိုကျ ကိုကို့ဘဝ ဇာတ်လမ်းတွဲကို HEY Play Application နှင့် HEY Play YouTube Channel တို့မှ ထုတ်လွှင့်ပြသမည်

ရန်ကုန် အောက်တိုဘာ ၂၆

ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မိန်းမအလိုကျ ကိုကို့ဘဝ ဇာတ်လမ်းတွဲကို အောက်တိုဘာ ၃၀ ရက်မှစတင်ကာ HEY Play Application နှင့် HEY Play YouTube Channel တို့မှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာ ရဲနောင်ထံမှ သိရသည်။

အဆိုပါ မိန်းမအလိုကျ ကိုကို့ဘဝ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို Skyward Art Team က ရေးသားထားပြီး ဒါရိုက်တာ ရဲနောင်က ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေး အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"မိန်းမအလိုကျကိုကို့ဘဝ ဆိုတဲ့ ဇာတ်လမ်းတွဲကတော့ အချစ်ဆုံး သူငယ်ချင်းယောကျ်ားလေးတွေရဲ့ အိမ်ထောင်သည်ဘဝဖြတ်သန်းနေကြပုံတွေကို ပျော်ပျော်ရွှင်ရွှင်ဖန်တီးထားတဲ့ ဇာတ်လမ်းတွဲဖြစ်ပါတယ်။ အချစ်ဟာသဇာတ်မြူးလေးပါ"ဟု ဒါရိုက်တာ ရဲနောင်က ပြောပြသည်။

မိန်းမအလိုကျ ကိုကို့ဘဝ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ရွှေထူး၊ ဖြိုးလေး၊ ဂျိုကာ၊ ရဲလွင်ဦး၊ ထွန်းပုလဲရတနာ၊ ဆုလိုင်၊ ပြည့်ကောင်းစုသန့်၊ စောလပြည့်ဝန်း၊ မေသက်ကျော်၊ မျိုးမျိုးခိုင်၊ ယွန်းရွှေရည်၊ ဇွဲရတီ၊ ဧည့်သည်သရုပ်ဆောင် လွန်း၊ သူရဇော်နှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားပြီး အောက်တိုဘာ ၃၀ ရက်မှ စတင်ကာ HEY Play Application နှင့် HEY Play YouTube Channel တို့မှ အပတ်စဉ် တနလ်ာနေ့မှ သောကြာနေ့ထိ ထုတ်လွှင့် သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

5-story building used for online fraud and gambling in Shwe Kokko Phase 2 demolished; systematic demolition of remaining illegal buildings continues

Systematic demolition of a 5-story building used for online gambling operations in Shwe Kokko Phase 2.



Demolition using heavy machinery.



Demolition completed.

Nay Pyi Taw October 26

The Government is prioritizing efforts to combat online fraud and online gambling as a national responsibility. To prevent the recurrence of online scam and gambling activities within illegal structures in the Shwe Kokko area—where such operations were heavily concentrated—systematic demolitions are being carried out to completely eradicate these buildings.

In ongoing operations, among the remaining illegal buildings in Shwe Kokko Phase 2 previously used for online fraud and gambling, one five-story building undergoing mechanical demolition was 100% brought down today. Additionally, the mechanical demolition of another five-story building is reported to be 70% complete as of today.

Of the 63 buildings scheduled for demolition in Shwe Kokko Phase 2, operations are categorized by building type: 25 buildings are slated for mechanical demolition using heavy machinery, 4 buildings for controlled explosive demolition, and 34 buildings—located in close proximity to residential homes—for manual floor-by-floor demolition using labour. To date, all 4 structures slated for controlled implosion and 3 of the structures slated for mechanical demolition have been brought down. Systematic demolition will proceed for the remaining 56 buildings.

The Government, recognizing online fraud and online gambling as threats to the global socioeconomic fabric and national security, is collaborating closely with neighboring and regional nations to vigorously suppress and completely eradicate these activities. 100

All plantations of groundnut harvested in Kyaukmyaung Sub-Township

Kyaukmyaung October 26

According to the data from Kyaukmyaung Sub-Township, local farmers have harvested all plantations of groundnut in Kyaukmyaung Sub-Township of Sagaing Region this year.

A total of 12,852 acres of groundnut were cultivated in Kyaukmyaung Sub-Township during this year's monsoon crop-growing season. Harvesting began in August, and all the cultivated acres have now been harvested, with an average yield of 41.49 baskets per acre, according to the relevant department.

"We cultivated 12,852 acres of groundnut in Kyaukmyaung Sub-Township during this year's monsoon crop-growing season. All the cultivated acres have now been fully harvested. The acreage cultivated exceeded the target, and groundnut cultivation has been progressing successfully. As an oilseed crop, groundnut has performed well, and its cultivation has been increasing from year to year," said Daw Po, Head of the Kyaukmyaung Sub-Township Agriculture Department.

In Kyaukmyaung Sub-Township, one and a half baskets of groundnut seeds are required to cultivate one acre. The cultivation cost, including seeds, labour, fertilizers and pesticides, exceeds K200,000 per acre. The yield is reported to exceed 50 baskets per acre.

To ensure successful groundnut cultivation and prevent pest and disease infestations and weed growth, staff from the Agriculture Department conducted field inspections of groundnut plantations and collected monitoring records. 206



This photo captures harvested groundnuts.

Dabayin Township sees completion of harvest at sesame plantations

Dabayin October 26

According to records from the Dabayin Township Agriculture Department in Sagaing Region, all the sesame cultivated during this year's monsoon crop-growing season has been fully harvested.

A total of 28,413 acres of monsoon sesame were cultivated in Dabayin Township this year. Harvesting began in August, and all the cultivated acres have now been harvested, with a yield of more than 10 baskets per acre, according to the department.

"This year, 28,413 acres of monsoon sesame were cultivated in Dabayin Township, and all the cultivated acres have now been fully harvested. We have also provided assistance to expand sesame cultivation, improve yields, and promote the adoption of Good Agricultural Practices (GAP)," said Daw Aye Myat Mon, Head of the Dabayin Township Agriculture Department.

This year, the Dabayin Township Agriculture Department provided sesame growers with agricultural education and guidance on expanding sesame cultivation, adopting proper cultivation methods and GAP practices, using good-quality, pure seeds, and selecting high-yielding varieties.

Crops cultivated and produced in accordance with GAP standards offer several advantages over those grown using other methods, including better quality and higher market prices. They can also be sold not only in domestic markets but also exported to international markets. These benefits can improve the livelihoods and socioeconomic well-being of farmers who adopt GAP practices. 206

Tomato sells well in Kyaunggon Township's markets

Kyaunggon October 26

Tomatoes are in strong demand and trading well in the fresh produce market in Kyaunggon Township, Ayeyawady Region, according to Daw Swe Swe Aung, a green grocery trader in the township.

Tomato demand and sales in the Kyaunggon Township fresh produce market have remained strong from the second week of October this year to date. Locally produced tomatoes are being traded at a volume of 5,000 to 6,500 viss per day, according to the trader.

"Tomatoes are selling well in the Kyaunggon Township market, with buyers purchasing large quantities in the local fresh produce market. The tomatoes being traded are of good quality and free from pest infestations.

"This year's tomatoes are reported to be of good quality and to have good yields," said Daw Swe Swe Aung, a fresh produce trader in Kyaunggon Township.

Tomatoes are cultivated in Kyaunggon Township, while supplies are also purchased from other areas for distribution and sale. Tomatoes are currently fetching K4,000 to K5,500 per viss amid strong trading.

Kyaw Kyaw Lin



Tomatoes seen on sale at a local market.

ChaungU Township completes harvesting of 6,000 acres of green gram



Farmers reaping green gram in a field.

ChaungU October 26

More than 6,000 acres of green gram cultivated during this year's monsoon crop season have already been harvested in ChaungU Township, Sagaing Region, according to records from the ChaungU Township Agriculture Department.

A total of 10,950 acres of green gram were cultivated in ChaungU Township during this year's monsoon crop season. Harvesting began in September, and as of today, 6,704 acres have been harvested, with an average yield of 18.46 baskets per acre.

"This year's monsoon crop season, 10,950 acres of green gram were cultivated in ChaungU Township. Harvesting is currently underway, and as of today, more than 6,000 acres have already been harvested. We are also providing agricultural education on expanding green gram cultivation and encouraging the use of good-quality, pure seeds to achieve higher yields," said U Tint Swe, Head of the ChaungU Township Agriculture Department.

This year, the ChaungU Township Agriculture Department has provided green gram growers with agricultural education and guidance on obtaining good-quality, pure seeds suited to local conditions, adopting proper cultivation methods, preventing pest infestations, using chemical fertilizers systematically, and improving crop yields.

During this year's monsoon crop season, the Agriculture Department has also been working together with farmers cultivating various pulse crops by providing good-quality, pure seeds, necessary agricultural inputs, post-harvest technology training, and other support to improve both crop yields and quality. 206

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Local authorities earmark plans to grow more than 1,000 acres of garden pea

Yinmabin October 26

According to Yinmabin District Agriculture Department, local authorities set plans to cultivate more than 1,000 acres of garden pea in Yinmabin District of Sagaing Region this year.

During the 2026-2027 winter crop-growing season, a total of 1,085 acres of garden peas are planned to be cultivated in Yinmabin District, comprising 673 acres in Salingyi Township and 412 acres in Pale Township. Cultivation is scheduled to begin in the fourth week of October this year and continue through December, according to the district Agriculture Department.

"This winter crop-growing season, more than 1,000 acres of garden peas are planned to be cultivated in Yinmabin District. We will make efforts to ensure that the target acreage is fully planted. Pea cultivation has been increasing from year to year. We will provide farmers with agricultural education on expanding pea cultivation and using good-quality, pure seeds to achieve higher yields," said Daw Sandar Moe, Head of the Yinmabin District Agriculture Department.

This year, the respective township Agriculture Departments will provide garden pea growers in Yinmabin District with agricultural education and guidance on obtaining good-quality, pure seeds suited to local conditions, adopting proper cultivation methods, preventing pest infestations, using chemical fertilizers systematically, and achieving good yields.

During this year's winter crop-growing season, the Agriculture Department is also working in cooperation with farmers engaged in growing various kinds of pulses to ensure good yields and quality. The support includes providing good-quality, pure seeds and necessary agricultural inputs, as well as training in post-harvest technologies.206

Myinmu Township plans to grow more than 13,000 acres of chickpea this year

Myinmu October 26

Statistics of Myinmu Township Agriculture Department stated that local farmers will cultivate more than 13,000 acres of chickpea as cold season crops in Myinmu Township of Sagaing Region this year.

During the 2026-2027 winter crop-growing season, 13,536 acres of chickpeas are planned to be cultivated in Myinmu Township, with planting scheduled to begin in October this year and continue through December, according to the township Agriculture Department.

"This winter crop-growing season, more than 13,000 acres of chickpeas are planned to be cultivated in Myinmu Township. We will make efforts to ensure that the target acreage is fully planted. Chickpea cultivation has been increasing from year to year. To improve crop yields and quality, we will work in cooperation with farmers to provide good-quality, pure seeds, necessary agricultural inputs, post-harvest technology training and other forms of assistance," said U Soe Paing, Head of the Myinmu Township Agriculture Department.

Farmers growing chickpeas select the Yezin-8 and Yezin-11 varieties, which are suitable for local conditions and offer good yields. The cost of cultivating one acre of chickpeas exceeds K300,000, according to the department.

During this year's winter crop-growing season, the Agriculture Department is working in cooperation with farmers engaged in cultivating various kinds of pulses to improve crop yields and quality by providing good-quality, pure seeds, necessary agricultural inputs, post-harvest technology training and other assistance. In addition, the department will coordinate with farmer facilitators to conduct awareness-raising and educational activities to encourage the use of beneficial Trichoderma fungi in pulse cultivation.

Sagaing Region has the largest area under pulse cultivation and production in Myanmar. As pulses can be grown both as a main crop and as part of multiple-cropping and intercropping systems, farmers continue to cultivate them as cash crops to generate income. 206

Maubin Township dispatches 55,000 bags of Aemahta rice to Yangon market

Maubin October 26

Daw Yi Yi Win, the owner of rice and paddy trading depot in Maubin Township of Ayeyawady Region, said that local merchants sold 55,000 bags of Aemahta rice to Yangon market in September.

Maubin Township sold only 40,000 bags of Aemahta rice, each weighing 24 pyi, to the Yangon market in August. However, the volume increased to 55,000 bags during the one-month period in September this year.

"Over the past month, we have shipped a large number of bags of Aemahta rice from this area to the Yangon market. Agricultural products from Maubin Township are primarily supplied to the Yangon market. Buyers in Yangon have also been making arrangements to purchase large quantities of Aemahta rice this month. Trading in this variety has increased over the past month and remains brisk at present. The rice bags are transported and sold mainly by road," said Daw Yi Yi Win.

In September, Aemahta rice exported from Maubin Township to the Yangon market fetched up to K95,500 per 24-pyi bag. The increased trading activity has created employment opportunities for farmers, traders, loading and unloading workers, and owners of goods transport businesses. Kyaw Kyaw Lin



A large stockpile of rice seen in a warehouse.

စပိန်တပ်မတော်က ATLAS 26 မောင်းသူမဲ့လေယာဉ်တိုက်ဖျက်ရေးစနစ်များ အောင်မြင်စွာစမ်းသပ်ခဲ့



စပိန်တပ်မတော်သည် ATLAS 26 မောင်းသူမဲ့လေယာဉ် တိုက်ဖျက်ရေးစနစ်များကို စပိန်နိုင်ငံ အနောက်တောင်ပိုင်း Huelva မြို့ရှိ Medano del Loro စက်ပစ်ကွင်းဌာ အောင်မြင်စွာစမ်းသပ်ခဲ့ကြောင်း Defence Blog သတင်းဌာနက အောက်တိုဘာ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စစ်ရေးလေ့ကျင့်မှုတွင် စပိန်အခြေစိုက် ကာကွယ်ရေးနည်းပညာကုမ္ပဏီ EM&E Group က သံချပ်ကာယာဉ်များပေါ်၌ တပ်ဆင်ထားသော အဝေးထိန်းလက်နက်စနစ်များနှင့် နှောင့်ယှက်ဖျက်ဆီးရေးကိရိယာပါ မောင်းသူမဲ့မြေပြင်သွားယာဉ်(UGV)တို့ကိုအသုံးပြု၍ ဒရုန်းအများအပြားကို ထောက်လှမ်းပစ်ခတ်ဖျက်ဆီးနိုင်ခဲ့သည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုကို စပိန်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်က ကြီးမှူးကျင်းပပြီး စပိန်ကြည်းတပ်၏လေကြောင်းရန် ကာကွယ်ရေးအမြောက်တပ်ဖွဲ့ဌာနချုပ်က တိုက်ရိုက်ကွပ်ကဲခဲ့ခြင်းဖြစ်သည်။ EM&E ကုမ္ပဏီသည် Indra Group နှင့် ပူးတွဲဖက်စပ်လုပ်ငန်းအဖြစ် တီထွင်ဖန်တီးထားသည့် ARACNE ဒရုန်းတိုက်ဖျက်ရေးစနစ်အမျိုးမျိုးပါဝင်စမ်းသပ်ခဲ့သည်။

ယခုလေ့ကျင့်မှုတွင် EM&E ကုမ္ပဏီ၏ GUARDIAN အဝေးထိန်းလက်နက်စနစ် တပ်ဆင်ထားသည့် လေးဘီးတပ်ယာဉ်နှစ်စီးပါဝင်ခဲ့သည်။ အဆိုပါစနစ်သည် ဒရုန်းများကို လျှပ်စစ်သံလိုက်လှိုင်းဖြင့် နှောင့်ယှက်ခြင်းမဟုတ်ဘဲ ကျည်ဆန်ဖြင့် တိုက်ရိုက်ပစ်ခတ်ဖျက်ဆီးသည့် Hard-kill နည်းလမ်းကို အသုံးပြုထားခြင်းဖြစ်သည်။ ထို့ပြင် EM&E ကုမ္ပဏီသည် ဒရုန်းများကို ထောက်လှမ်းရန်နှင့် ပစ်ခတ်တိုက်ခိုက်ရန် နှစ်မျိုးစလုံးအတွက် အသုံးပြုနိုင်သော GUARDIAN အဝေးထိန်းလက်နက်စနစ် တပ်ဆင်ထားသည့် ခြောက်ဘီးတပ် သံချပ်ကာယာဉ်ကိုလည်း စမ်းသပ်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ဒရုန်းနှင့်ထိန်းချုပ်သူကြား ရေဒီယိုဆက်သွယ်ရေးလိုင်းများကို စိစစ်၍ ဆက်သွယ်ရေး ဖြတ်တောက်နိုင်သည့် အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ် တပ်ဆင်ထားသော AUNAV LINK မောင်းသူမဲ့ မြေပြင်သွားယာဉ်လည်း ပါဝင်ခဲ့သည်။

စစ်ရေးလေ့ကျင့်မှုအတွင်း ဒရုန်းအများအပြားကို အောင်မြင်စွာ ထောက်လှမ်းပစ်ခတ်နိုင်ခဲ့ကြောင်း EM&E ကုမ္ပဏီက ထုတ်ပြန်ခဲ့သော်လည်း ပစ်ခတ်ခံရသည့် ဒရုန်းအရေအတွက် သို့မဟုတ် အသေးစိတ် အချက်အလက်များကိုမူ သီးခြားထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

ARACNE စနစ်သည် စပိန်တပ်မတော်၏ အဓိကဒရုန်းတိုက်ဖျက်ရေး စီမံကိန်းများအနက်တစ်ခုဖြစ်ပြီး စီမံကိန်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၄ သန်းခန့်ရှိသည်။ အဆိုပါ စီမံကိန်းအောက်တွင် စက်ကိရိယာစုစုပေါင်း ၁၄ ခု ပါဝင်ပြီး အရေးပါသည့် အခြေခံအဆောက်အအုံများနှင့် စစ်ယာဉ်တန်းများကို လေကြောင်းအန္တရာယ်မှ မဟာဗျူဟာမြောက် ကာကွယ်ပေးရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ရွှေ့ပြောင်းနိုင်သောစနစ်များကို Vamtac ST5 စစ်ဗျူဟာမြောက်ယာဉ်များပေါ်တွင် တပ်ဆင်သွားမည်ဖြစ်သည်။

ATLAS စစ်ရေးလေ့ကျင့်မှုများသည် မောင်းသူမဲ့လေယာဉ်များကို ထောက်လှမ်းခြင်း၊ အမျိုးအစားခွဲခြားခြင်းနှင့် ချေမှုန်းဖျက်ဆီးခြင်းဆိုင်ရာ နည်းပညာစနစ်များကို စမ်းသပ်ရန်အတွက် စပိန်တပ်မတော် တပ်ရင်း၊ တပ်ဖွဲ့များနှင့် ကာကွယ်ရေးစက်မှုလုပ်ငန်းရှင်များကို ပေါင်းစပ်ပေးသည့် အဓိကလေ့ကျင့်ခန်းတစ်ခုဖြစ်သည်။

ယခုနှစ် EM&E ကုမ္ပဏီ၏ စမ်းသပ်ပြသမှုများတွင် ယာဉ်များပေါ်၌ တပ်ဆင်ထားသည့် လက်နက်အခြေပြုစနစ်များအပြင် မောင်းသူမဲ့မြေပြင်သွားယာဉ်နည်းပညာနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေး ဆိုင်ရာ နည်းပညာများကိုပါ ထပ်မံဖြည့်စွက် စမ်းသပ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Spain tests new anti-drone systems at army exercise ကို ဘာသာပြန်ဆိုထားပါသည်။

ဂျပန် GSDF တပ်ဖွဲ့က လေကြောင်းရန်ကာကွယ်ရေးခုံးကျည်များ စမ်းသပ်ပစ်ခတ်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့

ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (GSDF) သည် ဂျပန်နိုင်ငံမြောက်ပိုင်းရှိ ပစ်ခတ်မှုလေ့ကျင့်ရေးကွင်းများနှင့် အမေရိကန်နိုင်ငံရှိ လေ့ကျင့်ရေးကွင်းများတွင် လေကြောင်းရန်ကာကွယ်ရေးခုံးကျည်များ စမ်းသပ်ပစ်ခတ်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြောင်း Defence Blog သတင်းဌာနက အောက်တိုဘာ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ်ရှိ McGregor Range လေ့ကျင့်ရေးကွင်းတွင်လည်း ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ အလယ်အလတ်ပစ်ခတ်မှုအကွာအဝေးရှိ မြေပြင်မှဝေဟင်ပစ်ခုံးကျည်တပ်ဖွဲ့များသည် ဂျပန်လေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (ASDF) ၏ Patriot ခုံးကျည်တပ်ဖွဲ့များနှင့် ပူးတွဲလေ့ကျင့်ခဲ့သည်။

ဂျပန် GSDF တပ်ဖွဲ့သည် ပြည်တွင်း၌လည်း Hokkaido ကျွန်းရှိ Shizunai လေ့ကျင့်ရေးကွင်း၊ Aomori စီရင်စုရှိ Rokkasho လေ့ကျင့်ရေးကွင်းနှင့် အခြားနေရာများတွင် ပစ်ခတ်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း ထုတ်ပြန်ထားသည်။ အဆိုပါလေ့ကျင့်မှုများတွင် Type 81 တာတိုပစ်မြေပြင်မှ ဝေဟင်ပစ်ခုံးကျည်စနစ်၊ Type 93 အနီးကပ်ပစ်မြေပြင်မှ ဝေဟင်ပစ်ခုံးကျည်စနစ်နှင့် Type 87 ကိုယ်တိုင်မောင်း အမြောက်ယာဉ်တို့ ပါဝင်သည်။ ၎င်းလက်နက်စနစ်များသည် ဂျပန်နိုင်ငံ၏ မြေပြင်အခြေစိုက်လေကြောင်းရန်ကာကွယ်ရေးစနစ်တွင် အနိမ့်ဆုံးနှင့် အနီးကပ်ဆုံးကာကွယ်ရေးအလွှာများကို တာဝန်ယူထားသည်။

Type 93 စနစ်တွင် အပေါ့စားသုံးယာဉ်ပေါ်၌ တာတိုပစ်ခုံးကျည်များ တပ်ဆင်ထားပြီး၊ သံချပ်ကာသံလမ်းယာဉ်ပုံစံ Type 87 တွင် ၃၅ မီလီမီတာ အမြောက်နှစ်လက် တပ်ဆင်ထားသည်။ ၎င်းစနစ်သည် လေယာဉ်၊ ရဟတ်ယာဉ်နှင့် အနိမ့်အမြင့်ပျံသန်းသည့် အခြားလေကြောင်းပစ်မှတ်များကို အနီးကပ်အကွာအဝေးမှ တိုက်ခိုက်ရန်ရည်ရွယ်ထားသည်။

အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ်ရှိ လေ့ကျင့်ရေးကွင်းတွင် ဂျပန် GSDF တပ်ဖွဲ့သည် Type 03 တာလတ်ပစ် မြေပြင်မှဝေဟင်ပစ် ခုံးကျည်စနစ်ကို ပစ်ခတ်လေ့ကျင့်ခဲ့သည်။

Mitsubishi Electric ကုမ္ပဏီမှ ထုတ်လုပ်သည့် Type 03 စနစ်သည် ဂျပန်နိုင်ငံက ၁၉၆၅ ခုနှစ်မှစတင်၍ အသုံးပြုခဲ့သော အမေရိကန်ဒီဇိုင်း HAWK ခုံးကျည်စနစ်ကို အစားထိုးခဲ့သည်။ ၎င်းစနစ်၏ ပစ်ခတ်နိုင်သည့် အကွာအဝေးမှာ ခန့်မှန်းခြေ ကီလိုမီတာ ၅၀ ဖြစ်ပြီး လေယာဉ်များ၊ ဝေဟင်မှ မြေပြင်ပစ်ခုံးကျည်များနှင့် ခရူဇ်ခုံးကျည်များကို တိုက်ရိုက်ထိမှန်စေရန် ဒီဇိုင်းထုတ်ထားသည်။

Type 03 ခုံးကျည်စနစ်သည် နယူးမက္ကဆီကိုပြည်နယ်ရှိ လေ့ကျင့်ရေးကွင်းတွင် ပစ်ခတ်လေ့ကျင့်မှုဆောင်ရွက်ခဲ့သည့်သမိုင်းကြောင်းလည်းရှိသည်။



ဂျပန်လေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့သည် McGregor Range လေ့ကျင့်ရေးကွင်းတွင် Patriot ခုံးကျည်များဖြင့် နှစ်စဉ် တိုက်ရိုက်ပစ်ခတ်လေ့ကျင့်မှုကို ၁၉၆၃ ခုနှစ်မှစတင်၍ပြုလုပ်ခဲ့သည်။ မကြာသေးမီနှစ်များအတွင်း လေ့ကျင့်မှုများ၌ မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ လေယာဉ်ပစ်တပ်ဖွဲ့များနှင့် ပူးတွဲပစ်ခတ်လေ့ကျင့်ခြင်း၊ အမေရိကန်ကြည်းတပ်၏ Patriot တပ်ဖွဲ့များနှင့် နှစ်နိုင်ငံပူးတွဲပစ်ခတ်ခြင်းတို့ ပါဝင်လာခဲ့သည်။ ၂၀၂၅ ခုနှစ် လေ့ကျင့်မှုတွင်လည်း ဒရုန်းတန်ပြန်ရေး လေ့ကျင့်ခန်းများ ထည့်သွင်းဆောင်ရွက်ခဲ့သည်။

GSDF နှင့် ASDF တပ်ဖွဲ့တို့ ပူးတွဲလေ့ကျင့်ခြင်းအားဖြင့် ဂျပန်ကြည်းတပ်နှင့် လေတပ်တို့သည် လေကြောင်းခြိမ်းခြောက်မှုများကို သီးခြားစီတုံ့ပြန်ခြင်းထက် ပေါင်းစည်းထားသည့် ကာကွယ်ရေးကွန်ရက်တစ်ခုအဖြစ် လေ့ကျင့်နိုင်သည်။ အလယ်အလတ်ပစ် Type 03 ခုံးကျည်စနစ်နှင့် ပိုမိုဝေးလံသည့် အကွာအဝေးကို ကာကွယ်နိုင်သော Patriot စနစ်တို့က လေကြောင်းပိုင်နက်၏ မတူညီသည့်အလွှာများကို တာဝန်ယူကာကွယ်ပေးနိုင်သည်။

ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့(GSDF)က လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို ပိုမိုအားကောင်းလာစေရန် ပြည်တွင်းနှင့် ပြည်ပရှိလေ့ကျင့်ရေးကွင်းများတွင် ခုံးကျည်ပစ်ခတ်လေ့ကျင့်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

Defence Blog Japanese troops test-fire air defense missiles at New Mexico range ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ဧက ၁၀၅၀ စိုက်ပျိုးမည်



ယခင်နှစ်က စားတော်ပဲစိုက်ခင်းကို တွေ့ရစဉ်။

ရေဦး အောက်တိုဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲဧက ၁၀၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရေဦးခရိုင်တွင် စားတော်ပဲ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၂၂ ဧက၊ တန့်ဆည်မြို့နယ်တွင် ၇၈၂ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ၂၄၆ ဧက စုစုပေါင်း ဧက ၁၀၅၀ တို့ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမှုကို ယခုနှစ် နိုဝင်ဘာဘာလပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးခရိုင်မှာ စားတော်ပဲဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားပါမယ်။ စားတော်ပဲ စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တောင်သူတွေကို အသိပညာပေးဆွေးနွေးတာတွေ လုပ်မယ်။ စားတော်ပဲ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ဆောင်ရွက်ပေးသွားပါမယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ယခုနှစ် ကန့်ဘလူခရိုင်တွင် စားတော်ပဲစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ခတ်မြေဩ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

စားတော်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည် ဆိုပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စားတော်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။ (၂၀၆)

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံဓလေ့မီဖွံ့ဖြိုးရေးအတွက်
အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

တောင်တွင်းကြီးမြို့နယ် တဲကြီးကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး



တောင်တွင်းကြီး အောက်တိုဘာ ၂၆

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တဲကြီးကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ တောင်တွင်းကြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ရေး ကော်မတီဝင်များနှင့်အတူ တဲကြီးကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

တောင်တွင်းကြီးမြို့နယ် တဲကြီးကုန်းကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ပုံပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ခြောက်သန်း စုစုပေါင်းငွေကျပ် ၂၁ သန်းဖြင့် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာလ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မကွေးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးထံမှ သိရသည်။

ချိုလေး

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း အုန်းသီးအလုံးရေ ၄၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဇလွန် အောက်တိုဘာ ၂၆

ဇရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဒေသထွက် အုန်းသီးအလုံးရေ ၄၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဇလွန်မြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ထက်ထက်က ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း အုန်းသီးအလုံးရေ ၄၀၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း အုန်းသီးအလုံးရေ ၄၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့ရသည့် အုန်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၉၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဇလွန်မြို့နယ်ကနေ ထွက်ရှိတဲ့ ဒေသထွက် အုန်းသီးတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်က စက်တင်ဘာလထဲမှာ အုန်းသီးတွေ ဝယ်ယူတာများခဲ့ပါတယ်။ စက်တင်ဘာလထဲမှာ အုန်းသီးအလုံးရေ ၄၅၀၀၀၀ ထိ



တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက် အုန်းသီးတွေ တင်ပို့ရောင်းချ အားတက်လာတဲ့အတွက် စိုက်ပျိုးသူတွေ အဆင်ပြေလာပါတယ်"ဟု ဇလွန်မြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ထက်ထက်က ပြောပြသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အုန်းသီးများ ပိုမိုတင်ပို့ ရောင်းချနေရသည့်အတွက် ပွဲရုံပိုင်ရှင်များ၊ အုန်းသီးစိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အင်္ဂါးလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

သဲကုန်းမြို့နယ် သဲကျောကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

သဲကုန်း အောက်တိုဘာ ၂၆

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဲကျောကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဦးစီးအရာရှိ ဦးကျော်မင်းထွန်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၇၄ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သဲကျောကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦးကို ငွေကျပ် ၃၉ ဒသမ ၂၄ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၁ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၄ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၇၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သုတ

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝ တတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်း မွန်စေသည်။



ရှေ့ဖုံးမှအဆက်

လေးနက်ထူးခြားသည့် နေ့ထူးနေ့မြတ်တစ်ရက်လည်းဖြစ်ရာ အဆိုပါသီတင်းကျွတ်လပြည့်နေ့အပါအဝင် သီတင်းကျွတ်ပွဲတော်ကာလအတွင်း ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဆီမီးများထွန်းလှူပူဇော်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊သံဃာတော်များအား ဆွမ်းလောင်းလှူခြင်း၊ သက်ကြီးရွယ်အိုများ၊ မိဘ၊ ဆရာများ၊ ဘိုးဘွားများကိုကန်တော့ခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်း၊ ဇီဝိတဒါန အဖြစ်ငါး၊ ငှက်လွှတ်ခြင်းစသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြလေ့ရှိသည့်အပြင်အထင်ကရနေရာများ၊ပန်းခြံများ၊အပန်းဖြေနေရာများ၌လည်း အပန်းဖြေခြင်းတို့ဖြင့် သီတင်းကျွတ်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။

သီတင်းကျွတ်လပြည့်နေ့ဖြစ်သော ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒကွိဏ်သီရိမြို့နယ် ဗုဒ္ဓဥယျာဉ်ဝတ္ထုကုံတော်၌ တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအပါအဝင် ဘုရားစေတီပုထိုးများ၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာနွယ်ဝင် သီလရှင်များ၊ မိဘပြည်သူများက ဝါကျွတ်ကာလအခါသမယအဖြစ် ဆီမီးများပူဇော်ခြင်းနှင့် ဖူးမြော်ကြည်ညိုခြင်းများဖြင့် လည်းကောင်း၊ မိဘ၊ ဆရာ၊ သက်ကြီးအဘိုးအဘွားများကို ပူဇော်ကန်တော့ခြင်းများဖြင့် လည်းကောင်း ကုသိုလ်ယူကြသည်။

ၾသဇာ တိုင်းဒေသကြီးနှင့် ပြည်နယ်













သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရားစေတီပုထိုးများ၊ အပန်းဖြေနေရာများ၌ ဘုရားဖူးလာရောက်သူများ၊ လာရောက်အပန်းဖြေသူ ပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ရတနာ ဆင်ဖြူတော်များ ထားရှိရာနေရာတွင် လာရောက်ကြည့်ရှု လေ့လာသူများဖြင့် စည်ကားလျက်ရှိစဉ်။

အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် မိသားစုဝင်များ မဟာသန္တရံသီ စေတီတော်ကြီး၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာ အခါတော်နေ့)တွင် ဆီမီးများ ထွန်းညှိပူဇော်စဉ်။



အခမဲ့ပို့ဆောင်ပေးလျက်ရှိမှု

ဇမ္ဗူသီရိဆေးရုံရှေ့၊ စည်ပင်ဧည့်ရိပ်သာ(၁/၂)ရှေ့၊သပြေကုန်းအိုင်း၊ပရဆေးဥယျာဉ်၊မြို့မစျေး၊ သုခတော်ဝင်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ NSA၊ ဉာဏသိဒ္ဓိရပ်ကွက်၊ ဘိုးဘွားရိပ်သာမှ မာရဝိဇယဗုဒ္ဓရုပ်ထိုဖြစ်သည်။

လမ်းကြောင်း(၂)အဖြစ် သိုက်ချောင်းလမ်းဆုံ၊ တိရစ္ဆာန်ဥယျာဉ်၊ ရေဆင်းကျေးရွာ၊ ပင်လောင်းလမ်းဆုံ၊ လှေခွင်းတောင်လမ်းခွဲ၊ ကျောက်ချက်၊ ဘောဂသီရိကာဝင်း၊ နှင်းဆီကုံကော်ပန်းအိုင်း၊ Excel Capital လမ်းဆုံ၊ တုံဂပူရိလမ်းဆုံ၊ Junction Center၊ အဆင့်မြင့်စျေး၊ ခုတင်(၁၀၀၀)ဆေးရုံ၊ မြို့မစျေး၊ သုခတော်ဝင်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်၊ နည်းပညာတက္ကသိုလ်မှ မာရဝိဇယဘုရားထိဖြစ်သည်။

လမ်းကြောင်း(၃)အဖြစ် လယ်ဝေးမြို့အောင်ဇေယျတြိဂံလမ်းဆုံ၊ လယ်ဝေးအားကစားကွင်း၊ရွှေအင်ကြင်း၊ဒကွိဏ်သီရိစျေး၊ ပန်းအိုင်း၊ ရွှေညောင်ပင်ဂိတ်၊ နေပြည်တော်ကောင်စီရုံးရှေ့၊ ဇမ္ဗူသီရိဆေးရုံ၊ စည်ပင်ဧည့်ရိပ်သာ(၁/၂)ရှေ့၊သပြေကုန်းအိုင်း၊ ပရဆေးဥယျာဉ်၊မြို့မစျေး၊သုခတော်ဝင်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊NSA၊ ဉာဏသိဒ္ဓိရပ်ကွက်၊ ဘိုးဘွားရိပ်သာမှမာရဝိဇယဘုရားထိဖြစ်သည်။

လမ်းကြောင်း(၄)အဖြစ် သိုက်ချောင်းလမ်းဆုံ၊ ခုတင်(၃၀၀)ဆေးရုံ၊ ကျည်တောင်ကန်လမ်းဆုံ၊ နေပြည်တော်ဘူတာကြီး၊ NSPU၊ အင်ကြင်းပန်းအိုင်း၊ ပတ္တာရဲစခန်းရှေ့၊ ကုမုဒြာကြာပန်းအိုင်း၊ စည်ပင်အိမ်ရာ၊ သပြေကုန်းအိုင်း၊ ပရဆေးဥယျာဉ်၊ မြို့မစျေး၊ သုခတော်ဝင်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ NSA၊ ဉာဏသိဒ္ဓိရပ်ကွက်၊ ဘိုးဘွားရိပ်သာမှ မာရဝိဇယဘုရားထိလည်းကောင်း ပြေးဆွဲပေးလျက်ရှိသည်။

ယခုကဲ့သို့ အဘိဓမ္မာအခါတော်နေ့ သီတင်းကျွတ်ရုံးပိတ်ရက်များအတွင်း လျှပ်စစ် EV ယာဉ်များနှင့် ခေတ်မီယာဉ်လိုင်းများဖြင့် အခမဲ့ပြေးဆွဲပေးခြင်းကြောင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများသို့ သွားရောက်ဖူးမြော်လိုကြသည့် ဘုရားဖူးပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုများအတွက် ခရီးစရိတ်သက်သာစွာစိတ်အေးချမ်းသာစွာသွားရောက်ဖူးမြော်နိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **သျှင်ဦးမောင်(ဒကွိဏ်)**

အသီးသီး၌ စတုဒိသာကျွေးမွေးခြင်း၊ မြန်မာ့ရိုးရာအကအလှများဖြင့် ဖျော်ဖြေခြင်း၊ ဥယျာဉ်ပန်းခြံများနှင့် အများပြည်သူအပန်းဖြေနေရာများတွင်လည်း ရောင်စုံမီးများဖြင့် မီးအလှများတပ်ဆင်ထားရှိခြင်း၊ စျေးရောင်းပွဲတော်များကျင်းပခြင်းတို့ကို ဆောင်ရွက်ထားရှိကြရာ ပြည်သူများအနေဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ လည်ပတ်အနားယူအပန်းဖြေလျက်ရှိကြသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ လမ်းများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများ တပ်ဆင်ထားပြီး မီးရောင်စုံများ တပ်ဆင်ထားသည့်ပုံစံငယ်များဖြင့် မီးအလှများ ဆင်ယင်ထားရှိကြရာ လာရောက်အပန်းဖြေကြည့်ရှုသူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သတင်းရရှိသည်။ **(၅၀၁)**

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရားစေတီပုထိုးများ၊ အပန်းဖြေနေရာများ၌ ဘုရားဖူးလာရောက်သူများ၊ လာရောက် အပန်းဖြေသူ ပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။










ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း ရောင်စုံမီးအလှများ တပ်ဆင်ထားမှုကို တွေ့ရစဉ်။

❍ **ဆိုင်ကလုန်းမုန်တိုင်းမှ**

အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်း“အာနာဘ်” သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၈ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း၌အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း အဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၂၇ရက်တွင် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်ပြီး ထိုမှတစ်ဆင့် အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ကာ အောက်တိုဘာ ၂၈ရက် မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံအင်ဒရာပရာဒေ့ရှ်နှင့် ရနမ်ကမ်းခြေတို့ကို ဘပတ်လမြို့နှင့် ဗီဆာကာပတ္တနမ်မြို့တို့ကြားမှဖြတ်ကျော်နိုင်သည်ဟုခန့်မှန်းရသည်။

ဆိုင်ကလုန်းမုန်တိုင်း “အာနာဘ်”၏ အရှိန်ကြောင့် ယနေ့ည‌နေမှ အောက်တိုဘာ ၂၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင်နေရာကွက်၍ မိုးကြိုးနိုင်သည်။

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း “အာနာဘ်”၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်ထားသည်။

(မိုး/၈လ)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲယှဉ်ပြိုင်နေမှုများ ကြည့်ရှုအားပေး





နေပြည်တော် အောက်တိုဘာ ၂၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၁ ၌ ကျင်းပလျက်ရှိသည့် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲများသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ၊ အနုသုခုမ ပညာရပ်ကိုချစ်မြတ်နိုးကြသည့် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန -၁ ရှိ နီလာခန်းမ၌ ကျင်းပလျက်ရှိသည့် "ရုပ်သေးကြိုးဆွဲ" ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲဝင်များက မင်းသားနှင့် မင်းသမီး ကြိုးဆွဲရုပ်သေးရုပ်တို့ဖြင့် ကကြိုးကကွက် စုံလင်စွာ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၁ ရှိ မြခန်းမ၌ ကျင်းပလျက်ရှိသည့် "ကာလပေါ်" တေးသီချင်းအဆိုပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲဝင်များက ဓမ္မစကြာ(ဒေါ်ကြည်အောင်) သီချင်းဖြင့် သီဆိုယှဉ်ပြိုင်နေမှုများကို ဆက်လက်ကြည့်ရှုအားပေးသည်။

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြိုင်ပွဲအမျိုးအစားများအလိုက် သတ်မှတ်ထားသည့် နေရာအသီးသီးတွင် ခမ်းနားထည်ဝါစွာ ကျင်းပလျက်ရှိပြီး ယနေ့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၁ ရှိ နီလာခန်းမ၌ ရုပ်သေးကြိုးဆွဲပြိုင်ပွဲအဖြစ် ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲနှင့် ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲကိုလည်းကောင်း၊ မြခန်းမ၌ ကာလပေါ်တေးသီချင်းအဆိုပြိုင်ပွဲအဖြစ် ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲနှင့် ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတို့ကို ကျင်းပခဲ့ကြပြီး ပြိုင်ပွဲဝင်များက အနုသုခုမရသမြောက်စွာဖြင့် ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ













နေပြည်တော် အောက်တိုဘာ ၂၆

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် "ကာလပေါ်" တေးသီချင်း အဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ရှိ မြခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "တောင်သူပျို"(ဒေါ်ကြည်အောင်) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဓမ္မစကြာ" (ဒေါ်ကြည်အောင်) သီချင်းဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

ရုပ်သေးကြိုးဆွဲပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ရှိ နီလာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသမီးပြိုင်ပွဲတွင် ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မင်းသားနှင့် မင်းသမီး ကြိုးဆွဲရုပ်သေးရုပ်တို့ဖြင့် ကကြိုးကကွက်စုံလင်စွာယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို နေပြည်တော်တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း စည်းချက်မှန်ကန်မှု၊ ကိုယ်ဟန်အမူအရာနှင့် အနုပညာခံစားချက်တို့ကို ပေါင်းစပ်တင်ဆက်ကာ မိမိတို့၏ အကပညာစွမ်းရည်ကို ပြသယှဉ်ပြိုင်ကြသည်။

ကွက်စိပ်ပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ **စာမျက်နှာ ၁၉ သို့**

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ ဆီမီးထွန်းညှိခြင်း၊ မီးပုံးပျံလွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်းတို့ဖြင့် ပူဇော်ပွဲများ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ မြန်မာ့ရိုးရာမုန့်များရောင်းချခြင်းနှင့် တပျော်တပါးလည်ပတ်သူများဖြင့် စည်ကား

မန္တလေး အောက်တိုဘာ ၂၆

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ယနေ့ညပိုင်း၌ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဆီမီးထွန်းညှိခြင်း၊ မီးပုံးပျံလွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်းတို့ဖြင့် ပူဇော်ပွဲများ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ မြန်မာ့ရိုးရာမုန့်များ ရောင်းချခြင်းများ ကျင်းပခဲ့ရာ လည်ပတ်ကြသူများဖြင့် စည်ကားခဲ့သည်။

ထိုသို့ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့၊ တာဝန်ရှိသူများသည် ရွှေစည်းခုံစေတီတော်တွင် ကျင်းပသည့် ပန်း ၅၀၀၀ ကပ်လှူပူဇော်ပွဲနှင့် ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ပွဲသို့ တက်ရောက်ပြီး ပြည်သူလူထုနှင့်အတူ ဆီမီးများ ထွန်းညှိပူဇော်ကြပြီး ရွှေစည်းခုံစေတီတော် တောင်ဘက်မုခ်တွင် သီတင်းကျွတ်ဈေးရောင်းပွဲတော်ကို လှည့်လည်ကြည့်ရှုအားပေးသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများသည် အလိုတော်ပြည့်ဘုရားတွင် ကျင်းပသော သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်သို့ တက်ရောက်ပြီး သီတင်းကျွတ်မီးထွန်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဒေသထွက်ကုန်ပစ္စည်းများနှင့် မြန်မာ့ရိုးရာမုန့်ဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် အလိုတော်ပြည့်ကွင်းတွင် ခရီးသွားပြည်သူများ ပျော်ရွှင်စွာဖြင့် မီးပုံးပျံအလုံး ၁၀၀၀ လွှတ်တင်ပူဇော်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း၊ ဆီမီးထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံများလွှတ်တင်ပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်၍ ပူဇော်ခြင်း၊ သီတင်းကျွတ်ဈေးရောင်းပွဲတော်၊ ဖျော်ဖြေရေးပွဲများဖြင့် စည်ကားခဲ့ကြောင်းနှင့် အလိုတော်ပြည့်ကွင်းတွင် အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်ထိ စုစုပေါင်း မီးပုံးပျံအလုံး ၃၀၀၀ လွှတ်တင်ပူဇော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

စာမျက်နှာ ၁၈ မှအဆက်

ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ရုက္ခဓမ္မပြဇာတ်”ဖြင့် ဇာတ်တော်၏ အနှစ်သာရနှင့် ဦးတည်ချက် ပေါ်လွင်အောင် နှုတ်စွမ်းရည်ပြသဟောပြော ယှဉ်ပြိုင်ကြသည်။

အရေးပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား၊အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြန်မာ့ဂုဏ်ရည်”ခေါင်းစဉ်ဖြင့် သီချင်းစာသားများကို သံစဉ်အမျိုးမျိုးဖြင့် လိုက်ဖက်ညီညွတ်စွာထည့်သွင်းသီဆိုကြပြီး အသံနေအသံထား၊ သံစဉ်အတက်အကျနှင့် သီဆိုဟန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ်ဖော်ကျူးယှဉ်ပြိုင်ကြသည်။

ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက မြန်မာ့ရိုးရာဆိုင်းဝိုင်း၏ ထူးခြားလှသောသံစဉ်များ၊ စည်းချက်ဝါးချက် ညီညွတ်မှုတမှုနှင့် တီးခတ်မှုအနုပညာတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ်၍ ယှဉ်ပြိုင်တီးခတ်ပြသကြသည်။

ပတ္တလားအတီးပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ကိုးပါးပေါင်းစု”(ကြိုး)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ပန်းဟေဝန်”(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ယှဉ်ပြိုင်ကြသည်။

မယ်ဒလင်အတီးပြိုင်ပွဲကို နေပြည်တော်တည်းခိုရေးစခန်း ပဇ္ဇသီရိတပ်နယ်ခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “အမင်းမင်းခရ”(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြရည်နန္ဒာ”(ဘွဲ့)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ညဉ့်သုံးယံခါ”(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လူမနော”(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဝန်ထမ်းမိသားစုများ၊ အနုပညာကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့ အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၄၄၅၀၊ ၀၈၁-၂၁၄၄၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၅၉၃၊ ၀၄၂-၂၀၂၅၅၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲများတွင် ပြိုင်ပွဲဝင်များ၏ ဆင္ခြေနေ့ ယှဉ်ပြိုင်နေမှု မြင်ကွင်းပုံရိပ်များ




















ညီညွတ်ရေးက အရေးကြီး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်း နေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး၌ သီတင်းကျွတ်ပွဲတော် သံဃာတော် အပါး ၅၀၀ အား ဆွမ်းတော်ကြီးလောင်းလှူပွဲကျင်းပ





အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် လောကာနန္ဒာစေတီတော်မြတ်ကြီး၌ သီတင်းကျွတ်ပွဲတော် သံဃာတော် အပါး ၅၀၀ အား ဆွမ်းတော်ကြီးလောင်းလှူပွဲကျင်းပစဉ်။

နေပြည်တော် အောက်တိုဘာ ၂၆

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော သီတင်းကျွတ်ပွဲတော် သံဃာတော် အပါး ၅၀၀ အား ဆွမ်းတော်ကြီး လောင်းလှူပွဲရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း၌ ပြုလုပ်ရာ စစ်တွေမြို့ နန္ဒာရာမဝရိယတ္ထိစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ နန္ဒာသီရိအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးနိုင်ဦး၊ ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေ၊ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဇောနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက နန္ဒာရာမဝရိယတ္ထိစာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွှတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နန္ဒာရာမဝရိယတ္ထိစာသင်တိုက် ဆရာတော်ထံမှ အနုမောဒနာတရား နာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှ ပေးဝေကြသည်။

ထို့နောက် သံဃာတော် အပါး ၅၀၀ တို့က စေတီတော်မြတ်ကြီး၏ လိုဏ်ဂူတော်အတွင်း ဆွမ်းခံကြွရောက်တော်မူကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ဆွမ်း၊ ဆွမ်းဟင်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းမျိုးစုံ၊ နဝကမ္မအလှူငွေများကို ဆက်ကပ်လောင်းလှူကြသည်။

ထို့ပြင် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် ဇီဝိတဒါန ငါးလွှတ်ပွဲ၊ ငှက်လွှတ်ပွဲနှင့် ဝါတွင်းကာလ သံဃာ့ဒါနဆွမ်းလောင်းလှူပွဲများကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၆

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ဇီဝိတဒါန ငါးလွှတ်ပွဲ၊ ငှက်လွှတ်ပွဲကို မန္တလေးမြို့ နန်းမြို့တောင်ဘက် မင်္ဂလာတံတားအနီး၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြပြီး သတ်မှတ်နေရာအသီးသီးတို့၌ နေရာယူကြကာ ငါး ၂၁၈ ကောင်နှင့် ငှက် အကောင် ၂၁၀ တို့ကို ဇီဝိတဒါန ကုသိုလ်အဖြစ် လွှတ်ပေးခဲ့ကြသည်။

ထို့နောက် ညနေပိုင်းတွင် နန်းမြို့အတွင်းရှိ ဆုတောင်းပြည့်ဘုရား၌ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူ ဆီမီး ၅၀၀၀ ပူဇော်ပွဲ အခမ်းအနားသို့တက်ရောက်ပြီး မြတ်စွာဘုရားအားရည်မှန်း၍ ဆီမီးထွန်းညှိပူဇော်ကာ တပ်ရင်း၊ တပ်ဖွဲ့များအလိုက် ဆီမီးပူဇော်ထားမှုနှင့် အိုးစည်၊ ဒိုးပတ်အဖွဲ့များ တီးမှုတ်ဖျော်ဖြေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။



သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး ဝါတွင်းကာလသံဃာ့ဒါန ဆွမ်းလောင်းလှူစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် ဝါတွင်းကာလသံဃာ့ဒါန ဆွမ်းလောင်းလှူပွဲကျင်းပစဉ်။

ဌာနေပိုင်းတိုင်းစစ်ဌာနချုပ်တွင် ဝါတွင်းကာလ သံဃာ့ဒါနဆွမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးနန်းမြို့အရှေ့ဘက် နန်းမြို့ရိုးနှင့် ကျုံးရေပြင်ကြားရှိ ရတနာပုံဥယျာဉ်၌ ကျင်းပပြုလုပ်ရာ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဒက္ခိဏာရာမဘုရားကြီးတိုက် ပွဲစားကြီး ကျောင်းဆရာတော် မဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏ အမှူးပြုသော သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဆွမ်းလောင်းလှူပွဲတွင် မန္တလေးမြို့ချမ်းမြသာစည်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဒက္ခိဏာရာမဘုရားကြီးတိုက် ပွဲစားကြီးကျောင်းဆရာတော် မဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏ အမှူးပြုသော သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများက သံဃာတော်အရှင်သူမြတ်တို့ကို ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများကို လောင်းလှူပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

နေပြည်တော် အောက်တိုဘာ ၂၆

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊မန္တလေး) တို့ ၏ ၁၃၈၈-၁၃၈၉ (၂၀၂၆-၂၀၂၇) ပညာသင်နှစ်အတွက် သာသနတက္ကသိုလမဟာဓမ္မာစရိယတန်း(ပထမနှစ်)သို့တက်ရောက်လိုပါက အစိုးရ ပထမကြီးတန်း၊ စေတိယင်္ဂဏစာသင်တန်း၊ သက္ကသီဟ စာသင်တန်းတစ်ခုခုအောင်မြင်ပြီး သက်တော် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါအောက်ရှိသည့် ရဟန်း/သာမဏေများ ဝင်ခွင့်လျှောက်ထားနိုင်ပြီး သာသနတက္ကသိုလမဟာဓမ္မာစရိယတန်း (ပထမနှစ်)သို့ တက်ရောက်လိုပါက သာသနတက္ကသိုလဓမ္မာစရိယဘွဲ့၊ သာသနဓဇ ဓမ္မာစရိယဘွဲ့၊ သက္ကသီဟ ဓမ္မာစရိယဘွဲ့နှင့် စေတိယင်္ဂဏ ဓမ္မာစရိယဘွဲ့ တစ်ခုခုရရှိပြီး သက်တော်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ အောက်ရှိသည့် ရဟန်း/သာမဏေများ ဝင်ခွင့်လျှောက်ထားနိုင်သည်။

ဖြေဆိုကြရမည်

သာသနတက္ကသိုလဓမ္မာစရိယတန်း(ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် အစိုးရပထမကြီးတန်းနှင့် ညီမျှသော ဝိနည်းဆိုင်ရာ(၅)ပုစ္ဆာ၊ အဘိဓမ္မာဆိုင်ရာ(၅)ပုစ္ဆာ မေးခွန်းလွှာ တစ်ခုနှင့် ပါဠိဆိုင်ရာ(၅)ပုစ္ဆာ၊ အထွေထွေဗဟုသုတ(၅)ပုစ္ဆာ မေးခွန်းလွှာ တစ်ခု စုစုပေါင်း မေးခွန်းလွှာနှစ်ခုကို နှစ်ရက် ဖြေဆိုရမည်ဖြစ်သည်။

သာသနတက္ကသိုလမဟာဓမ္မာစရိယတန်း(ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် သာသနတက္ကသိုလဓမ္မာစရိယတန်း(စတုတ္ထနှစ်)နှင့် ညီမျှသော ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာကို ပထမနေ့တွင် (က) အတ္ထယောဇနာ (ခ) ဝါကျသဒ္ဒါ (ဂ) အဓိပ္ပာယတ္ထ (ဃ) ခေတ်လေ့လာနည်းအားဖြင့် (၁၀)ပုစ္ဆာ ဖြေဆိုရမည်။ ဒုတိယနေ့တွင် ပါဠို၊ မြန်မာ၊ အင်္ဂလိပ်၊ ပြန့်ပွားဘာသာအားဖြင့် (၁၀)ပုစ္ဆာ ဖြေဆိုရမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

သာသနာ့တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် ဗုဒ္ဓဟူးနေ့မှ (အစိုးရရုံးပိတ်ရက်များမှအပ) စတင်ထုတ်ပေးသွားမည်ဖြစ်ရာ ၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် သောကြာနေ့ နောက်ဆုံးထား၍ သက်ဆိုင်ရာ တက္ကသိုလ်များ၏ မော်ကွန်းထိန်းရုံးတို့၌ တင်သွင်းနိုင်ပြီး အသေးစိတ် သိရှိလိုသောအချက်များကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်းရုံး (ဖုန်း ၀၉-၅၄၀၀၀၈၅၈၊ ၀၉-၄၂၅၀၀၈၇၂၈) နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းရုံး (ဖုန်း ၀၉-၂၀၃၅၅၇၂၂၊ ၀၉-၂၅၀၂၃၀၇၉၁)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သိရသည်။

(သတင်းစဉ်)



☆ **ကျောက်ဖိုးမှအဆက်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုဂံမြို့သစ် လောကနန္ဒာပရိယတ္တိစာသင်တိုက် နာယကဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တမေယိယအား ဖူးမြော်ကြည်ညိုး၍ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုဌေးများ ဆက်ကပ်လှူဒါန်းပြီး ဩဝါဒများ ခံယူခဲ့သည်။

ဆက်လက်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း ချို့နွဲ့ယိပေါင်းမြက်များ ရှင်းလင်းခြင်း၊ ရှေးဟောင်းအဆောက်အအုံများ၏ ယဉ်ကျေးမှုမြင်ကွင်းကို အနှောင့်အယှက် ဖြစ်စေသည့်အပင်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုဆက်လက် ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ ရွှေဆံတော်စေတီတော်၊ အလိုတော်ပြည့် ဘုရား၊ ထီးလိုမင်းလိုဂူဘုရားကြီး၊ ရွှေစည်းခုံစေတီတော်၊ လောကနန္ဒာစေတီတော် တို့သို့ သွားရောက်ဖူးမြော်ကြည်ညိုး၍ အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

● **ပြန်လည်ရောက်ရှိမှ**

ဗိုလ်ချုပ်ကျော်ကျော်ဦး ဦးဆောင်၍ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ ချုပ်မှ ဒုတိယဥက္ကဋ္ဌ(လေ့ကျင့်) ဦးဝင်းမြင့်၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် မသန်စွမ်းအားကစားသမား စုစုပေါင်း ၁၅ ဦးတို့သည် ပြေးခုန်ပစ်၊ ရေကူး၊ တိုက်ကွမ်ဒို အားကစားနည်း သုံးနည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ နိုင်ငံတော်အတွက် ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် လေးခု စုစုပေါင်းဆုတံဆိပ် ငါးခုရရှိခဲ့ပြီး နိုင်ငံ ၃၃ နိုင်ငံတွင် အဆင့်(၂၅) ရရှိခဲ့ကြသည်။

ဆုတံဆိပ်များကို ရေကူးအားကစားနည်းမှ ညီညီလင်းထက်က မီတာ ၁၅၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခု၊ မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခု၊ မီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ကြေး တံဆိပ် တစ်ခု၊ မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခု၊ ပြေးခုန်ပစ်အားကစားနည်းမှ မလော်လာဝင်းက မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခု အသီးသီးဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့သည် ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မိဘပြည်သူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဂုဏ်ပြုကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် ''Thar Zaw'' Facebook အကောင့် ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဝမ်းဘော်ဒတ်ကျေးရွာနေ ဇော်သီဟခေါ် သားဇော်ကို ည ၁၀ နာရီ ၁၅ မိနစ်တွင် အင်းတကော်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

“ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “**ပြည်သူ့ကြားက ပြည်သူ့စကား**” အစီအစဉ်မှ “**အတူလက်တွဲ ဖော်ဆောင်မှုရမည့် ငြိမ်းချမ်းရေးတွင် NUG၊ PDF အဖွဲ့အစည်းအားလုံး မှန်ကန်တဲ့အသိတရားရှိရှိ ပါဝင်ဖို့လိုအပ်**” ခေါင်းစဉ်ဖြင့် ၂၈-၁၀-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၄-၁၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် “**မအောင်မြင်တော့တဲ့ တော်လှန်ရေးကို NUG အောက်က အကြမ်းဖက် PDF တွေ ဘာ့ကြောင့် စွန့်ခွာလာကြသလဲ**”ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

✱ **ဂုဏ်ပြုကြိုဆိုမှ**

ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တပ်နယ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်ဝမ်းသာစွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြပြီး တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

◆ **အားကစားပြိုင်ပွဲမှ**

ကြည့်ရှုအားပေးပြီး ကျောင်းသားအားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားကြသည်။

ယနေ့ အားကစားပြိုင်ပွဲများအဖြစ် အမျိုးသားဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဖူဆယ်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)၌ သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲကျင်းပ



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရဇော်လွင်စိုး အဘိုးအဘွားများအား ကန်တော့ပစ္စည်းများ လှူဒါန်းကြစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် သန္တိသုခမ္မာရုံ၌ သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲ ကျင်းပစဉ်။

နေပြည်တော် အောက်တိုဘာ ၂၆

အရှေ့တောင်တိုင်း စစ်ဌာနချုပ်၏ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)၌ သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲကို ယနေ့ည နေပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ သန္တိသုခမ္မာရုံ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ကန်တော့ခံသက်ကြီးဘိုးဘွားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဘိုး၊အဘွားများကို ကန်တော့ကြပြီး အဘိုး၊အဘွားများထံ ကန်တော့ပစ္စည်းများ လှူဒါန်းကြသည်။ ထို့နောက် အဘိုး၊အဘွားများကိုယ်စား အဘိုးတစ်ဦးက ဆုတောင်းမေတ္တာပို့ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ခုနစ်ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၆

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ–ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် လာအိုနိုင်ငံသား နှစ်ဦး၊ သီရိလင်္ကာနိုင်ငံသား နှစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား တစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား တစ်ဦး၊ အိန္ဒိယနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ခုနစ်ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Counsellor Mr. Donovan Noel Diengdoh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ Counsellor Ms. Fadilah Seedeh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံရုံးမှ Second Secretary Mr.Manivan Bounkham နှင့်တာဝန်ရှိသူများ၊ သီရိလင်္ကာနိုင်ငံနှင့် နိုင်ဂျီးရီးယားနိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တွဲခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများ စနစ်တကျလွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ခုနစ်ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်စဉ်။

■ ရွှေကုက္ကိုလ်နယ်မြေမှ

အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန်တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ငါးထပ်အဆောက်အအုံ တစ်လုံးကို ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ငါးထပ်အဆောက်အအုံတစ်လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့ထိ ၇၀ ရာခိုင်နှုန်းပြီးစီးဖြိုဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ လေးလုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ဖြိုချမည့်အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် သုံးလုံးတို့ကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၆ လုံးကိုလည်း ဆက်လက်၍စနစ်တကျ ဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံများ စနစ်တကျဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငါးထပ် အဆောက်အအုံ မဖြိုဖျက်မီ တွေ့ရစဉ်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



ယမန်နေ့မှအဆက်

ဦးခိုင်မင်းကိုယ်တိုင် ထိုကဲ့သို့သော သရုပ်မှန်စာပေကိုပို့နှစ်သက်သည်။ ဖတ်ထားတာ မကြာသေးသည့်အပြင် အမှတ်တရဖြစ်နေသော စာအုပ်မို့လည်း သဘောကျမိခြင်းဖြစ်သည်။

"ဦးလေးလဲ သဘောကျတယ်ကွ ငါ့တူရ။ တစ်ပုဒ်ချင်းစီမှာ အတွေးရသတွေ၊ ပြုပြင်ပြောင်းလဲရေးတွေ၊ လိုက်နာသင့်တဲ့ခံယူချက်တွေ ပါတယ်နော်"

"ဟုတ်တယ် ဦး။ နောက်ဆုံးအပုဒ်ဆို ကျွန်တော် သဘောကျလွန်းလို့"

"ဟဟဟ... အကြိုက်တူတယ်ကွာ၊ ဦးလေးက အဲဒီဝတ္ထုကို ကျောင်းသင်ရိုးညွှန်းတမ်းထဲထိ ပြဋ္ဌာန်းစေချင်တာ။ တစ်နေ့နေ့မှာ နိုင်ငံဝန်ထမ်းတွေအဖြစ် တာဝန်ထမ်းဆောင်ကြမဲ့ လူငယ်လေးတွေအနေနဲ့ အဲဒီဝတ္ထုထဲကပေးတဲ့ မက်ဆေ့လေးကို စိတ်ထဲစွဲမြဲနေရင် နေရာတကာ "ဟုတ်ကဲ့"တွေမဟုတ်တော့ဘဲ ကျိုးကြောင်းသင့်တွေဖြစ်လာမယ်။ တစ်နည်းအားဖြင့် အပြန်အလှန်ထိန်းကျောင်း တည့်မတ်မှုတွေဖြစ်လာမယ်။ အကျိုးဆက်က တိုးတက်မှုပေါ့ ငါ့တူရာ"

"ဟုတ်ပါတယ် ဦးလေးရာ။ အမှန်ပါပဲ။ ကျွန်တော် တို့လဲ ဘဝတိုးတက်မှုအတွက် လုပ်ငန်းခွင်ဝင်နေရသူတွေပါ။ လုပ်ငန်းခွင်ထဲမှာ သဘောထားပြည့်ဝတဲ့ ဆရာရှိသလို မပြည့်ဝသူတွေက အများစုပါပဲ။ အလုပ်တစ်ခုရဖို့ မလွယ်တာမို့ သည်းခံပြီးရပ်တည်နေရပါတယ်။ လုပ်ငန်းခွင်မှာ တစ်ခုခု အကျိုးသင့်အကြောင်းသင့် ကိုယ်သိထားတာလေးတွေကို ဒါက ဒီလိုပါ ခင်ဗျလို့ ပြောလို့မရဘူး။ သူ့ထက်ငါ အစွယ်ထုတ်ပြသူတွေပါပဲ။ ငါက လုပ်သက်ဘယ်လောက်၊ ဘာရာထူးဆိုတဲ့ စာအုပ်ထဲက ပေတံတွေနဲ့ပဲ တိုင်းကြပါတယ်။ ဘာမှမလုပ်တတ်သူတွေ ကိုယ့်ဆီရောက်လာရင် စာအုပ်ကြီးဖွင့်ပြီးတော့ပဲ ပြဋ္ဌာန်းချက်တွေနဲ့ ကိုင်ပေါက်တယ်ဆရာ၊ အချို့လုပ်ငန်းခွင်အတွေ့အကြုံတွေဟာ စာအုပ်ထဲမှာ ပြဋ္ဌာန်းမထားဘဲ လက်တွေ့ကနေ သင်ယူခွင့်ရကြတာပါ"

လုပ်ငန်းခွင်မွန်းကျပ်မှုများကို ရင်ဖွင့်နေသည့် ဘေးချင်းကပ်လူငယ်လေး၏ရင်တွင်းသောကများကို ဦးခိုင်မင်း ကောင်းစွာနားလည်ပေးနိုင်ပါ၏။ သူဖတ်ထားသည့်စာများက လူငယ်လေးကိုရင့်ကျက်သော လူသားတစ်ဦးအဖြစ် ရပ်တည်စေခဲ့သည်ကတော့ သေချာပါသည်။

"စာအုပ်တွေကတော့ အကောင်းတွေချည်းပါပဲ ငါ့တူရာ။ မဖတ်ရသေးတာတွေကို ထပ်ဝယ်သွားအုံးမှပဲ"

အရောင်းရဆုံး စာအုပ်စာရင်းများကိုကြည့်ရင်း ရှေ့မှ ဦးလေးကြီးက နှစ်ထောင်းအားရဖြစ်နေလေသည်။

"အဲဒီစာရေးဆရာကို ဦးလေးသိပ်ကြိုက်တာကွ။ ငါ့တူကောသိလား"

"နာမည်တော့ သိတာပေါ့ဦးလေးရ။ စာအုပ်တွေတော့ သိပ်မဖတ်ဖူးပါဘူး"

ဦးလေးဖြစ်သူ၏တူကတော့ ဖုန်းကြော်ငြာအစီအစဉ်ပြီးကတည်းက ရုပ်သံလိုင်းဆီကို အာရုံမရောက်တော့ပေ။

"စာဖတ်သူတွေရှိသေးလို့ အရောင်းရဆုံးစာအုပ်တွေဖြစ်လာတယ်လို့ သတ်မှတ်ရမှာပေါ့နော် ဦး"

လူငယ့်စကားသံကြောင့် သူ့စကားကို ဦးခိုင်မင်း ဆင်ခြင်တွေးတောမိသည်။

"အဲဒီလို စာဖတ်သူတွေအနည်းစုရှိသေးတာကိုပဲ ကျေးဇူးတင်ရမလိုပါပဲ ငါ့တူရာ"

ကားရပ်သွားပြီးနောက် ရှေ့ခုံမှ တူအရီးနှစ်ယောက် ကားပေါ်မှ ဆင်းသွားကြသည်။

"ငါ့တူက ရန်ကုန်ကပဲလား"

"ဇာတိကတော့ ပဲခူးကပါ။ ရန်ကုန်မှာ အလုပ်လုပ်နေတာပါ ဦး"

"ဩော်..."

"ကျွန်တော်က မြောက်ဥက္ကလာပမှာနေတာပါ။ နေ့တိုင်း YBS ၃၆ နဲ့ပဲ မြို့ထဲကိုလာရတယ်။ အစကတော့ ရန်ကုန်နဲ့ အသားမကျပါဘူး ဦးရာ။ ဒီလိုပဲ ဘဝရပ်တည်မှုအတွက် စွန့်စားပြီးရောက်လာတာပါ"

နှစ်ယောက်သား စကားပြောနေရာမှ ရုပ်သံအစီအစဉ်က ဖုန်းကြော်ငြာနှင့် စာအုပ်ကြော်ငြာများအကြောင်း ပြန်ရောက်လာသည်။

"အေးကွာ။ စောစောက ရှေ့ခုံက လူငယ်ကိုတွေ့မှပဲ အချို့လူငယ်တွေ စာဖတ်အားတော်တော်နည်းလာတာကိုတွေ့ရတယ်။ လူငယ်တွေတင် မဟုတ်ပါဘူး။ လူကြီးပိုင်းတွေလဲပါပါတယ် ငါ့တူရာ"

"ဟုတ်တယ် ဦးရ... တော်တော်များများက နောက်ဆုံးပေါ် အသုံးအဆောင်တွေအကြောင်း၊ ဖျော်ဖြေရေးပစ္စည်းတွေအကြောင်းသာ စိတ်ဝင်စားကြတာ၊ ဘယ်ဖုန်းကဘယ်လို၊ နောက်ဆုံးအသစ်ကဘာ အကုန်သိကြတယ်။ စာပေဖတ်ရှုလေ့လာမှုအားနည်းတဲ့အပြင် တတ်ယောင်ကားတွေလုပ်နေကြတော့ အသုံးချခံတွေဖြစ်နေကြတာပေါ့။ ဒါပေမဲ့လဲ သူတို့ကိုယ်သူတို့တော့ အဟုတ်ကြီးထင်နေကြတာပါပဲ"

"ဦးကတော့ ရှေ့မှာထိုင်သွားတဲ့ ကောင်ကလေးကို ကြည့်ပြီးတော့ပဲ တော်တော်အားလျော့သွားတယ်။ စာအုပ် ၁၀ အုပ် အရောင်းရဆုံးဆိုပြီး ကြော်ငြာသွားတာ။ သူတစ်အုပ်မှသိသံ မကြားလိုက်ဘူး။ သူသိတဲ့ အရောင်းရဆုံးက ဖုန်းတွေချည်းပဲလေ။ ဖုန်းနဲ့စီးပွားရေးလုပ်နေတယ်ဆိုရင်တောင် စာပေကိုလဲ ပစ်ပယ်လို့မရတာ။ နယ်ကလာတဲ့ သူဦးလေးကသာ စာပေနဲ့နီးစပ်တာ၊ ကောင်ကလေးကြည့်ရတာ ဖုန်းတော့ တော်တော်ကျွမ်းကျင်နေပုံပဲ"

"ဒီလိုပါပဲ ဦးရာ၊ သုံး၊ လေးနှစ်ကလေးတွေတောင် ဖုန်းတို့၊ ကွန်ပျူတာတို့ကို ကောင်းကောင်းသုံးတတ်လူငယ်တော်တော်များများ ဖုန်းကို ဘယ်လိုသုံးရတယ်။ အင်တာနက်ကိုဘယ်လိုဖွင့်၊ စျေးနှုန်းသက်သာအောင်ဘယ်လိုဝယ်၊ ဘယ်ဆင်းကတ်တွေက စျေးသက်သာတယ် အကုန်နီးပါးသိကြတယ်။ ဒါပေမဲ့ စာကောင်းပေကောင်းတွေသိလားဆိုရင် မသိတဲ့လူငယ်ကပိုများမယ်"

"စောစောက ဟိုလူငယ်လိုပေါ့ကွာ။ ငါ့တူပြောသလိုပဲ စာအုပ်စာပေနဲ့အလှမ်းဝေးလာတော့ စာရိတ္တပိုင်းတွေပါ အားနည်းလာကြတယ်လေ။ သူတို့ပြောတဲ့ဆင်ခြေကတော့ အချိန်မရလို့၊ စီးပွားရေးတွေအဆင်မပြေလို့ စာဖတ်ချိန်မပေးနိုင်ဘူးဆိုတဲ့ စကားပဲ။ တကယ်ဖတ်ချင်စိတ်ရှိရင် အခုလို ကားစီးရင်းတောင် ရတဲ့နာရီဝက်၊ တစ်နာရီအတွင်း စာဖတ်လို့ရသေးတာပဲ ငါ့တူရာ"

လူငယ်လေးက ဦးခိုင်မင်းပြောသမျှ ခေါင်းတညိတ်ညိတ်နားထောင်နေလေသည်။

"ဟော... အဲဒီ နံပါတ် (၈)စာအုပ်လဲ ကောင်းတယ် ဦး။ ကျွန်တော်ကတော့ လကုန်မှပဲဝယ်ရမယ်။ ဝန်ထမ်းဘဝဆိုတော့လဲ လစာကိုမျှော်ကိုးပြီး စုဆောင်းနေရတယ် ဦးရေ"

လူငယ်လေး ညွှန်ပြရာစာအုပ်ကိုကြည့်လိုက်တော့ မိမိပင်မသိသေးသောစာအုပ်ဖြစ်နေသည်။ ကောင်ကလေး၏ စာပေဝါသနာပါမှုနှင့် လောကကို ရှုမြင်တတ်ပုံများကို ဦးခိုင်မင်း မလေးစားဘဲမနေနိုင်။ ရွှေတိဂုံဘုရားနားအရောက်တွင် "ကျွန်တော်ဆင်းနှင့်ပြီ ဦး"ဟု ဆိုကာ ကားရပ်သည်နှင့် ဆင်းသွားတော့သည်။

လူငယ်လေးဆင်းသွားတော့မှ ရုပ်သံမှလွှင့်သည့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲဖြေဆိုကြသူများကို အမှတ်ရမိသည်။ သူတို့ဖြေဆိုမှုများကိုကြည့်ပြီး ဖြတ်သန်းခဲ့သည့်သက်တမ်းတစ်လျှောက် စာဖတ်လား၊ မဖတ်လားကို ပြောပြနေပါလားဟု ဦးခိုင်မင်းတွေးမိခဲ့ဖူးသည်။

တတိယမြန်မာနိုင်ငံတော်ထူထောင်သူက အနော်ရထာဟု ဖြေလို ဖြေ၊ အဆင့်မြင့်တက္ကသိုလ် တက်နေသည့် ကျောင်းသားများကလည်း ပြည်ထောင်စုနေ့ကို ဇန်နဝါရီလထဲမှာဟု ပြောလို ပြော။ ခဲရာခဲဆစ်မဟုတ်သည့် မေးခွန်းများကိုပင် အယောင်ယောင်အမှားမှားဖြစ်နေသည်ကို တွေ့ရတော့ ကြည့်ချင်စိတ်များပင်မရှိလောက်အောင်ဖြစ်ခဲ့ရသည်။

နောင် နှစ်ပေါင်း ၅၀ လောက်ကြာသည့်အခါ မုန့်လက်ဆောင်းနှင့် ရွှေရင်အေးသည် အရှေ့တောင်အာရှတွင် မည်သည့်နိုင်ငံ၏ စားသောက်စရာဖြစ်သနည်းဟု မေးကြဦးမလားမပြောတတ်။ ဦးခိုင်မင်းအတွက်တော့ ဝါသနာတူခံယူချက်တူသည့် လူငယ်လေးတစ်ဦးနှင့်ဆုံစည်းခွင့်ရခဲ့သည်ကိုက အမြတ်ဟုဆိုရပေမည်။

စာမျက်နှာ ၂၅ သို့ ခ

❖ အချို့အစီအစဉ်များကျတော့လည်း ကိုယ်ကပဲ တွေးခေါ်နိုင်မှုအားနည်း၍လားမသိ၊ ဘာအကြောင်း ပြောသွားမှန်းပင် မသိလိုက်ချေ။ ခဏလေးစီးသည်ဖြစ်စေ၊ အကြာကြီးစီးသည်ဖြစ်စေ စီးနင်းသည့်အချိန်လေးအတွင်း မှတ်သားလိုက်နာစရာ တစ်ခုခုကျန်လျှင်ပင် အကျိုးဖြစ်ထွန်းပေမည်ဟု တွေးတောနေတုန်းမှာပဲ- "ခရီးသည်များအားလုံး ဂိတ်ဆုံးပါပြီ"ဟူသော ကားဆရာ၏ သတိပေးသံအဆုံးတွင် ကားကြီးက ဆူးလေသို့ ရောက်ရှိလာခဲ့ပြီဖြစ်လေသည်။ ❖

ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၁၃၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ခင်ဦး အောက်တိုဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၁၃၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ဖူးစားပြောင်း ၅၇၀၅ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၁၃၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ဖူးစားပြောင်း ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသီပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင် တောင်ပိုး ကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့် အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မွဲဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း မျှင်ငါးပိ ပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

လပွတ္တာ အောက်တိုဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း မျှင်ငါးပိ ပိသာချိန်အများအပြား တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ဒေသထွက် မျှင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိရာ ဩဂုတ်လအတွင်း မျှင်ငါးပိ ပိသာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း မျှင်ငါးပိ ပိသာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မျှင်ငါးပိအပါအဝင် ဒေသထွက်ကုန်တွေ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း မျှင်ငါးပိ ပိသာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိမှာလဲ မျှင်ငါးပိတွေ အဝယ်လိုက်နေပါတယ်"ဟု လပွတ္တာမြို့နယ်ငါးပိ၊ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသခံရေလုပ်သားများထံမှ မျှင်ကောင်များကို ဝယ်ယူပြီး မျှင်ငါးပိအဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ မျှင်ငါးပိတစ်ပိသာလျှင် အရည်အသွေးပေါ်မူတည်ပြီး ငွေကျပ် ၂၁၀၀၀ မှ ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

á စာမျက်နှာ ၂၄ မှအဆက်

ရှေ့ခုံမှာထိုင်သွားသည့် ဦးလေးကြီး၏ တူကတော့ သူသိသမျှ အရောင်းရဆုံးများနှင့်ပဲ သူ့အရည်အသွေးကိုပြသွားခဲ့သည်။ ထိုသူငယ်လေးအတွက် ကြားထဲကနေ စိုးရိမ်မိပြန်သေးသည်။ ဘတ်စကားပေါ်မှာ ပြသနေသည့် ရုပ်သံအစီအစဉ်ကိုကြည့်ပြီးတော့လည်း တီဗီပြသမည့်အတူတူ ခရီးသွားပြည်သူများ လိုက်နာကျင့်သုံးသင့်သည့် ရုပ်သံဇာတ်လမ်းတွဲလေးများ ပြသမည်ဆိုပါလျှင် ချက်ချင်းလက်ငင်းကို အကျိုးထူးခံစားနိုင်လိမ့်မည်ဟူ၍ ကိုယ်ပိုင်အတွေးဖြင့် မြင်ကြည့်မိသေးသည်။

မြန်မာစာ မြန်မာစကားကို ပျက်စီးယိုယွင်းအောင် ဖန်တီးနေသူများအတွက် ဟိုစဉ်တုန်းကလို ပညာပေးဇာတ်လမ်းတွဲလေးများပြသလျှင် အကျိုးရှိမည်ဟု ကိုယ့်ဘာသာသုံးသပ်မိသည်။ ကိုယ်တွေ့ယစ်ဉ်ကလည်း ထိုပညာပေးဇာတ်လမ်းလေးများကိုကြည့်ပြီး အမှားအမှန် ခွဲခြားခဲ့ရခြင်းဖြစ်၏။ စာဖတ်မှုအားနည်းသည့် လူကြီးလူငယ်များအပေါ်မှာ စာပေ၏အရေးပါမှုအကြောင်း ရုပ်သံများမှတစ်ဆင့် တစ်ကျော့ပြန်ပညာပေးလျှင် ကောင်းမှာပဲဟု စိတ်ကူးမိသည်။

အချို့အစီအစဉ်များကျတော့လည်း ကိုယ်ကပဲ တွေးခေါ်နိုင်မှုအားနည်း၍လားမသိ၊ ဘာအကြောင်း ပြောသွားမှန်းပင် မသိလိုက်ချေ။ ခဏလေးစီးသည်ဖြစ်စေ၊ အကြာကြီးစီးသည်ဖြစ်စေ စီးနင်းသည့် အချိန်လေးအတွင်း မှတ်သားလိုက်နာစရာ တစ်ခုခုကျန်လျှင်ပင် အကျိုးဖြစ်ထွန်းပေမည်ဟု တွေးတောနေတုန်းမှာပဲ –

"ခရီးသည်များအားလုံး ဂိတ်ဆုံးပါပြီ"ဟူသော ကားဆရာ၏ သတိပေးသံအဆုံးတွင် ကားကြီးက ဆူးလေသို့ရောက်ရှိလာခဲ့ပြီဖြစ်လေသည်။

အချိန်ပိုင်းလေးအတွင်း ဆုံတွေ့ခဲ့ရသော လူငယ်နှစ်ဦးဆီမှ အတွေးအမြင်လေးများသည် အနာဂတ်နိုင်ငံတော်တည်ဆောက်မှုအတွက် အရေးပါသောအုတ်မြစ်လေးများ ဖြစ်သည်ကိုတော့ အခြားသူတွေတွေးမိချင်မှတွေးမိပါလိမ့်မည်။

စာပေဖတ်ရှုမှုအလေ့အထများမှမြစ်ဖျားခံလာသော အကျင့်စာရိတ္တကောင်းတို့ဖြင့်သာ အေးချမ်းသာယာမှုများနှင့် တိုးတက်ထွန်းကားသော လူဘောင်တစ်ခုကို မလွဲမသွေတည်ဆောက်နိုင်လိမ့်မည်ဟုမှတ်ချက်ပြုရင်း ဦးခိုင်မင်း ခြေလှမ်းများကို မြို့တော်ခန်းမရှေ့သို့ ဆက်လက် ဦးတည်လျက်။

နင်လားလေဟဲ့ အယ်လ်နီညို

- လူတို့နေရာ ဤကမ္ဘာတွင်
ရာသီဥတု ပြောင်းလဲမှုကို
အနှံတုရင်ဆိုင် ကျော်လွှားနိုင်အောင်
ဆိုင်ရာသုတ သိပ္ပံးကြ၍
ကျနလိုက်နာ သင့်ဝန်တာ။

- ဥတုခေါ်ဆို အယ်လ်နီညိုကြောင့်
ပိုမိုမြင့်မား ပူအေးများသည်
တားဆီးမလွယ် ခက်ခဲကြွယ်လည်း
နယ်ပယ်အလိုက် ဂရုစိုက်၍
လိုက်နာပြင်ဆင် ညီညာယှဉ်သော်
ဘေးလျှင်ကင်းကွာ လူ့ခွင်သာ။

- ချောင်းမြောင်းမြစ်ရေ မြေအောက်ရေနှင့်
ရေအရင်းမြစ် ချေတာစစ်၍
တားရစ်ပေါင်ဆယ် ချို့နွယ်သန့်ရှင်း
ဆိပ်တောက်ကင်းအောင် ဝိုင်းဝန်းဆောင်လေ
အောင်ရေမြေချစ် အကျိုးဖြစ်။

- သြော်... နည်းလမ်းတကျ ကျင့်သုံးကြ၍
မျှတရေမြေ လုံလောက်လေအောင်
များဆွေလူထု ညီညွတ်မှုဖြင့်
ယခုကစ ပါဝင်ကြလော့
သာစွရာသီ ဖန်တီးညီလော့
ပြည်သူပြည်သား တို့အများသည်
လေးထားတစေ ကြိုပြင်ချေက
မသွေလန်းဆန်း ရင်ဆိုင်စွမ်းကြောင့်
အောင်ပန်းထိုထို ပိုင်ဆိုင်ပို
နင်လားလေဟဲ့ အယ်လ်နီညို။ ။

ညွန့်ဝင်း(နတ်တလင်း)

မင်းလှမြို့နယ် ရွှေဝါမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မင်းလှ အောက်တိုဘာ ၂၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရွှေဝါမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ရွှေဝါမြိုင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၆ ဦးကို ရန်ပုံငွေကျပ် ၅၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးမြတ်**

ဇော်လေး

စက်ဝန်းလည်သော သဘောလက္ခဏာများ

"လူတို့၏အသက်ရှင်သန်နေထိုင်မှုတွင် ကာယစွမ်းအားထက် ဉာဏ်စွမ်းအားကို ပိုမိုအသုံးပြုကြရသည်။ ထို့ကြောင့် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုထက် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုက ဘဝတန်ဖိုးကိုတိုးတက်စေပါသည်။

ကာယဖွံ့ဖြိုးမှုမှာ အကန့်အသတ်ရှိသော်လည်း ဉာဏ်ဖွံ့ဖြိုးမှုတွင်မူ အကန့်အသတ်မရှိဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်၍ရပါသည်။

ဂျာမန်ကဗျာဆရာ ဂေါ်ထေး(၁၇၄၉-၁၈၃၂)
(John Wolfgang Von Gothe, German Poet)

ချစ်ခင်လေးစားရပါသောစာဖတ်သူများကို ဤအကြောင်းအရာအား ရေးသားတင်ပြခြင်းရည်ရွယ်ချက်ကား အများစုက သိထားပြီးဖြစ်ကြသော အကြောင်းခြင်းရာများကို လေ့ရှည်ပြီးရှင်းပြနေသေးတယ်ဟု မယူဆစေလိုပါ။ အကြောင်းအကျိုးဆက်စပ်ဆင်ခြင်ခြင်း၊ သုံးသပ်အဖြေထုတ်ခြင်းသဘောကို စာသင်ကျောင်းများတွင် ငယ်စဉ်ကပင် သင်ယူလေ့လာဖူးကြပါသော်လည်း လက်တွေ့ဘဝဝယ်အသုံးပြုခြင်းနည်းပါးကြကြောင်း သတိပြုမိပါ၏။ စနစ်တကျ တွေးခေါ်ခြင်း၊ ကြောင်းကျိုးဆင်ခြင်ဆက်စပ်လျက် အနက်အဓိပ္ပာယ်ကောက်ယူတတ်ခြင်းအလေ့အထများကို ဒဂုန်ရွှေမျှား၊ ဓူဝံ၊ မောင်သက်နောင်၊ မိုးဝေ၊ ဆွေလှိုင်ဦး၊ မင်းသိခ်နှင့် ဝင်းမောင်ထွန်း၊ တက္ကသိုလ်တင်မြင့် စသည်တို့၏ စုံထောက်ဝတ္ထုများကိုဖတ်ရှုပါလျှင် တွေ့မြင်နိုင်ပေသည်။ စုံထောက်ဝတ္ထုကောင်းများသည် စာဖတ်ပရိသတ်ကို ဆက်စပ်တွေးခေါ်သောဆင်ခြင်ဉာဏ်ကို အားပေးပျိုးထောင်သဖြင့် စာဖတ်သူများက သဘောကျစွဲလမ်းကြရလေသည်။

အင်္ဂလိပ်စာရေးဆရာ ဆာအာသာကိုနင်ဒွိုင်းရေးသော ကမ္ဘာကျော်စုံထောက်ရှာလော့ဟုမ်းနှင့် သူ၏လုပ်ဖော်ကိုင်ဖက် ဒေါက်တာဝပ်ဆင်တို့ပါဝင်သောဝတ္ထုများဆိုလျှင် နှစ်ပေါင်းများစွာကြာမြင့်သည့်တိုင် ပရိသတ်များဖတ်ရှုကြဆဲပင်။ ယင်းဝတ္ထုအချို့ကို ကျောရိုးပြကာ စာရေးဆရာကြီးအလက်ဇန္ဒားကျော်စွာရွှေဥဒေါင်း(၁၈၈၉-၁၉၇၃)က စုံထောက်မောင်စံရှားဝတ္ထုများသည်လည်း မူရင်းဇာတ်အိမ်ဇာတ်ကွက်အချို့တ်အဆက်ကောင်းခြင်း၊ သဘာဝယုတ္တိရှိခြင်း၊ အရေးအသားချောခြင်းအပြင် ဘာသာပြန်ရာတွင် မြန်မာဆန်ဆန်ရေးဖွဲ့ပုံကောင်းခြင်း၊ မြန်မာ့လူနေမှုဘဝနှင့် မြန်မာလူမှုပတ်ဝန်းကျင်နှင့် လိုက်လျောစွာဖန်တီးနိုင်ခြင်းတို့ကြောင့် ရွှေဥဒေါင်း၏ မောင်စံရှားဝတ္ထုများသည် ဘယ်အချိန်ဖတ်ဖတ် မရိုးနိုင်အောင်ဆွဲဆောင်ဖမ်းစားဆဲဖြစ်နေပေသည်။ ဝတ္ထုဖွဲ့သူက အဆုံးသတ်အဖြေမထုတ်သေးမီ စာဖတ်သူ ယုန်ထင်ကြောင်ထင်ဖြစ်အောင် ဝင်္ကပါလမ်းကြောင်းသို့ဆွဲခေါ်ခြင်း၊ ဝေခွဲရခက်အောင် နိမိတ်ပြ၍ စဉ်းစားစေခြင်း စသောဉာဏ်ကစားစေသောအလှည့်အပတ်နှင့် ပြဿနာအဖြေရှာတတ်အောင်အလုပ်ပေးခြင်းတို့လည်း ပါဝင်ကြလေသည်။

စာမဖတ်သူထက် စာဖတ်သူက သဘာဝနိယာမများအကြောင်း ဗဟုသုတပိုရရှိ၏။ စာမဖတ်သူထက် စာဖတ်ဝါသနာပါသူများက စာထဲမှ ဇာတ်ကောင်လူဆိုး၊ လူကောက်၊ လူရိုး၊ လူတော်၊ လူအမျိုးမျိုး၏ စရိုက်တို့ကို ထိတွေ့လေ့လာခွင့်ရသဖြင့် လူတွေအကြောင်း ပို၍သိမြင်ရသည်။ မရောက်ဖူးသောနေရာများကို စိတ်နှင့်ရောက်ရသည်။ မတွေ့ကြုံဖူးသောရေခဲသည့်ရာသီဥတုမျိုး၊ ပူပြင်းလှသောအာဖရိကဆာဟာရသဲကန္တာရထဲက ပတ်ဝန်းကျင်အခြေအနေမျိုးကို စာထဲကအရေးအဖွဲ့အရ ကိုယ်တိုင်ထိတွေ့ခံစားကြုံခွင့်ရ၏။

လွန်လွန်ကဲကဲတင်စားမှုစကားဟုဆိုလျှင်ဆိုပေတော့။ ရုရှားသမ္မတကြီး ဗလာဒီမာပူတင်က "ဤလောကတွင် လူအမျိုးမျိုးအစားစားကွဲပြားစွာရှိနေသည်ဟု ဆိုကြသော်လည်း စင်စစ်မူ နှစ်မျိုးသာရှိပါသည်။ ယင်းနှစ်မျိုးမှာ ကမ္ဘာကျော်ရုရှားစာရေးဆရာဖြိုဒေါ်ဒိုစတိုယက်ဗ်စကီ(၁၈၂၁-၁၈၈၁)(Fyodor Dostoevsky)ရေးသောစာအုပ်များကို ဖတ်ဖူးသူနှင့် မဖတ်ဖူးသူဟူ၍ လူနှစ်မျိုးနှစ်စားကွဲပြားကွာခြားကြခြင်းဖြစ်ပါသည်"တဲ့။ စာဖတ်ကြသည့်လူများက လူလူချင်းစာနာနားလည်တတ်ခြင်းနှင့် စာမဖတ်သူလူများက ကိုယ်ချင်းစာတရားနှင့် မေတ္တာတရားခေါင်းပါးကာ ရိုင်းစိုင်းကြမ်းတမ်းကြခြင်းကို ဖော်ညွှန်းလိုခြင်းလည်းဖြစ်ကောင်းဖြစ်မည်။ နယ်မြေဧရိယာအကျယ်ဆုံးနိုင်ငံကြီးတစ်ခုကို ဥရောပNATO အုပ်စုနိုင်ငံပေါင်း ၃၀ ကျော်နှင့် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးအားပြိုင်ရင်း နှစ်ပေါင်း ၂၀ လောက် နိုင်ငံခြေငါးဆောင်တာဝန်ယူနိုင်သူ သမ္မတပူတင်၏ ဆိုစကားသည် ကျယ်ဝန်းပေသည်။ ဘာပဲဖြစ်ဖြစ် စာဖတ်ခြင်းကိုကား အထင်ကြီးလေးစားထိုက်ကြောင်း တွေ့ရပေမည်။

စက်ဝန်းပမာလည်ပတ်နေကြသော လက္ခဏာများအကြောင်းက သိပြီးသားများကို အကြောင်းအကျိုးနှင့် ဆက်စပ်တွေးခေါ်သုံးသပ်လျက် တိတိကျကျအသုံးချတတ်စေရန် ဖော်ပြလိုခြင်းဖြစ်ပါသည်။

ယေဘုယျအားဖြင့် လူသားက သိသိသာသာ မပြောင်းလဲနိုင်သောစက်ဝန်းလည်သည့် အလှည့်ကျလည်ပတ်မှု ငါးခုရှိ၏။ **၁။ နေ့နှင့်ညအလှည့်ကျဖြစ်ပေါ်တတ်ခြင်း။** နေ့ပြီးည၊ ညပြီးနေ့။ **၂။ သုံးရာသီနိယာမ။ နွေ၊ မိုး၊ ဆောင်း၊ နွေ၊ မိုး၊ ဆောင်း။ ၃။ ခုနစ်နေ့နိယာမ။ နွေ၊ လာ၊ ဂါ၊ ဟူး၊ ကြာ၊ သော၊ နေ၊ နွေ၊ လာ။ ၄။ ဆယ့်နှစ်လနိယာမ။ ဇန်၊ ဖေ၊ မတ်၊ ဧ၊ မေ၊ ဇွန်၊ ဇူ၊ သြ၊ စက်၊ အောက်၊ နို၊ ဒီ သို့မဟုတ် တန်ခူး၊ ကဆုန်---တပေါင်း။ လအစဉ်ထုံးစံအတိုင်းမြစွာသွားနေခြင်း။**

သဘာဝအချိန်ရာသီစက်ဝန်းကို လူကနှေးအောင်ဖြစ်စေ၊ မြန်အောင်ဖြစ်စေ၊ မဖန်တီးမပြောင်းလဲနိုင်ပေ။ သို့တစေ လူတို့၏ ကမ္ဘာပေါ်ရှိသစ်တောသစ်ပင်များကို ခုတ်ထွင်ရှင်းလင်းကြခြင်း ဆိုးကျိုးကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်များ လေထုအလွှာထဲမှာများလာခဲ့ခြင်း၊ အိုဇုန်းလွှာပေါက်ပြဲခြင်း၊ နေရောင်ခြည်ကျရောက်မှုများသဖြင့် ရာသီဥတုပိုမိုပူနွေးလာခြင်း၊ ရာသီဥတုလွန်ကဲ၍ ပိုမိုပြင်းထန်ဖောက်ပြန်လာခြင်းတို့ကား ကြုံတွေ့လာနေကြရပြီ။ ကမ္ဘာ့သမုဒ္ဒရာကြမ်းပြင်အထက်သို့ ရေမျက်နှာပြင်မြင့်တက်လာသဖြင့် နောင်အနှစ် ၂၀ အကြာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နယ်မြေ ၅၀ ရာခိုင်နှုန်းကျော်သည် ဘင်္ဂလားပင်လယ်အောက်သို့ နစ်မြုပ်သွားနိုင်ဖွယ်ရာရှိနေလေသည်။

လူကကြုံတင်ပြောင်းလဲပြုပြင်နိုင်ခြင်းမရှိသည့် ပတ်ခြင်းနိယာမထိ စက်ဝန်းလည်ခြင်း အထက်ပါလေးမျိုးကို ပြုပြင်ရန်မစဉ်းစားချင်လည်းနေပါ။ မိုးပြို၊ အများဟုထားလိုက်ကြစို့။ လူသားက ကြိုတင်ပြင်ဆင်ပြုပြင်နိုင်သော စက်ဝန်းလေးမျိုးတော့ ရှိနေပါသေးသည်။ ကောင်းသတင်းဖြစ်ပေသည်။ လူကစီမံထိန်းကျောင်းနိုင်သည့် စက်ဝန်းနိယာမ လေးခုကား-

၁။ လာဘ်လာဘပစ္စည်းဥစ္စာပေါကြွယ်ဝခြင်းနှင့် မရှိဆင်းရဲခြင်း။

၂။ အခွေအရံသင်းပင်းများခြင်းနှင့် အထီးကျန်ဝိုင်းပယ်ခံရခြင်း၊ မိမိကို အဖက်လုပ်ပေါင်းသင်းသူ မရှိခြင်း။

၃။ ချီးကျူးဂုဏ်ပြုခံရခြင်းနှင့် ရှုတ်ချကဲ့ရဲ့ပြစ်တင်ခံရခြင်း။ (လူလေးစားခံရခြင်းနှင့် လူလေးစားမခံရခြင်း)

၄။ ကိုယ်စိတ်နှစ်ပါးချမ်းသာခြင်းနှင့် ဆင်းရဲခြင်း။

လောကခံတရားရှစ်ပါးကို ပါဠိလိုကား လူသိများကြပါပေသည်။ လာဘော၊ အလာဘော၊ ယသော၊ အယာသော၊ နိန္ဒာပသံသာ၊ သုခံ ဒုက္ခံဟူသော ဘဝခရီးမှာ ကြုံရလေ့ရှိသည့် အနိမ့်အမြင့်အတက်အကျ၊ အကောင်းအဆိုးသဘာဝပင် မဟုတ်ပေလော။ မည်သူမဆို အနည်းနှင့်အများကြုံရမြဲမမွတာပါ။ ငွေကြေးဥစ္စာချမ်းသာကြွယ်ဝလို့လည်း ထောင်လွှားမောက်မာဘဝင်မမြင့်မိစေနှင့်။ ဆင်းရဲလို့လည်း စိတ်ဓာတ်ကျမနေလေနှင့်။ ချီးမွမ်းချီးကျူးခံရသဖြင့်လည်း ခြေဖျားမထောက်မိစေနှင့်။ ကဲ့ရဲ့ပုတ်ခတ်ခံရ၍လည်း အားမငယ်နှင့်။ ချီးမွမ်းလည်းခံရဖူးမှာဖြစ်သကဲ့သို့ ရှုတ်ချချိုးနှိမ်ခြင်းကိုလည်း ကြုံရတတ်သည်သာ။

လူ့ဘဝသည် ပြောင်းလဲနေသဖြင့် အနိမ့်အမြင့်၊ အတက်အကျတို့သည်လည်း မတည်မြဲ။ စိတ်ချမ်းသာခြင်း၊ အလိုဆန္ဒပြည့်ဝခြင်းလည်းရှိဖူးမည်။ စိတ်ဆင်းရဲခြင်း၊ မိမိချစ်ခင်နှစ်သက်သူနှင့် တစ်နေရာစီ ဝေးကွာရခြင်းဖြစ်စေ၊ တစ်ဘဝစီခြားရခြင်းဖြစ်စေ ခွဲခွာကွဲကွာရသဖြင့် ပူဆွေးကြေကွဲဝမ်းနည်းစိတ်ဆင်းရဲခြင်းလည်းကြုံရတတ်၏။ မိမိတစ်ဦးတည်းကြုံတွေ့ရခြင်းမဟုတ်။ ရှေ့မှာအလားတူကြုံကြရသူများလည်းအသရော်။ အနန္တရှိကြ၏။ နောင်အခါလည်း လူသားများအဖို့ သူသူငါငါကြုံတွေ့ခံစားရမည့် သုခ၊ ဒုက္ခသဘောသဘာဝပါတကား။ မတုန်လှုပ်ဘဲ သတိတရားဖြင့် ယောနိသောမနသီကာရ၊ အသင့်အတင့် နှလုံးသွင်းတတ်ရပါမည်။ ဤသုံးသပ်ချက်ကို နားလည်လက်ခံပြီး လက်တွေ့ကျင့်သုံးနိုင်ရပေမည်။

စက်ဝန်းလည်သော သဘောလက္ခဏာကဲ့သို့ အချိန်ကာလအားဖြင့် နေ့နှင့်ညသည်လည်းကောင်း၊ ဥတုသုံးရာသီတို့သည်လည်းကောင်း၊ နေ့နံခုနစ်နေ့တို့သည်လည်းကောင်း၊ ၁၂ လအပိုင်းအခြားတို့သည်လည်းကောင်း အဖန်တလဲလဲဖြစ်ခြင်း၊ တဝဲလည်လည်ဖြစ်နေခြင်းကို တွေ့မြင်ရပေပြီ။ အသစ်အခြေအနေတစ်ခုခုတိုးမလာပေ။ အဟောင်းထဲမှ နေ့၊ လ၊ ရာသီတို့လည်း ပိုတိုးလာခြင်း၊ လျော့ပါးသွားခြင်းမရှိပေ။ ယင်းကိုပင် ပါဠိလို သံသာရဟုခေါ်၍ မြန်မာဘာသာမှမွေးစားယူလိုက်သောအခါ သံသရာဆိုသည့်ဝေါဟာရဖြစ်ပေါ်ခဲ့ရလေသည်။

❖ စက်ဝန်းလည်သောသဘောလက္ခဏာကဲ့သို့ အချိန်ကာလအားဖြင့် နေ့နှင့်ညသည်လည်းကောင်း၊ ဥတုသုံးရာသီတို့သည်လည်းကောင်း၊ နေ့နံခုနစ်နေ့တို့သည်လည်းကောင်း၊ ၁၂ လအပိုင်းအခြားတို့သည်လည်းကောင်း အဖန်တလဲလဲဖြစ်ခြင်း၊ တဝဲလည်လည်ဖြစ်နေခြင်းကို တွေ့မြင်ရပေပြီ။ အသစ်အခြေအနေတစ်ခုခုတိုးမလာပေ။ အဟောင်းထဲမှ နေ့၊ လ၊ ရာသီတို့လည်း ပိုတိုးလာခြင်း၊ လျော့ပါးသွားခြင်းမရှိပေ။ ယင်းကိုပင် ပါဠိလို သံသာရဟုခေါ်၍ မြန်မာဘာသာမှမွေးစားယူလိုက်သောအခါ သံသရာဆိုသည့်ဝေါဟာရဖြစ်ပေါ်ခဲ့ရလေသည်။ ❖

သံသရာစက်ဝန်း၏ မရပ်မနားအဖန်တလဲလဲဖြစ်ခြင်းသဘောများကို ရှုမြင်သုံးသပ်ထားတတ်ပါက လူ့ဘဝအနိမ့်အမြင့်၊ အတက်အကျ၊ ဆင်းရဲချမ်းသာ၊ အကောင်းအဆိုးအမျိုးမျိုးကို နိမ့်တုံမြင့်တုံတွေ့ကြုံကြရမည့်ဓမ္မတာသဘောကို နားလည်ထားပြီးပြီ။ အထူးအဆန်းမဟုတ်တော့သကဲ့သို့ အလန့်တကြားစိတ်လှုပ်ရှားစရာအတွေ့အကြုံမျိုးလည်း မဟုတ်တော့ပါပေ။

ဤသို့ဆိုသဖြင့် ပရမတ္ထသစ္စာဆိုက်အောက်သိမြင်ထွင်းဖောက်သဘောပေါက်ရန် မဆိုလိုပါချေ။ စာရေးသူကိုယ်တိုင်သည်ပင်လျှင် မမြဲခြင်း၊ ဆင်းရဲခြင်း၊ မခိုင်မာမတည်တံ့ခြင်းသဘောကြောင့် ငါမပိုင်၊ ငါမရှိ၊ ငါမဟုတ်၊ နာမ်ရုပ်များ၏ဖြစ်ခြင်းပျက်ခြင်း၊ ဖြစ်ပျက်အစဉ်အမျှငင်တန်းခြင်းမျှသာဟု ကြားဖူးနားဝသိခြင်းမျှသာပင်။

လောကီသဘောအရတော့ အတ္တပယ်ဖျောက်၍ မရသေး။ အင်္ဂလိပ်စာတွင် လူသုံးမျိုးရှိလေသည်။ သုံးပွင့်ဆိုင်။

I = ကျွန်ုပ်။ You = သင်နှင့် They = သူတို့။ မိမိကတစ်ယောက်။ We = ကျွန်ုပ်တို့ကအများ။ You မှာတော့ သင်လည်းရ၊ သင်တို့လည်းဆိုလို့ရ၏။

နာမ်သဘောမှာ I, We ပထမလူ သို့မဟုတ် အစု
They, He, She You သင်၊ သင်တို့၊
သူတို့၊ သူ၊ ဒုတိယလူစု၊
တတိယအုပ်စု ကတ္တား(ပြုသူ)နာမ်မှာ အုပ်စုသုံးခုရှိနေသည်။ ခွဲခြားနားလည်ရသည်။

ကြိယာပုဒ်သဘောမှာ အခြေခံကြိယာကသုံးမျိုးသာရှိ၏။

၁။ ဖြစ်ခြင်းပြ I am a writer.
၂။ ရှိခြင်းပြ The book is on the table.
၃။ ပိုင်ဆိုင်ခြင်းပြ I have some money.

လောကုတ္တရာသဘောပရမတ္ထသစ္စာသဘောယူပါက အတ္တသဘော ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဟုလည်းမရှိ၊ အနတ္တသဘောအရ ငါမရှိတော့ပါ။ ငါမဟုတ်၊ ငါမပိုင်။ ငါပိုင်ဆိုင်သောအရာဟု ဘာမှမရှိတော့ပါ။

ဆိုလိုရင်းကို နိဂုံးချုပ်ပါရစေ။ သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာကိုလည်း ခွဲခြားနားလည်ရန်လိုအပ်ပါပေသည်။ ငါယူတာပဲအမှန်ဟု အငြင်းမသန်မိစေနှင့်။ ဉာဏ်ပညာပြည့်စုံကြပါစေ။

ဖိလစ်ပိုင်နိုင်ငံ အယ်လ်ဘေးပြည်နယ်ရှိ မာယွန်မီးတောင်ပေါက်ကွဲရာမှ မီးတောင်ပြာမှုန်များထွက်ရှိနေသဖြင့် သတိပေးချက်ထုတ်ပြန်



မနီလာ အောက်တိုဘာ ၂၆

ဖိလစ်ပိုင်နိုင်ငံ အယ်လ်ဘေးပြည်နယ်ရှိ မာယွန်မီးတောင်ပေါက်ကွဲရာမှ မီးတောင်ပြာမှုန်များထွက်ရှိနေသဖြင့် ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဆိုင်ရာဌာန (PHIVOLCS) က သတိပေးချက်ထုတ်ပြန်ထားကြောင်း ယနေ့ သတင်းများအရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံ အယ်လ်ဘေးပြည်နယ်ရှိ မာယွန်မီးတောင်တွင် မီးတောင်လှုပ်ရှားမှုများ ဆက်လက်ဖြစ်ပေါ်နေသဖြင့် စောင့်ကြည့်မှုများ ပြုလုပ်နေကြောင်း၊ မီးတောင်အနီး လျင်ငယ် ၁၄ ကြိမ်လှုပ်ခတ်ခဲ့ပြီး ယနေ့ထိ ဆာလဖာဒိုင်အောက်ဆိုက်ဓာတ် ငွေ့ထုတ်လွှတ်မှုမှာ တစ်ရက်လျှင် ၁၃၃၃ တန်ရှိကြောင်း သိရသည်။

လက်ရှိ မီးတောင်အတွင်း ဓာတ်ငွေ့နှင့် ပြာမှုန်များ ထွက်ရှိနေခြင်းအပြင် မြေပြင်ပုံသဏ္ဌာန် ပြောင်းလဲမှုများလည်း တွေ့ရှိထားသဖြင့် မီးတောင်၏ လှုပ်ရှားမှုအခြေအနေကို ဆက်လက်စောင့်ကြည့်နေကြောင်း၊ ထို့ပြင် တာဝန်ရှိသူများက မီးတောင်ထိပ်ဝန်းကျင် ခြောက်ကိုလိုမီတာ အန္တရာယ်ဇုန်အတွင်း ဝင်ရောက်ခြင်းနှင့် မီးတောင်အနီးမှ လေယာဉ်ပျံသန်းခြင်းတို့ကို တားမြစ်ထားကြောင်း သိရသည်။

လက်ရှိ ထုတ်ပြန်ချက်တွင် လူသေဆုံးမှု၊ ဒဏ်ရာရမှု၊ လူနေအိမ်ပျက်စီးမှုနှင့် လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သည်ဟု အတည်ပြု ဖော်ပြထားခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

ဗြိတိန်နိုင်ငံတွင် မုန်တိုင်းဘိုလိုတိုက်ခတ်ခဲ့ပြီး နေအိမ်နှင့် လုပ်ငန်းသုံးအဆောက်အအုံ ၁၆၁၄၀၀ လျှပ်စစ်မီးပြတ်တောက်ခဲ့

လန်ဒန် အောက်တိုဘာ ၂၆

ဗြိတိန်နိုင်ငံတွင် အောက်တိုဘာ ၂၅ ရက်က မုန်တိုင်းဘိုလိုတိုက်ခတ်ခဲ့မှုကြောင့် နေအိမ်နှင့် လုပ်ငန်းသုံးအဆောက်အအုံ ၁၆၁၄၀၀ လျှပ်စစ်မီးပြတ်တောက်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်းကြောင့် စကော့တလန် အနောက်တောင်ပိုင်းနှင့် လန်ဒန်မြို့တို့တွင် သစ်ပင်များ လဲကျခဲ့ရာ လူနှစ်ဦး သေဆုံးခဲ့ကြောင်း၊ ကုန်းတွင်းပိုင်းတွင် လေတိုက်နှုန်း တစ်နာရီလျှင် မိုင် ၆၀ မှ ၇၀ ထိရှိခဲ့ပြီး ကမ်းရိုးတန်းနှင့် ကုန်းမြင့်ဒေသတချို့တွင် လေတိုက်မှုနှုန်း တစ်နာရီလျှင် မိုင် ၈၀ ကျော်ထိ ရောက်ရှိခဲ့သည်။

လေပြင်းကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပျက်စီးခဲ့ပြီး အောက်တိုဘာ ၂၅ ရက်တွင် ဗြိတိန်တစ်ဝန်း လျှပ်စစ်ဓာတ်အား သုံးစွဲသူ ၁၆၁၄၀၀ ခန့် လျှပ်စစ်မီးပြတ်တောက်ခဲ့ပြီး ဓာတ်အားပြုပြင်ရေးအဖွဲ့များက ပြန်လည်ပြုပြင်ပေးခဲ့သော်လည်း ယနေ့ထိ လျှပ်စစ်မီး အပြည့်အဝမပေးနိုင်သေးကြောင်း သိရသည်။

ထို့ပြင် သစ်ပင်များလဲကျခြင်း၊ လမ်းများ ရေကြီးခြင်းတို့ကြောင့် ရထားပြေးဆွဲမှုများ အနှောင့်အယှက်ဖြစ်ခဲ့ပြီး လေကြောင်းခရီးစဉ်တချို့ ဖျက်သိမ်းခြင်းနှင့် လမ်းကြောင်းပြောင်းလဲခြင်းများ ပြုလုပ်ခဲ့ရကြောင်း၊ စကော့တလန်၊ မြောက်အိုင်ယာလန်နှင့် အင်္ဂလန် မြောက်ပိုင်း ဒေသတို့တွင်လည်း မုန်တိုင်းသတိပေးချက်များ ထုတ်ပြန်ထားပြီး ခရီးသွားလာမှုများကို သတိပြုသွားလာကြရန် တာဝန်ရှိသူများက သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

နယူးဇီလန်နိုင်ငံတွင် လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းနေသဖြင့် လမ်းပန်းဆက်သွယ်ရေးများခက်ခဲနေ

ဝယ်လင်တန် အောက်တိုဘာ ၂၆

နယူးဇီလန်နိုင်ငံတွင် လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းနေသဖြင့် လမ်းပန်းဆက်သွယ်ရေးများ ခက်ခဲနေကြောင်း ယနေ့သတင်းများအရ သိရသည်။

ယနေ့တွင် နယူးဇီလန်နိုင်ငံ၏ ရာသီဥတုအခြေအနေသည် ပိုမိုဆိုးရွားလာပြီး လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ကြောင့် သွားလာရေးလုပ်ငန်းများ ထိခိုက်ခဲ့ကာ လမ်းတချို့ကိုလည်း ပိတ်ထားရကြောင်း၊ ကန်တာဘူရီဒေသ၊ မောင့်ဟတ်တောင်တန်းဒေသတွင် ဒေသစံတော်ချိန် နံနက် ၈ နာရီခန့်က တိုင်းထွာချက်များအရ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၂၀၀ ခန့်ထိရှိခဲ့ကြောင်း နယူးဇီလန် မိုးလေဝသဌာနက ထုတ်ပြန်သည်။

မြို့တော်ဝယ်လင်တန်အပါအဝင် မြောက်ကျွန်းရှိ ကမ်းရိုးတန်းဒေသတချို့တွင်လည်း လေပြင်းတိုက်မှုကြောင့် လမ်းသွားလမ်းလာပြည်သူများ ထိခိုက်ဒဏ်ရာရခဲ့သဖြင့် အိုရီယန် တယ်လ်ပါရေးဒ်နှင့် အီဗန်စ်ဘေးပါရေးဒ်လမ်းပိုင်းတချို့ကို အာဏာပိုင်များက ပိတ်ထားခဲ့ကြောင်း၊ ထို့ပြင် အဆောက်အအုံများမှ ဆောက်လုပ်ရေးပစ္စည်းများ ပြုတ်ကျခြင်းနှင့် လျှပ်စစ်ကြိုးများ ပြတ်ကျခြင်းတို့ကြောင့် မီးသတ်နှင့် အရေးပေါ်ကယ်ဆယ်ရေး အဖွဲ့များက အရေးပေါ်ပြုပြင်မှုများ ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။



တောင်ကျွန်းရှိ ဝက်စ်လန်းဒေသ တောင်တန်းများအနီးတွင်လည်း မိုးရေချိန် မီလီမီတာ ၂၅၀ ထိ ရွာသွန်းနိုင်သဖြင့် မိုးသည်းထန်စွာရွာသွန်းမှုဆိုင်ရာ လိမ္မော်ရောင် သတိပေးချက် ထုတ်ပြန်ထားကြောင်း မိုးလေဝသဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

Ref : Sputnik News
Trs : KZ

အာရပ်စော်ဘွားများပြည်ထောင်စု ကမ်းရိုးတန်းတွင် ရေနံယိုဖိတ်မှုဖြစ်ပွားခဲ့ပြီး ရေထုညစ်ညမ်းကာ ကမ်းခြေများယာယီပိတ်ထား

အဘူဒါဘီ အောက်တိုဘာ ၂၆

အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE) နိုင်ငံ အွမ်အယ်လ်ကွိုင်ဝိန်း ကမ်းရိုးတန်းအနီးတွင် ရေနံယိုဖိတ်မှုဖြစ်ပွားခဲ့ပြီး ရေထုညစ်ညမ်းကာ ကမ်းခြေများကို ယာယီပိတ်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ရေနံယိုဖိတ်မှုကြောင့် အွမ်အယ်လ်ကွိုင်ဝိန်း ဒေသရှိ ကမ်းခြေများနှင့် ကမ်းရိုးတန်း နေရာများကို အောက်တိုဘာ ၂၅ ရက်ကစပြီး ယာယီပိတ်ထားခဲ့ကာ ရေနံပျံနှံမှု ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ရှားဂျားပြည်နယ်ရှိ အယ်လ်ဟမ်ရီယာကမ်းခြေကိုလည်း ကြိုတင်ကာကွယ်သည့်အနေဖြင့် ယနေ့ကစ၍ ပိတ်ထားကြောင်း သိရသည်။

ဂြိုဟ်တုဓာတ်ပုံများ၏ လေ့လာချက်အရ ပင်လယ်ပြင်အတွင်း ရေနံပျံနှံနေသည့် ဧရိယာမှာ စတုရန်းကီလိုမီတာ ၁၆၀ ခန့်ရှိနိုင်ကြောင်း၊ ရေနံယိုဖိတ်မှုကြောင့် ပင်လယ်ရေထုညစ်ညမ်းခြင်း၊ အဏ္ဏဝါသက်ရှိများ ထိခိုက်ခြင်းနှင့် ကမ်းရိုးတန်းဂေဟစနစ် ပျက်စီးခြင်းတို့ ဖြစ်ပေါ်လာနိုင်သည့်အတွက် စိုးရိမ်မှုများ မြင့်တက်နေကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ အာဏာပိုင်များက ရေနံပျံနှံမှုကို ထိန်းချုပ်ရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုကို အကဲဖြတ်ရန် လုပ်ငန်းများဆောင်ရွက်နေကြောင်း သိရသည်။

လက်ရှိတွင် ရေနံယိုဖိတ်မှု ဖြစ်ပွားရသည့် အကြောင်းရင်းနှင့် ရေနံယိုဖိတ်စေသည့် သင်္ဘောကို အာဏာပိုင်များက တရားဝင် အတည်ပြုထုတ်ပြန်ခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

မြောက်ပစိဖိတ်သမုဒ္ဒရာအတွင်း၌ ကျက်စားသော စတယ်လာပင်လယ်နွားများ မျိုးသုဉ်းပျောက်ကွယ်

ကင်ဘာရာ အောက်တိုဘာ ၂၆

မြောက်ပစိဖိတ် သမုဒ္ဒရာအတွင်းရှိ အေးမြသော ပင်လယ်ရေပြင်များတွင် ကျက်စားခဲ့သည့် စတယ်လာပင်လယ်နွားများသည် မျိုးသုဉ်း ပျောက်ကွယ်ခဲ့ပြီဖြစ်ကြောင်း ဩစတြေးလျ အမျိုးသားပြတိုက်၊ တက်စမေးနီးယား သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

စတယ်လာပင်လယ်နွားသည် ဒူဂေါင်နှင့် မနာတီ ခေါ် ပင်လယ်နို့တိုက်သတ္တဝါများနှင့် မျိုးရင်းတူကြောင်း၊ အဆိုပါ စတယ်လာပင်လယ်နွား အရွယ်ရောက်တစ်ကောင်သည် အလျား ၁၀ မီတာထိ ရှည်လျားနိုင်ပြီး အလေးချိန် ၁၁ တန်ခန့်ထိရှိသဖြင့် ယနေ့ခေတ် ဝေလငါးမျိုးစိတ်တချို့ ထက်ပင် အရွယ်အစားပိုမိုကြီးမားကြောင်း၊ ၎င်းတို့သည် ပင်လယ်ရေတိမ်ပိုင်းရှိ ပင်လယ်ရေညှိများကို အဓိကစားသုံးကာ မြောက်ပစိဖိတ်သမုဒ္ဒရာအနီး ရုရှားနိုင်ငံနှင့် အလက်စကာဒေသကြားရှိ ကွန်မန်ဒါကျွန်းစုများတွင် ကျက်စားခဲ့ကြကြောင်း သိရသည်။

၁၇၄၁ ခုနှစ်တွင် ဂျာမန် သဘာဝသိပ္ပံပညာရှင် ဂျော့ဂ်ဝီလ်ဟဲလ်မ်စတယ်လာက ပင်လယ်ခရီးစဉ်အတွင်း အဆိုပါသတ္တဝါများကို စတင်တွေ့ရှိခဲ့ပြီး သားမွေးကုန်သည်များနှင့် မုဆိုးများသည် အဆိုပါ စတယ်လာပင်လယ်နွားများကို သားမွေး၊ အသားနှင့် အဆီရရှိရန် ဖမ်းဆီးသတ်ဖြတ်လာခဲ့ကြသည်။

ထိုသို့ လူသားတို့၏ အလွန်အကျွံအမဲလိုက်မှုကြောင့် ယခုအခါ စတယ်လာ ပင်လယ်နွားမျိုးစိတ်များသည် လုံးဝမျိုးသုဉ်းပျောက်ကွယ်သွားခဲ့ကြောင်း ဩစတြေးလျ အမျိုးသားပြတိုက်၊ တက်စမေးနီးယား သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနမှ ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းရေး ကျွမ်းကျင်သူများက ပြောပြ၍ သိရသည်။

Ref : Russia Today
Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ခန္ဓာကိုယ်နှင့်စိတ်ကျန်းမာရေးအတွက် အပန်းဖြေရန်လိုအပ်

ဒေါက်တာလွင်သန့်

လူတို့၏ခန္ဓာကိုယ်နှင့်စိတ်ကျန်းမာရေးအတွက် အပန်းဖြေရန်လိုအပ်နေပြီလားဆိုသည်ကို အောက်ပါလက္ခဏာများဖြင့် ဆန်းစစ်နိုင်သည်။ လူတစ်ယောက်သည် အလုပ်များဆက်တိုက်လုပ်ခြင်း၊ စိတ်ဖိစီးမှုများခြင်းတို့ကြောင့် နားရန် သို့မဟုတ် အပန်းဖြေရန်လိုအပ်သည့်အခါ ခန္ဓာကိုယ်နှင့်စိတ်က အချက်ပြလေ့ရှိသည်။

အပန်းဖြေရန်လိုအပ်ကြောင်းပြသသောလက္ခဏာများရှိသည်။ ၎င်းတို့မှာ-

- အမြဲတမ်း ပင်ပန်းနေခြင်း
- အာရုံစူးစိုက်မှုကျဆင်းခြင်း။
- စိတ်တိုလွယ်ခြင်း။
- ခန္ဓာကိုယ်နာကျင်ကိုက်ခဲခြင်း။
- အိပ်စက်မှုပုံစံပျက်ခြင်း။
- အလုပ်အပေါ်စိတ်ကုန်လာခြင်းတို့ဖြစ်သည်။

အပန်းဖြေရန်အတွက် ခရီးသွားစရာမလိုဘဲ လက်တွေ့လုပ်ဆောင်နိုင်သော အချက်သုံးချက်ရှိသည်။

(၁) ဒီဂျစ်တယ်အနားယူခြင်း

ဖုန်း၊ ကွန်ပျူတာနှင့် လူမှုကွန်ရက်သုံးခြင်းကို ရှစ်နာရီခန့် ခေတ္တရပ်လျှင် စိတ်ကြည်လင်လာနိုင်သည်။

(၂) နေရာပြောင်းခြင်း

အခန်းထဲမှထွက်၍ အပြင်သို့လမ်းလျှောက်ခြင်း သို့မဟုတ် သဘာဝအလင်းများကို ကြည့်ခြင်းများပြုလုပ်လျှင် စိတ်ပင်ပန်းမှုကိုပြေစေနိုင်သည်။

(၃) တိတ်ဆိတ်တေးသွားနားထောင်ခြင်း

မိမိနှစ်သက်သည့် သီချင်းအေးအေးကိုနားထောင်ခြင်း သို့မဟုတ် ငြိမ်သက်စွာထိုင်နေခြင်းဖြင့် စိတ်ဖိစီးမှုကို လျော့ကျနိုင်သည်။

အပန်းဖြေနည်းလမ်းများကို မိမိကိုယ်တိုင် ရွေးချယ်သင့်သည်။ ကြည့်မည့်ရုပ်ရှင်၊ နားထောင်မည့်တေးသီချင်း၊ ဝင်ကြည့်မည့် ဝက်ဆိုက်၊ ဖတ်မည့်စာအုပ်၊ ဗီဒီယိုစသည်တို့ကိုရွေးချယ်ခြင်းသည် မိမိ၏ခန္ဓာကိုယ်နှင့် စိတ်ကျန်းမာရေးအတွက် အဆင်ပြေမည်ကို ရွေးချယ်ခြင်းဖြစ်သည်။

ယခုခေတ်စားနေသည့် အပန်းဖြေမှုအများစုက ကိုယ်တိုင်ပါဝင်လုပ်ဆောင်သည်ထက် အခြားသူများလုပ်ဆောင်သည်ကို ကြည့်သင့်ပေသည်။ ရုပ်ရှင်၊ စာအုပ်၊ ရုပ်မြင်သံကြားအစီအစဉ်သည် ကိုယ့်အယူအဆမဟုတ်ဘဲ အခြားသူ၏အယူအဆ တင်ဆက်ခြင်းဖြစ်သည်။ အခြားသူလုပ်ဆောင်သည်ကို ကြည့်မည်ထက် ကိုယ်တိုင်လုပ်ဆောင်သည့် အပန်းဖြေမှုက ပို၍ အကျိုးရှိသည်။ အချို့သူများ၏ အပန်းဖြေမှုတွင် စန္ဒရားတီးခြင်း၊ သီချင်းဆိုခြင်းတို့ပါဝင်သည်။ အချို့က ပန်းချီဆွဲသည်။ အချို့က အားကစားလုပ်သည်။ အချို့က လမ်းလျှောက်ခြင်း၊ တောင်တက်ခြင်း၊ ကမ်းခြေအပန်းဖြေထွက်ခြင်း ပြုလုပ်သည်။

အိမ်မှုကိစ္စများ၊ လူမှုရေးအကြောင်းတရားများရှိနေချိန်တွင် သင့်ကိုယ်သင် ဂရုမစိုက်ခြင်းဖြစ်တတ်သည်။ အားလုံးအဆင်ပြေနေလျှင် မသိသာသော်လည်း အဆင်မပြေသည့်အချိန်တွင် စိတ်ဖိစီးမှုဖြစ်လာနိုင်သည်။ အဆင်မပြေသည့်အကြောင်းအရာများကြားတွင် မိမိကိုယ်ကို စိတ်ဖိစီးမှုဖြစ်နေခြင်းကို သတိမပြုခြင်းများရှိမည်။ အောက်ပါဝေဒနာတို့က စိတ်ဖိစီးမှုခံစားနေရသော သက်သေပင်ဖြစ်သည်။

ခေါင်းကိုက်ခြင်း

ရုံးလုပ်ငန်းများ ထမ်းဆောင်သူများတွင် တစ်ပတ်လုံးခံစားရသည့် စိတ်ဖိစီးမှုက စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်ရောက်သည့်အခါ ခေါင်းတစ်ခြမ်းကိုက်ဝေဒနာကို ခံစားရမှုဖြစ်တတ်သည်။ မည်သို့ပင် အလုပ်များသည်ဖြစ်စေ အိပ်ချိန်၊ စားချိန်ကို ပုံမှန်ဖြစ်ရန် ကြိုးစားသင့်သည်။

ကြွက်တက်ခြင်း

တစ်ခါတစ်ရံစိတ်ဖိစီးမှု များလွန်းသည့်အခါ ကြွက်တက်ခြင်းကို နာနာကျင်ကျင်ခံစားရနိုင်သည်။



စိတ်ဖိစီးမှုများခြင်းသည် ခန္ဓာကိုယ်တွင်းမှဟော်မုန်းများ မညီမမျှဖြစ်နိုင်သည်။ အားကစားခန်းမသွားကာ တတ်ကျွမ်းသူနည်းပြများ၏ စနစ်တကျသင်ပြသည့် လေ့ကျင့်မှုများကို ဂရုတစိုက် သင်ယူလေ့ကျင့်သင့်သည်။ ထိန်းချုပ်မှုမဲ့အာရုံကြော၏ လုပ်ဆောင်ချက်များကို လျော့ချပေးနိုင်သောကြောင့် ကြွက်တက်ခြင်း မဖြစ်ရန် ကာကွယ်နိုင်သည်။

မေးရိုးနာကျင်ခြင်း

မေးရိုးနာကျင်ခြင်းသည် သွားကြိတ်သောကြောင့် ဖြစ်နိုင်သည်။ မိမိတွင် စိတ်ဖိစီးမှုများသည့်အခါ ညအိပ်နေစဉ်သွားကြိတ်မိတတ်သည်။ သွားကို ကာကွယ်ပေးသော သွားဖုံးစွပ်တပ်ကာ အိပ်ခြင်းသည် သွားမကြိတ်ရန် ၇၀ ရာခိုင်နှုန်းထိ ကာကွယ်နိုင်သည်။ အချို့လူများ သွားလုံးဝမကြိတ်တော့သည်ထိ ထိရောက်မှုရှိသည်။

အိပ်ရာမှလန့်နိုးခြင်း

တစ်ခါတစ်ရံအိပ်ပျော်နေချိန် မကြာခဏလန့်နိုးခြင်းမျိုးဖြစ်ဖူးပါလိမ့်မည်။ သတိမထားမိဘဲ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသည့် သင့်ကိုစိတ်ပူပန်စရာများက လှုပ်နှိုးနေခြင်းဖြစ်သည်။ တစ်နေ့ ခုနစ်နာရီ၊ ရှစ်နာရီ ပြည့်ပြည့်ဝဝအိပ်စက်သင့်သည်။ အိပ်ခါနီး ကဖင်းဓာတ်ပါသော သောက်စရာများ သောက်သုံးခြင်းကို ရှောင်ကြဉ်သင့်သည်။

သွားဖုံးများသွေးယိုခြင်း

စိတ်ဖိစီးမှုများသည့်လူများသည် သွားနှင့်သွားဖုံးရောဂါဖြစ်ရန်အခွင့်အလမ်းများသည်။ အချိန်ကြာ စိတ်ဖိစီးမှုကြောင့် ထွက်လာသည့်ကော်တီစုန်းဓာတ်က ခန္ဓာကိုယ်၏ခုခံအားစနစ်ကို လျော့နည်းစေသောကြောင့် သွားဖုံးတွင်ဘက်တီးရီးယားဝင်ရန် အခွင့်အလမ်းပိုရသွားနိုင်သည်။ ညစာစားပြီးတိုင်း သွားတိုက်သင့်သည်။

ဝက်ခြံထွက်ခြင်း

စိတ်ဖိစီးမှုများချိန်တွင် ခန္ဓာကိုယ်အရေပြားရောင်ရမ်းကာ ဝက်ခြံထွက်တတ်သည်။ ဆယ်လီစလစ်အက်စစ်နှင့် ဘန်ဇိုင်းပါအောက်ဆိုက်တို့ပါဝင်သော ခရင်မ်များလိမ်းပေးသင့်သည်။ အရေပြားခြောက်သွေ့နေလျှင် အစိုဓာတ်ထိန်းသိမ်းပေးသည့် ခရင်မ်တစ်ခုခုပါထပ်၍ လိမ်းပေးသင့်သည်။ ရက်အနည်းငယ်အတွင်း မသက်သာလျှင် ဆရာဝန်နှင့်ပြသသင့်သည်။

နာကျင်ကိုက်ခဲခြင်း

စိုးရိမ်ပူပန်စရာများနှင့်စိတ်ဖိစီးမှုများသည့်အခါ ခေါင်းကိုက်ခြင်း၊ ခါးနာခြင်း၊ အိပ်မပျော်ခြင်းဖြစ်တတ်သည်။ ယောဂလေ့ကျင့်မှုပြုလုပ်သင့်သည်။ စိတ်ကို ဖြေလျှော့သင့်သည်။ ဗုဒ္ဓဘာသာဝင်များ အေးငြိမ်ရာနေရာတွင် တရားထိုင်သင့်သည်။

လူတိုင်း စိတ်ဖိစီးမှုဖြစ်တတ်သည်။ စိတ်အပန်းဖြေနည်းလမ်းများကို လေ့လာသင်ယူခြင်းကသာ စိတ်ဖိစီးမှုကို ယုတ်လျော့စေသည့် အကျိုးသက်ရောက်မှုမှ အကောင်းဆုံး အကာအကွယ်ပေးနိုင်မည်ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ ဖွင့်ဆိုချက်အရစိတ်ဖိစီးမှုဆိုသည်မှာ လူတို့၏အသိစွမ်းရည်နှင့် မညီသည့်၊ ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းကို စိန်ခေါ်သည့်တောင်းဆိုမှုများ၊ ဖိအားများကြုံသည့်အခါ ဖြစ်ပေါ်လာနိုင်စရာရှိသည့် တုံ့ပြန်ချက်ဟုဆိုနိုင်ကြောင်း သိရသည်။

စိတ်အပန်းဖြေနည်းလမ်းအသွယ်သွယ်

စိတ်ဖိစီးမှုသည် အကြောင်းကိစ္စအမျိုးမျိုးကြောင့် ဖြစ်ပေါ်နိုင်ပြီး အကြောင်းကိစ္စအလိုက် ကွာခြားနိုင်သည်။ ဤကဲ့သို့ပင် အပန်းဖြေသည့် နည်းလမ်းများကလည်း နည်းလမ်းအလိုက် ပေးစွမ်းနိုင်သည့် အပန်းဖြေနိုင်မှုအဆင့်ကွာခြားသည်။

မိတ်ဆွေများနှင့်အတူ ကော်ဖီသောက်ခြင်းသည် ပူပင်သောကကိုတည်ငြိမ်စေသည်။ စိတ်ဖိစီးမှုခံစားရချိန်တွင် ကော်ဖီသောက်သုံးသော ဓလေ့သည် အချို့လူတို့တွင် ကျင့်သားရပြီးဓလေ့ဖြစ်သည်။ တည်ငြိမ်စေသည့် အကျိုးသက်ရောက်မှုက ကော်ဖီတွင်ပါဝင်သော ဓာတ်များကြောင့်မဟုတ်ဘဲ ဆိုရှယ်ရှထောင့်များပါဝင်နေသည့် မိတ်ဆွေများနှင့်အတူ ကော်ဖီသောက်သုံးကာ စကားစမြည်ပြောဆိုသောကြောင့်ဖြစ်သည်ဟု လန်ဒန်တက္ကသိုလ်သုတေသနပညာရှင်များက ယုံကြည်ကြသည်။

လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ ရေကူးခြင်း၊ မြင်းစီးခြင်းတို့ကလည်း စိတ်ဓာတ်တက်ကြွစေသည့်လေ့ကျင့်ခန်းများထဲမှ ရွေးချယ်သင့်သည့် လေ့ကျင့်ခန်းများပင်ဖြစ်သည်။ အဆိုပါလေ့ကျင့်ခန်းများက စိတ်ဖိစီးမှုကို တွန်းလှန်တိုက်ဖျက်ပေးရုံသာမက ခန္ဓာကိုယ်ကို ကျန်းမာကြံ့ခိုင်စေသည်။

စိတ်အပန်းဖြေနေစဉ်ခန္ဓာကိုယ်တုံ့ပြန်မှုများ

စိတ်တည်ငြိမ်သွားလျှင် ဦးနှောက်လှိုင်းပုံစံများပြောင်းလဲသွားသည်။ အပြုသဘော စိတ်ချမ်းသာမှုဖြစ်စေသည်။

- အပန်းဖြေခြင်းအားဖြင့် စိတ်ဖိစီးမှုသက်သာကာ စိတ်ချမ်းသာမှု ဖြစ်စေသည်။
- နှလုံးခုန်နှုန်းပုံမှန်ဖြစ်သွားပြီး သွေးဖိအားကိုလည်း ထိန်းညှိပေးသည်။
- အစာအိမ်နှင့် အစာခြေစနစ်ကောင်းမွန်ကာ အစာချေဖျက်မှုကို အထောက်အကူဖြစ်စေသည်။
- သွေးစီးဆင်းမှု ပုံမှန်ပြန်ဖြစ်ရာမှတစ်ဆင့် တင်းမာနေသော ကြွက်သားများကို ပြေလျော့စေသည်။

စိတ်ဖိစီးမှု၏ ခန္ဓာကိုယ်ပိုင်းဆိုင်ရာလက္ခဏာများမှာ ခေါင်းကိုက်ခြင်း၊ သွားကြိတ်ခြင်း၊ အံကြိတ်ခြင်း၊ ပခုံး၊ လည်ပင်းနှင့် နောက်ကျောတက်ခြင်း၊ ခံတွင်းခြောက်ခြင်း၊ အစာမျိုချရန် အခက်အခဲရှိခြင်း၊ အစာမကြေခြင်း၊ ပျို့ချင်အန်ချင်ခြင်း၊ ဝမ်းလျှောခြင်း၊ သို့မဟုတ် ဝမ်းချုပ်ခြင်း၊ အိပ်မပျော်ခြင်း၊ အသက်ရှူမဝဖြစ်ခြင်း၊ နှလုံးတုန်ခြင်း၊ သွေးခုန်နှုန်းချိန်ခြင်း၊ အရေပြားရောဂါများ ဖြစ်စေခြင်းများဖြစ်သည်။

သို့ဖြစ်ပါ၍ ခန္ဓာကိုယ်နှင့်စိတ်အပန်းပြေစေရန် အချိန်ပေး၍ နေ့စဉ်နာရီဝက်မှတစ်နာရီထိ လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ အသက်ပြင်းပြင်းရှူပြီး လေ့ကျင့်ခန်းလုပ်ခြင်း၊ သီချင်း၊ ဗီဒီယိုဖွင့်နားဆင်ခြင်းများက ခန္ဓာကိုယ်နှင့်စိတ်ကို ကျန်းမာစေရုံသာမက စိတ်အပန်းပြေစေနိုင်ကြောင်း ရေးသားလိုက်ရပါသည်။

မှတ်ပုံတင်မော်တော်ယာဉ်များအား လုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်/မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တာန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြုံခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအား လုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

လူသားအရင်းအမြစ်၊ ပညာခေတ်နှင့် အနာဂတ်ပန်းတိုင်

မောင်မောင်ထွန်း(ပန်းပျိုးအိမ်)

ခေတ်တွေပြောင်းလဲလာသည်နှင့်အမျှ လူတို့၏ ဘဝနေထိုင်မှုပုံစံများလည်း ပြောင်းလဲလာကြသည်။ တစ်ချိန်က မြေယာနှင့် သဘာဝသယံဇာတများကို အဓိကအားထားခဲ့ကြသော်လည်း နောက်ပိုင်းတွင် စက်မှုနှင့် နည်းပညာတို့က လူ့ဘဝကို ပြောင်းလဲပေးခဲ့သည်။ ယနေ့တွင် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်နှင့် ဖန်တီးနိုင်စွမ်းတို့သည် လူ့အဖွဲ့အစည်း၏ အင်အားအကြီးဆုံး အရင်းအမြစ်များ ဖြစ်လာကြသည်။

ယနေ့ပညာခေတ်တွင် အဖိုးတန်ဆုံးအရင်းအမြစ်သည် ရွှေငွေ၊ သယံဇာတနှင့် စက်ပစ္စည်းများသာ မဟုတ်တော့ပေ။ လူသားများကိုယ်တိုင်က အရေးအကြီးဆုံး အရင်းအမြစ်ဖြစ်လာသည်။ ထိုလူသားအရင်းအမြစ်ကို ဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ရေးတွင် ပညာရေးသည် အဓိကဖြစ်သည်။

ပညာရေး

ပညာရေး၏ အဓိကရည်ရွယ်ချက်မှာ လူတစ်ဦးကို စာတတ်အောင်သင်ပေးရုံသာမက စဉ်းစားတတ်၊ ဆုံးဖြတ်တတ်၊ ပြဿနာဖြေရှင်းတတ်၊ တာဝန်ယူတတ်ပြီး လူ့အဖွဲ့အစည်းအတွက် အကျိုးပြုနိုင်သူ တစ်ဦးဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးခြင်းဖြစ်သည်။

စာကို မှတ်မိခြင်းထက် အသိပညာကို အသုံးချတတ်ခြင်းက ပိုအရေးကြီးသည်။ အဖြေကို သိခြင်းထက် မေးခွန်းကောင်းကို မေးတတ်ခြင်းက ပိုအရေးကြီးသည်။ အောင်မှတ်ရခြင်းထက် ဘဝတွင် မှန်ကန်စွာ ရပ်တည်တတ်ခြင်းက ပိုအရေးကြီးသည်။ ထို့ကြောင့် ပညာရေးက လူသားတစ်ဦး၏ ဦးနှောက်ကိုသာမဟုတ်ဘဲ နှလုံးသားနှင့် အကျင့်စာရိတ္တကိုပါ ပြုစုပျိုးထောင်ပေးရသည်။

လူသားအရင်းအမြစ်

ပညာတတ်သူ၊ ကျွမ်းကျင်သူ၊ ဖန်တီးနိုင်သူ၊ စည်းကမ်းရှိသူ၊ ရိုးသားသူ၊ တာဝန်ယူတတ်သူနှင့် အများအကျိုးကို စဉ်းစားတတ်သူများ များပြားလာမှသာ လူသားအရင်းအမြစ်ကောင်းများ ပေါများလာမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကို တည်ဆောက်ရာတွင် အဆောက်အအုံများ မည်မျှ မြင့်မားသည်၊ စက်ရုံများမည်မျှများပြားသည်ထက် ထိုအရာများကို တည်ဆောက်၊ စီမံ၊ ထိန်းသိမ်းနိုင်မည့် လူသားများ၏ အရေးပါမှုသည်အဓိကဖြစ်သည်။ လမ်းကောင်းတစ်လမ်းကို တည်ဆောက်နိုင်သော်လည်း ထိုလမ်းကို ကောင်းမွန်စွာ အသုံးချမည့် လူများမရှိလျှင် အဓိပ္ပာယ်မပြည့်စုံပေ။ နည်းပညာကောင်းတစ်ခုရရှိထားသော်လည်း ထိုနည်းပညာကို မှန်ကန်စွာ အသုံးချမည့်အသိဉာဏ်နှင့် တာဝန်ယူမှု မရှိလျှင် အကျိုးထက် အပြစ်ပင်ဖြစ်လာနိုင်သည်။ ထို့ကြောင့် အရာဝတ္ထုကို တည်ဆောက်ခြင်းထက် လူကိုတည်ဆောက်ခြင်းသည် ပို၍ အရေးကြီးသည်။

ပညာခေတ်၏ အဓိကအရည်အချင်း

တိုးတက်သော ယနေ့ခေတ်တွင် ပညာသည် အရေးပါသည်။ တစ်ကြိမ်သင်ယူထားသော ပညာကို နှစ်ပေါင်းများစွာ အသုံးချနိုင်ခဲ့သော်လည်း ယနေ့ခေတ်တွင် အသစ်အသစ်သော နည်းပညာများ ပေါ်ပေါက်လာနေသည်။ ထို့ကြောင့် ကျောင်းပြီးပြီ၊ ပညာသင်ယူခြင်းလည်းပြီးပြီဟူသော အတွေးသည် ပညာခေတ်နှင့် အလျဉ်းမသင့်တော့ပေ။

ပညာခေတ်၏ လူသားသည် တစ်သက်တာ လေ့လာသင်ယူသူဖြစ်ရမည်။ စာဖတ်ရမည်။ နည်းပညာကို လေ့လာရမည်။ မိမိလုပ်ငန်းနယ်ပယ်၏ ပြောင်းလဲမှုများကို လေ့လာသိရှိရမည်။ မိမိမသိသေးသော အရာများကို မေးမြန်းရန်၊ လေ့လာရန် မရှက်မရွံ့ရှိရမည်။ အထူးသဖြင့် လူငယ်များအနေဖြင့် "ငါသိပြီးပြီ" ဆိုသည့်စိတ်ထက် "ငါမသိသေးတာ ဘာတွေရှိသေးလဲ" ဟူသော စိတ်ထားကို မွေးမြူသင့်သည်။ မသိခြင်းသည် ရှက်စရာမဟုတ်ပေ။ မသိသည်ကို မသိချင်ခြင်းသာ အန္တရာယ်ဖြစ်တတ်သည်။

❖ လူငယ်တစ်ဦးတွင် အားသာချက်ရှိသကဲ့သို့ အားနည်းချက်လည်း ရှိမည်။ မိမိ၏အရည်အချင်းကို တိုးတက်အောင် ကြိုးစားရမည်။ အချိန်ကိုတန်ဖိုးထားရမည်။ မိမိရရှိထားသောပညာကို မိမိအကျိုးအတွက်သာမက အများအကျိုးအတွက်ပါ အသုံးချတတ်ရမည်။ အနာဂတ်ပန်းတိုင်ဆိုသည်မှာ ရာထူးကြီးတစ်ခုရရှိခြင်း၊ ငွေကြေးများပြားခြင်းတစ်ခုတည်းမဟုတ်ပေ။ မိမိဘဝကို တန်ဖိုးရှိစွာ အသုံးချနိုင်ခြင်း၊ အခြားသူများအတွက် အကျိုးရှိစေခြင်း၊ မိမိနေထိုင်ရာ လူ့အဖွဲ့အစည်းကို ပိုကောင်းအောင် တစ်စိတ်တစ်ပိုင်းပါဝင်တည်ဆောက်ပေးနိုင်ခြင်းသည်လည်း အလွန်တန်ဖိုးရှိသော အနာဂတ်ပန်းတိုင်ဖြစ်သည်။ ❖

နည်းပညာခေတ် လူသားတန်ဖိုး

နည်းပညာသည် လူသားတို့၏ ဘဝကို ပိုမိုလွယ်ကူစေသည်။ သတင်းအချက်အလက်များကို လျင်မြန်စွာ ရှာဖွေနိုင်သည်။ အဝေးမှလူများနှင့် ဆက်သွယ်နိုင်သည်။ မိမိ၏ အရည်အချင်းကို ပိုမိုကျယ်ပြန့်စွာ အသုံးချနိုင်သည်။ သို့သော် နည်းပညာတိုးတက်လာသည်နှင့်အမျှ လူသားတန်ဖိုးများလည်း တစ်ပြိုင်နက်တည်း တိုးတက်လာရန် လိုအပ်သည်။

သတင်းအချက်အလက်များ များလာသလောက် အမှန်အမှား ခွဲခြားနိုင်စွမ်းလည်းမြင့်မားရမည်။ ဆက်သွယ်ရေးနည်းလမ်းများ များလာသလောက် တစ်ဦးကိုတစ်ဦးနားလည်ပေးနိုင်မှုလည်း ပိုမိုတိုးတက်ရမည်။ နည်းပညာကို အသုံးချတတ်ခြင်းသည် ကျွမ်းကျင်မှုဖြစ်သည်။ နည်းပညာကို တာဝန်ရှိစွာ အသုံးချတတ်ခြင်းက လူသားတန်ဖိုးဖြစ်သည်။ ထို့ကြောင့် ပညာရေးတွင် နည်းပညာအသုံးချနိုင်စွမ်းနှင့်အတူ စာရိတ္တ၊ တာဝန်ယူမှု၊ စာနာမှုနှင့် အမှားအမှန်ခွဲခြားနိုင်စွမ်းတို့ကိုလည်း တစ်ပြိုင်နက်တည်း ပျိုးထောင်ပေးရန် လိုအပ်ပေသည်။

ဆရာ၊ မိဘနှင့် လူငယ်

လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ပေါ်လာရန် ဆရာ၊ မိဘနှင့် လူငယ်တို့၏ အခန်းကဏ္ဍသည် အရေးကြီးသည်။ ဆရာသည် စာသင်ပေးသူတစ်ဦးသာမကလမ်းပြပေးသူဖြစ်သည်။ မိဘသည် စားဝတ်နေရေးကို ဖြည့်ဆည်းပေးသူတစ်ဦးသာမက ပထမဆုံးသော ဆရာဖြစ်သည်။

လူငယ်သည် သင်ယူသူတစ်ဦးသာမက အနာဂတ်ကို တည်ဆောက်မည့်သူဖြစ်သည်။ ဆရာကပညာပေးသည်။ မိဘကတန်ဖိုးပေးသည်။ လူငယ်က ထိုပညာနှင့် တန်ဖိုးများကို မိမိဘဝထဲတွင် လက်တွေ့ အသုံးချရသည်။ ထိုသုံးရပ်ကောင်းမွန်စွာ ပေါင်းစည်းနိုင်လျှင် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာမည်ဖြစ်ပေသည်။

စာသင်ခန်းပြင်ပက ပညာရေး

လူတစ်ဦးသည် စာသင်ခန်းထဲတွင်သာ ပညာသင်ယူနေခြင်းမဟုတ်ပေ။ အိမ်တွင် မိဘကို ကူညီထားရမည်။ မိမိရရှိထားသော ပညာကို မိမိအကျိုးအတွက်သာမက အများအကျိုးအတွက်ပါ အသုံးချတတ်ရမည်။ အနာဂတ်ပန်းတိုင်ဆိုသည်မှာ ရာထူးကြီးတစ်ခုရရှိခြင်း၊ ငွေကြေးများပြားခြင်းတစ်ခုတည်းမဟုတ်ပေ။ မိမိဘဝကို တန်ဖိုးရှိစွာ အသုံးချနိုင်ခြင်း၊ အခြားသူများအတွက် အကျိုးရှိစေခြင်း၊ မိမိနေထိုင်ရာ လူ့အဖွဲ့အစည်းကို ပိုကောင်းအောင် တစ်စိတ်တစ်ပိုင်း ပါဝင်တည်ဆောက်ပေးနိုင်ခြင်းသည်လည်း အလွန်တန်ဖိုးရှိသော အနာဂတ်ပန်းတိုင်ဖြစ်သည်။

ပညာက လူကိုပြုပြင်ပေးသည်။ လူက လူ့အဖွဲ့အစည်းကို ပြုပြင်ပေးသည်။ လူ့အဖွဲ့အစည်းက နိုင်ငံ၏အနာဂတ်ကို ပုံဖော်ပေးသည်။ ထို့ကြောင့် အနာဂတ်ကောင်းတစ်ခုကို တည်ဆောက်လိုလျှင် ယနေ့လူသားများကို ကောင်းမွန်စွာ ပြုစုပျိုးထောင်ရမည်။

အဆောက်အအုံကောင်းတစ်ခုအတွက် အုတ်မြစ်ခိုင်မာရသကဲ့သို့ နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကောင်းမွန်ရန် လူသားအရင်းအမြစ် အုတ်မြစ်ခိုင်မာရမည်။ ထိုအုတ်မြစ်ကို တည်ဆောက်ပေးနိုင်သည့် အဓိကမှာပညာရေးဖြစ်သည်။ ထို့ကြောင့် ပညာရေးကို အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ် ဆောင်ရွက်သင့်သည်။ ကလေးတစ်ဦးကို ပညာသင်ပေးခြင်းသည် လူတစ်ဦး၏ဘဝကို ပြောင်းလဲပေးခြင်းဖြစ်သည်။ လူတစ်ဦး၏ဘဝပြောင်းလဲလာခြင်းသည် မိသားစုတစ်စု၊ လူ့အဖွဲ့အစည်း၊ နိုင်ငံတစ်နိုင်ငံ၏အနာဂတ်ကို ပိုမိုတောက်ပလာမည်ဖြစ်သည်။

ပညာခေတ်တွင် အရေးအကြီးဆုံး အရင်းအမြစ်မှာ လူသားဖြစ်သည်။ လူသားကောင်းများဖြစ်ပေါ်လာရန် ပညာရေးကောင်းလိုသည်။ ပညာရေးကောင်းသည် စာတတ်မြောက်ရုံသာမက တွေးခေါ်တတ်သော၊ ဖန်တီးတတ်သော၊ တာဝန်ယူတတ်သော၊ ရိုးသားသော၊ စာနာတတ်သော လူများဖြစ်လာစေရန်ဖြစ်သည်။

ယနေ့လူငယ်တို့၏ လေ့လာမှုတစ်ခု၊ ကြိုးစားမှုတစ်ရပ်၊ ကောင်းမွန်သောအကျင့်တစ်ခု၊ အများအကျိုးပြုလုပ်ရပ်တစ်ခုချင်းစီသည် မနက်ဖြန်၏ အနာဂတ်အုတ်မြစ်များဖြစ်လာကြမည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ပညာကို တန်ဖိုးထားပြီး လူသားအရင်းအမြစ်ကို တန်ဖိုးထားကာ ပြုစုပျိုးထောင်ပေးနေခြင်းပင်ဖြစ်သည်။ ပညာနှင့် လူသားအရင်းအမြစ်တို့ကို ပေါင်းစပ်လျက် ထိုမှတစ်ဆင့် ပိုမိုကောင်းမွန်သော အနာဂတ်ပန်းတိုင်ဆီ အတူတကွ လျှောက်လှမ်းနိုင်မည်ဖြစ်သည်။ အနာဂတ်သည်ဝေးကွာသော တစ်နေရာတွင်ရှိနေခြင်းမဟုတ်။ အနာဂတ်သည် ယနေ့မိမိတို့၏ လက်ထဲတွင်ရှိနေသည်။

ယနေ့လူသားအရင်းအမြစ်ကို ကောင်းမွန်စွာ ပြုစုပျိုးထောင်နိုင်လျှင် မနက်ဖြန်၏ ပန်းတိုင်သည် ပိုမိုတောက်ပလာမည်။ "ပညာကောင်း၊ လူကောင်း၊ အနာဂတ်ကောင်း" ထိုသုံးရပ်ပေါင်းစည်းရာမှ တိုးတက်သာယာသော လူ့ဘောင်သစ်တစ်ရပ်ပေါ်ထွန်းလာနိုင်စေရန် ကိုယ်စီတာဝန်သိစိတ်ဖြင့် အားထုတ်ကြိုးပမ်း ဖော်ဆောင်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

ကိုးကား


- **ပညာတန်ဆောင်စာစောင်များ**
- **နေ့စဉ်ထုတ်သတင်းစာများ**

အယ်လ်နီညိုနှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးနှိုးဆော်














ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၅၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကျောက်မြောင်း အောက်တိုဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုး ရာသီ၌ မြေပဲ ၂၅၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုး ရာသီ၌ မြေပဲ ၁၁၀၁၂ ဧက စိုက်ပျိုး ရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၅၀၅ ဧကထိ စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုး ရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ မြေပဲ ဧက ၁၁၀၀၀ ကျော် စိုက်ပျိုး ဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုး ပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မြေပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုး ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုး စရိတ်၊ အလုပ်သမားခမျာနှင့် မြေဩဇာအပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိ ကြောင်း၊ တစ်ဧကလျှင် တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက် အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှု စီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာ မည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း ဦးစီးမှူး ဒေါ်ပိုထံမှ သိရသည်။ (၂၀၆)



မီးလောင်နေစဉ်တွင် လိုက်နာရန် အချက်များ

၁။ အလွန်အမင်းကြောက်ရွံ့ထိတ်လန့်မှုမဖြစ်ပါနှင့်၊ သတိရှိပါ။တည်ငြိမ်မှုရှိပါ။



၂။ မိမိ ပြင်ဆင်ထားသော မီးသတ် ပစ္စည်းများဖြင့် ငြိမ်းသတ်ပါ။ တစ်ချိန်တည်းတွင် ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။ မီးသတ်ကို အကြောင်းကြားပါ။



၃။ မီးခိုးများ ပြည့်နေသော အခန်းအတွင်းမှလွတ်မြောက်ရာသို့ထွက်ရာတွင် ကြမ်းပြင်ပေါ်တွား သွားပြီးထွက်ခွာပါ။ (ကြမ်းပြင်ပေါ်တွားသွားခြင်းဖြင့် အောက်စီဂျင် ပြတ်လပ် ခြင်းကို ကာကွယ်နိုင်ပြီး ရှူမြင်ကွင်းကို မြင်နိုင်ကာ ထွက်ပေါက်ရှိရာကိုလည်း မြင်သာသောကြောင့်ဖြစ်သည်။)



၄။ မျက်နှာအား မီးလောင်ခြင်းမှ ကာကွယ်ရန်နှင့် မီးခိုးများမရှူမိစေရန် ရေစိုအဝတ်(သို့)လက်နှစ်ဖက်ဖြင့် မျက်နှာကိုကာကွယ် ဖုံးအုပ်ထားပါ။

၅။ မီးသတ်ယာဉ်များအမြန်ရောက်ရှိစေရေး ကူညီဆောင်ရွက်ပါ။

မီးလောင်နေစဉ်တွင်ရှောင်ရှားသင့်သည့် အချက်များ။

၁။ မီးလောင်နေသော အဆောက်အအုံ အတွင်းသို့ ပြန်လည် ဝင်ရောက်ခြင်း မပြုရ။



၂။ မီးလောင်နေစဉ်တွင် ဝင်လမ်း/ထွက်လမ်း ပိတ်ဆို့ခြင်း၊ လူစုခြင်း၊ လမ်းပေါ်တွင် ပစ္စည်းများချထားခြင်း မပြုလုပ်ရ။



၃။ အထပ်မြင့်တိုက်များတွင် မီးလောင်နေစဉ် ခုန်ချခြင်း မပြုလုပ်ရ။(အရေးပေါ် ထွက်ပေါက်ကိုအသုံးပြုပါ။)



မီးမလောင်စေရန်ရှောင်ရှားသင့်သည့်အချက်များ

၁။ မီးလောင်လွယ်သည့် ပစ္စည်းများကို အိမ်တွင်း နှင့် အနီးတစ်ဝိုက်တွင် သိုလှောင်ထားခြင်းမပြုရ။






၂။ ကလေးများ၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ၊ အိုမင်း မစွမ်းသူများကို မီးခြစ်၊ဖယောင်းတိုင်ကဲ့သို့ မီးလောင်မှု ဖြစ်ပေါ် စေနိုင်သော ပစ္စည်းများ အသုံးမပြုစေရ။

၃။ ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ အမွှေးတိုင်တို့ကို အောက်ခံခွက် (အပူခံခွက်) မပါဘဲ အသုံးမပြုရ။



၄။ ဖယောင်းတိုင်၊မီးခွက်တို့ကို အိပ်ရာ ၊ ခြင်ထောင်၊ နံရံစသည့် မီးလောင်လွယ်သည့်နေရာများနှင့် နီးကပ်စွာ မထွန်းရ။





၅။ နေ့လယ်ခင်း အပူချိန်မြင့်တက်ချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီထည့်ခြင်း၊ ဖလှယ်ခြင်း မပြုရ။

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။



၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ Polytechnic University၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့ ဆက်လက်ကျင်းပသည်။

အားကစားပြိုင်ပွဲများကျင်းပနေမှုကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိန်းကျော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်များ၊ အုပ်ချုပ်သူနည်းပြများ၊ပြိုင်ပွဲဝင်အားကစားသမားများ

စာမျက်နှာ ၂၂ ကော်လံ ၄ ◆

ရွှေဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပုဂံရှုခင်းအလှအပများကို ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ Hot Air Balloon ဖြင့် ပျံသန်းလိုက်ပါစီးနင်း၍ ကြည့်ရှုခံစား

မန္တလေး အောက်တိုဘာ ၂၆

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများ၊ ဘုရားဖူးများ အေးချမ်းပျော်ရွှင်စွာသွားလာလည်ပတ်မှုများဖြင့် စည်ကားများပြားလျက်ရှိပြီး Hot Air Balloon ပျံသန်းစီးနင်း၍ နေထွက်ချိန်အလှအပများကို ဝေဟင်ထက်မှ ကြည့်ရှုခံစားကြသည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက ရွှေစည်းခုံဘုရား အလိုတော်ပြည့်စာသင်တိုက်အနီး Hot Air Balloon လွှတ်တင်ရေးကွင်းသို့ ရောက်ရှိပြီး နေထွက်ချိန် ပုဂံ၏ ရှုခင်းအလှအပများကို Hot Air Balloon ဖြင့် ပျံသန်းလိုက်ပါစီးနင်းမည့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များကို နှုတ်ဆက်စကားများပြောကြားခဲ့သည်။ စာမျက်နှာ ၂၂ ကော်လံ ၁ ☆



နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံသားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆို



ရှေ့တန်းပြန် နိုင်ငံသားကောင်း တပ်မတော်သားများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် အောက်တိုဘာ ၂၆

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကယားပြည်နယ် ဘောလခဲမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ဆရာ၊ဆရာမများ၊

စာမျက်နှာ ၂၂ ကော်လံ ၄ ✱

အာရှမသန်စွမ်းသူများအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၆

ဂျပန်နိုင်ငံ နာဂိုယာမြို့တွင် အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်ထိ ကျင်းပခဲ့သည့် ငါးကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ

စာမျက်နှာ ၂၂ ကော်လံ ၁ ●





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ငါးထပ်အဆောက်အအုံကို စက်ယန္တရားဖြင့် စနစ်တကျဖြိုချဖျက်ဆီးနေမှု မှတ်တမ်းဓာတ်ပုံ။

ရွှေကုက္ကိုလ်နယ်မြေဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ငါးထပ် အဆောက်အအုံတစ်လုံးကို ဖြိုချဖျက်ဆီး၊ ကျန်ရှိသည့် တရားမဝင် အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၆

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့်အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများအများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများကို

စာမျက်နှာ ၂၃ ကော်လံ ၁ ■